ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် စတင်တည်ထောင်သည်
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ (13-5-2014) (၇၈၃၉)

"အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာစေရန်နှင့် ဒေသတွင်း ဆက်နွယ်မှု မြှင့်တင်လာစေရန် အာဆီယံလမ်းမကွန်ရက်၊ စင်ကာပူ-ကူမင်းရထားလမ်း ချိတ်ဆက်မှု၊ အာဆီယံတစ်ခုတည်းသော လေကြောင်း ပျံသန်းရေးဈေးကွက်အပေါ် ကနဦးဆောင်ရွက်မှုများ ပြီးစီးမှုအပါ အဝင် ကောင်းမွန်သေချာပြီး စဉ်ဆက်မပြတ်သော ဘက်စုံသယ်ယူ ပို့ဆောင်ရေးကွန်ရက် ပိုမိုကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းသွားရန် ကတိကဝတ်ပြု"

အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အာဆီယံစည်းလုံးညီညွတ်မှုသည် အဓိကကျ

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သော အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်

အာဆီယံထိပ်သီးအစည်းအဝေးနှင့်ပတ်သက်သည့် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ကို မေ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များဖြစ်သော မိမိတို့သည် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အရေးပါပြီးအကျိုးရှိသော ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းအချိန်မီပေါ်ပေါက်လာရေး၊ အာဆီယံအင်စတီကျူးရှင်းများမြှင့်တင်ရေးနှင့် ၂၀၁၅ ခုနှစ်လွန်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံခေါင်းဆောင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများအား မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၂

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယမန်နေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာစံပြကေ(၁၀၀) စိုက်ခင်းစခန်း၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်သည့်မြေယာများအား မူလပိုင်ရှင်များထံ ယာယီပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်က လယ်ယာမြေများ ပြန်လည်ပေးအပ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ပုသိမ်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မြောင်းမြခရိုင်အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့် မြေများအား တောင်သူများထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၃-၅-၂၀၁၄၊ အင်္ဂါနေ့

သဘာဝဘေးအန္တရာယ် ရန်ပုံငွေ

မိမိတို့နိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်ကြီး ကိုးမျိုးရှိကြောင်း သိရသည်။ ယင်းတို့မှာ မီးဘေး၊ ရေဘေး၊ ဆိုင်ကလုန်း၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှား၊ တောမီး၊ မုန်တိုင်းဒီရေတို့ဖြစ်ကြသည်။

၎င်းတို့အနက် မီးဘေးအန္တရာယ်သည် နွေ၊ မိုး၊ ဆောင်းမရှောင် တစ်နိုင်ငံလုံးအနှံ့ရှိနေတတ်ပြီး ရေဘေးကား မြစ်၊ ချောင်းများနှင့် နီးစပ်ရာဒေသများ အထူးသဖြင့် မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသည်။ ဆိုင်ကလုန်း၊ ဆူနာမီမုန်တိုင်း ဒီရေအန္တရာယ်ကား ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတစ်လျှောက် အမြဲလိုလို ကြုံတွေ့နေရမြဲဖြစ်သည်။ မိုးခေါင်ရေရှား၊ ပူပြင်းခြောက်သွေ့ရာသီတွင် တောမီးအန္တရာယ်သည် ကြုံတွေ့ရမြဲဖြစ်၏။

အထူးသဖြင့် မိုးခေါင်ရေရှားသည့်ဒဏ်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် နှစ်စဉ်ခံနေရမြဲဖြစ်သည်။ ယခု မိုးမခေါင်ပါဘဲလျက် ရေရှားသည့်ဒဏ်ကို မိုးများဒေသများဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအပြင် မိုးများ၊ မိုးနည်းဒေသမရွေး သောက်သုံးရေအခက်အခဲကြုံတွေ့လာနေရသည်။ တောမီးကား တောင်ပေါ်ဒေသများတွင် အဖြစ်များသည်။ တချို့ဒေသများတွင် မဆင်မခြင်တောမီးကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ မီးထဲပါသွားရသည်။ ငြိမ်းသတ်ရန်ကြိုးစားရင်း တချို့အသက်ပေးခဲ့ရသည့်သာဓက ချင်းပြည်နယ်မှာ ရှိခဲ့ဖူးပါသည်။

ငလျင်ဘေးဒဏ်နှင့်ပတ်သက်လျှင် အဓိက ငလျင်ဒဏ်ကျရောက်နိုင်သည့် နေရာများမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ဖြစ်ကြောင်းသိရသည်။ နိုင်ငံနှင့်တစ်ဝန်းသည်လည်း ငလျင်စက်ကွင်းနှင့်မလွတ်ကင်းနိုင်ပါ။ တုန်ခါလှုပ်ခတ်မှုအရှိန်အဟုန်ကို အနည်းအများခံကြရသည်သာ။

မြေပြိုမှုကိုကား မြစ်ဝှမ်းဒေသများ၊ တောင်ပေါ်ဒေသများတွင် ကြုံတွေ့ရတတ်သည်။ အထူးသဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်နိုင်ကြောင်း သိရသည်။ ဤသို့ဖြင့် တိုင်းဒေသကြီးအလိုက် ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်ကြီးကိုးမျိုးကို နေရာဒေသ၊ ရာသီအလိုက် ဖြစ်ပေါ်တတ်မှုစာရင်းနှင့်တကွ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သိရသည်။

မိမိတို့နိုင်ငံတွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြီးခုနစ်ခုဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်း လူဦးရေ ၁၃၈၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။ လူနေအိမ်များ၊ ကျွဲ၊ နွား၊ လယ်ယာစိုက်ခင်းများ ဆုံးရှုံးသည့်စာရင်း မပါရှိသေးပေ။ မိမိတို့နိုင်ငံ၏ နှစ်စဉ်ကြုံတွေ့ရမြဲ သဘာဝဘေးအန္တရာယ်ကိုးမျိုးအပြင် နောက်ထပ်အန္တရာယ်တစ်ခု ထပ်တိုးလာသည်။ ဆိုင်ကလုန်းမုန်တိုင်းမဟုတ်သော မိုးဦးကာလဖြစ်ပေါ်မြဲ "မိုးသက်လေပြင်း" ဖြစ်သည်။ မည်ရွေ့မည်မျှဆိုးကျိုးသက်ရောက်စေသည်ကို နေ့စဉ်သတင်းစာကြည့်ရုံနှင့်သိနိုင်သည်။ မိမိတို့နိုင်ငံအနှံ့မှာ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည်။ အချိန်တိုအတွင်းမှာ ကြိုတင်ပြင်ဆင်ချိန်မရ၊ အလူးအလဲခံနေကြရသည်။ မိုးသက်လေပြင်းသည် မိမိတို့နိုင်ငံအတွက် သဘာဝကလက်ဆောင်ပေးထားသည့် ဆယ်ခုမြောက် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်လာနေသည်။

မိုးသက်လေပြင်းဒဏ်ခံရပြီဆိုလျှင် အချိန်ဆိုင်းနေ၍မရ။ ချက်ချင်းပြင်နိုင်မှ၊ မိုးကထက်ကြပ်မကွာလိုက်ပါလာပြီ။ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များအားလုံး ဝိုင်းကူဒါနပြုကြသည်။ လတ်တလော နမူနာတစ်ခုမှာ ဟင်္သာတမြို့နယ် ခြင်ဘိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ရှစ်ရွာမှ ပြိုကျအမိုးလန်အိမ်ထောင်စု ၁၁၂ စုနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့ကို အချိန်မီ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်လျက် တိုင်းဒေသကြီးအပါအဝင် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ ဝိုင်းဝန်းထောက်ပံ့ပေးကြမှုသတင်းကို ဖတ်လိုက်ရသည်။ မိမိတို့ မြန်မာလူမျိုးများ၏ ကုသိုလ်ရေးလက်မနှေးတတ်ကြမှု နမူနာကောင်းတစ်ခုဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှာလည်း မိုးသက်လေပြင်းဒဏ်ခံပြည်သူများအား အားလုံးက ဝိုင်းဝန်းကူညီပေးသွားကြမည်မှာသေချာသည်။

တစ်ဖက်မှာ ယခုလို လိုအပ်ချိန်၊ မောင်တစ်ထမ်း မယ်တစ်ရွက်၊ တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းပံ့ပိုးပေးကြသလို မြို့နယ်အလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစည်းထားသည့် သဘာဝဘေးအန္တရာယ်အရေးပေါ် "ရန်ပုံငွေ"ကလည်း မရှိမဖြစ်သောအရာဖြစ်ပါသည်။ သို့မှသာ ကူပါ၊ ကယ်ပါ မည်သူ့ကိုမျှ လက်ဝါးဖြန့်စရာမလိုဘဲ ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်နေရာ၊ ကိုယ့်ဒေသအရေးကို ကိုယ့်ရေ၊ ကိုယ့်မြေသဘာဝနှင့် ကိုက်ညီကာ ကူညီပံ့ပိုး အကျိုးဆောင်ပေးနိုင်မည်။ ဤသည်ပင် မြန်မာတို့၏ ဘာသာတရားအဆုံးအမအောက်မှပင် ကိုယ့်ဗီဇစိတ်ရင်းစေတနာမှန်ပင် မဟုတ်ပါလော။ ။

ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးခရိုင်အတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်တွေ့ဆုံ

မန္တလေး မေ ၁၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့သည် မန္တလေးခရိုင်အတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ယမန်နေ့ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊ မန္တလေးမြို့ရှိလူငယ်များသည် အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် ပါဝင်၍ လူမှုရေးလုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်ပေးနေသည်ကိုတွေ့မြင်ကြားသိရ၍ အားရဝမ်းသာ ဂုဏ်ယူပါကြောင်း၊ ယခုထက်ပို၍ လူငယ်များ လူမှုရေးအသင်းအဖွဲ့များတွင် ပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုးပြည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထုကောင်းစားစေရန် လုပ်ငန်းဆောင်ရွက်မှုတူရာတူရာအသင်းအဖွဲ့များ စုပေါင်းပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အင်အားပိုမိုကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မန္တလေးခရိုင်အတွင်းရှိ လူမှုရေး ပရဟိတအသင်းများမှ တာဝန်ရှိသူများက မိမိတို့အသင်းများမှ လူမှုရေးလုပ်ငန်းများ၏ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အသင်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

	ရန်ကုန်	မေ ၁၂	
ရန်ကုန်	ရွှေဈေး	၆၆၂၇၀၀ -	၆၆၃၇၀၀
မန္တလေး	ရွှေဈေး	၆၆၂၅၀၀ -	၆၆၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၃. ၂
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၄၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၄၆၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၇. ၄၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၇၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၃. ၆၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၈၁၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၀. ၀၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၉. ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

PUN HLAING HOSPITAL
မှန်ပြောင်းဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
Laparoscopic Gastrointestinal Surgery

Email : enquiry.phh@spa.com.mm

❋ အာဆီယံမှ

အာဆီယံအသိုက်အဝန်းအတွက် မဟာဗျူဟာရည်မှန်းချက်တစ်ရပ် ပေါ်ပေါက်လာရေးတို့အတွက် မိမိတို့အလေးထားဆွေးနွေးခဲ့ကြကြောင်း၊ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ကြပြီး အာဆီယံ၏ပြည်ပဆက်ဆံရေး ပိုမိုကျယ်ပြန့်ခိုင်မာလာရေးအတွက် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း။

မိမိတို့သည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရာတွင် အာဆီယံစည်းလုံးညီညွတ်မှု အရေးပါပုံကို အလေးထားခဲ့ကြကြောင်း၊ နိုင်ငံရေးအရ ညီညွတ်သော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်ယူသော အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အာဆီယံစည်းလုံးညီညွတ်မှုသည် အဓိကကျသည်ကို အသိအမှတ်ပြုခဲ့ကြောင်း။

မိမိတို့သည် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အာမခံချက်ပေးမည့် စည်းကမ်းအခြေပြု အသိုက်အဝန်းတစ်ခုပေါ်ပေါက်ရန်ကြိုးပမ်းမည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေးနယ်ပယ်၌ အာဆီယံ၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သဟဇာတဖြစ်ပြီး တူညီသောစံနှုန်းနှင့် တန်ဖိုးများပေါ်ပေါက်ရန် ကြိုးပမ်းမည်ဟု ကတိပြုခဲ့ကြကြောင်း၊ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်မြှင့်တင်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့တွင် အတူတကွပါဝင်ဆောင်ရွက်ရန် ထပ်လောင်းကတိပြုခဲ့ကြကြောင်း၊ ယင်းကဲ့သို့ပါဝင်ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်စာတမ်းပါ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားမှု၊ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းမှု၊ ပြည်တွင်းရေး၌ ဝင်ရောက်မစွက်ဖက်မှုဟူသော အခြေခံမှုများကို လိုက်နာကြမည်ဟု ကတိပြုခဲ့ကြကြောင်း။

မိမိတို့ဒေသတွင်းအခွင့်အလမ်းများစွာ ရှိနေလင့်ကစား များပြားသည့်စိန်ခေါ်မှုများလည်း ရှိနေသည်ကိုသိရှိသဘောပေါက်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသကို စိန်ခေါ်နိုင်ဖွယ်ရှိသော အနာဂတ်ပြဿနာများနှင့်ပတ်သက်ပြီး အင်ဒို-ပစိဖိတ်ဒေသ၌ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ ကြိုးပမ်းမှုကို မိမိတို့ကြိုဆိုခဲ့ကြကြောင်း။

၂၀၀၇ ခုနှစ်က ပေါ်ပေါက်ခဲ့သော အာဆီယံ ပဋိညာဉ်စာတမ်းကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရရှိခဲ့သည့်အပေါ် မိမိတို့ဝမ်းမြောက်ကျေနပ်ခဲ့ကြကြောင်း၊ ထို့အတူ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း စီမံကိန်း(APSC)၏ အောင်မြင်မှုများကိုလည်း မိမိတို့အသိအမှတ်ပြုခဲ့ကြောင်း။

အပြန်အလှန်ယုံကြည်မှုနှင့်ပိုင်နိုင်စိတ်ချမှု တည်ဆောက်ရေးအတွက် စစ်တပ်အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို မိမိတို့အလေးထားပါကြောင်း၊ ထို့အတူ လူကုန်ကူးမှုများ၏ သဘောသဘာဝ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဒေသတွင်းရှိ ယင်းလူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အရေးပေါ်လိုအပ်ချက်ဖြည့်ဆည်းပေးရန်လည်း မိမိတို့ထပ်လောင်းအတည်ပြုခဲ့ကြောင်း။

မိမိတို့သည် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ အာဆီယံ+၃ ဖိုရမ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားကြောင်း၊ ထိုဖိုရမ်သည် ပြည်သူ့အုပ်ချုပ်မှု၏ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုမြှင့်တင်ရေး၊ အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးအတွက် ဒေသတွင်း၌ တရားစီရင်ရေးနှင့် ဥပဒေပြုရေးစနစ်များတွင် ပွင့်လင်းမြင်သာမှုမြှင့်တင်ရေးကိုလည်း အထောက်အကူပြုမည်ဟု မိမိတို့ယုံကြည်ကြောင်း။

မိမိတို့သည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းစဉ်၌ အာဆီယံပါလီမန်များဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး(AIPA)၏ သိသာထင်ရှားသော အထောက်အကူပြုမှုကို ကြိုဆိုသလို (AIPA) ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီဆွေးနွေးပွဲများကိုလည်း ကြိုဆိုကြောင်း၊ အစည်းအဝေး၌ အကြံပြုချက်များကို ဆက်လက်အရေးယူဆောင်ရွက်သွားရန် သက်ဆိုင်ရာဝန်ကြီးများအား တာဝန်အပ်နှင်းထားကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ လာအိုပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် (၃၅)ကြိမ်မြောက်(AIPA)အစည်းအဝေး၏ ရလဒ်များကို မိမိတို့စောင့်မျှော်လျက်ရှိကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းပေါ်ထွန်းရေးအတွက် လူငယ်နှင့်အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအပါအဝင် သက်ဆိုင်ရာအာဆီယံလုပ်ဖော်ကိုင်ဖက်များနှင့် မိမိတို့အကြားညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို အသိအမှတ်ပြုကြောင်း။

အာဆီယံအသိုက်အဝန်းဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအားလုံးသည် မိမိတို့၏ပြည်သူများနှင့် နောင်လာနောက်သား မျိုးဆက်သစ်များအတွက် လက်ဆုပ်လက်ကိုင်ပြသော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ရေရှည်အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးမည်ဟု မိမိတို့သဘောတူခဲ့ပြီးဖြစ်ကြောင်း။

ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများရှိနေလင့်ကစား အာဆီယံစီးပွားရေးအနေအထားသည် ခိုင်မာတောင့်တင်းလျက်ရှိသည်ကို မိမိတို့အသိအမှတ်ပြုထားကြောင်း၊ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ၌ သိသာထင်ရှားသောလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရေးအတွက် နိုးနိုးကြားကြားလုပ်ဆောင်ကြရန် မိမိတို့သဘောတူခဲ့ကြကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရာတွင် အကောက်အခွန်နှင့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် မိမိတို့ ကြိုဆိုသည့်အပြင် အာဆီယံအကောက်အခွန် အကူးအပြောင်းစနစ်၏ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းလည်ပတ်ရေးကိုလည်း မိမိတို့ရည်ရွယ်ထားကြောင်း၊ အာဆီယံစုပေါင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ်(CIS)ဆိုင်ရာ မူဘောင်တစ်ခုထူထောင်ရေးအတွက် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့်အတူ အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ်၏ ဖြစ်ထွန်းတိုးတက်မှုကို မိမိတို့အသိအမှတ်ပြုပါကြောင်း။

မိမိတို့သည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းများ၏ အထောက်အကူပြုမှုကို အသိအမှတ်ပြုလျက် SME လုပ်ငန်းအဖွဲ့၏ SME မဟာဗျူဟာလုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့် အာဆီယံ SME ဝန်ဆောင်မှုဗဟိုဌာန ထူထောင်မှုတို့တွင် ရရှိသည့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြိုဆိုပါကြောင်း။

ကွာလာလမ်ပူမြို့တော်တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော (၃၅)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအဆင့် အစည်းအဝေး(AMAF)၊ (၁၃)ကြိမ်မြောက် အာဆီယံ+ ၃ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအဆင့်အစည်းအဝေး(AMAF+3)နှင့် သုံးကြိမ်မြောက် အာဆီယံ-အိန္ဒိယ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအဆင့် အစည်းအဝေး(AIMAFF) ၏ အောင်မြင်သော ရလဒ်ကို ကြိုဆိုပါကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံမှ လက်ခံကျင်းပမည့် (၃၆)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအဆင့် အစည်းအဝေး(AMAF)ကိုလည်း ကျင်းပခွင့်ရရှိရန် မျှော်လင့်ပါကြောင်း။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်မှုနှင့်ပတ်သက်ပြီး တုံ့ပြန်ရာတွင် အာဆီယံ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများ၏ အရေးပါပုံကို ထပ်လောင်းအတည်ပြုပါကြောင်း၊ ထိုအရာနှင့် ပတ်သက်ပြီး ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုကို အထောက်အကူပြုသော ရာသီဥတုဒဏ်ခံ စိုက်ပျိုးရေးစနစ်(CSA)ကို အသုံးပြုရန် သဘောတူညီပြီးဖြစ်ပါကြောင်း။

ဘရူနိုင်းဆောင်ရွက်မှုစီမံချက်(BAB) နှင့် အာဆီယံ ပို့ဆောင်ရေးမဟာဗျူဟာစီမံချက်(ATSP) ၂၀၁၁-၂၀၁၅ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်ပြီး အားရကျေနပ်ပါကြောင်း။

အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာစေရန်နှင့် ဒေသတွင်းဆက်သွယ်မှုမြှင့်တင်လာစေရန် အာဆီယံလမ်းမကွန်ရက်(AHN)၊ စင်ကာပူ-ကူမင်းရထားလမ်း ချိတ်ဆက်မှု (SKRL)၊ အာဆီယံတစ်ခုတည်းသော လေကြောင်းပျံသန်းရေးဈေးကွက်(ASAM) အပေါ် ကနဦးဆောင်ရွက်မှုများ ပြီးစီးမှုအပါအဝင် ကောင်းမွန်သေချာပြီး စဉ်ဆက်မပြတ်သော ဘက်စုံသယ်ယူပို့ဆောင်ရေးကွန်ရက် ပိုမိုကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းသွားရန် ကတိကဝတ်ပြုကြောင်း ထပ်လောင်းအတည်ပြုပါကြောင်း။

အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာမြောက်စီမံချက်(ATSP) အကောင်အထည်ဖော်ဆောင်မှုအပေါ် ဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုပြီး စဉ်ဆက်မပြတ် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်မှုများကိုလည်း ချီးကျူးပါကြောင်း။

အာဆီယံဘက်စုံပေါင်းစည်းရေး(AIA)၏ အရေးပါမှုကိုလည်း ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရာတွင် အောင်မြင်စေရန်နှင့် အာဆီယံနှင့်ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံများအကြား ဖွံ့ဖြိုးမှု၊ ကွာဟချက်ကျဉ်းမြောင်းလာစေသော စကြံတစ်ခုအဖြစ် အသိအမှတ်ပြုပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရန် အာဆီယံမူဘောင်(AFEED) ၏အရေးပါမှုကို အသိအမှတ်ပြုလက်ခံရာတွင် အာဆီယံသည် မျက်မှောက်ကာလတွင် ဒေသတွင်းညီမျှသော စီးပွားရေးဖွံ့ဖြိုးမှုအဆင့်လမ်းကြောင်းအတွက် စောင့်ကြည့်သော ကိရိယာတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းဖော်ပြခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်နှင့် အာဆီယံပေါင်းစည်းမှုနှင့် အသိုက်အဝန်းတည်ဆောက်ရာတွင် အထောက်အကူပြုသော အာဆီယံဆက်သွယ်မှုမဟာစီမံချက်(MPAC)အကောင်အထည်ဖော်ဆောင်မှုအပေါ် ဖြစ်ပေါ်တိုးတက်မှုကိုလည်း ကြိုဆိုပါကြောင်း။

အာဆီယံဆက်သွယ်မှုမဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်မှုအပေါ် အထောက်အကူပြုလျက်ရှိသော အာဆီယံဆက်သွယ်မှု ညှိနှိုင်းဆောင်ရွက်မှုကော်မတီ၏ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း။

အာဆီယံပေါင်းစည်းရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကိုအသိအမှတ်ပြုရာတွင် စီးပွားရေးပေါင်းစပ်မှုတိုးတက်လာစေရန်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) ၂၀၁၅သို့ ဦးတည်ရာတွင် အာဆီယံ ကနဦးဆောင်ရွက်ချက်များအပေါ် အထောက်အကူပြုရန် အာဆီယံစီးပွားရေးအကြံပေးကောင်စီ(ASEAMBAC)၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းဖြင့် ပါရှိသည်။

(သတင်းစဉ်)

☆ ရွှေဘိုမှ

မြေယာ ၃၁၅၅၈ ဒသမ ၀၆ ဧကကို တောင်သူ ၃၁၁၀ ဦးသို့ လည်းကောင်း၊ ဟသ်ာတခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေယာ ၃၇၄ ဒသမ ၆၆ ဧကကို တောင်သူ ၈၈ ဦးသို့လည်းကောင်း၊ မြောင်းမြခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေယာ ၁၆၂ ဒသမ ၁၇ ဧကကို တောင်သူ ၄၅ ဦးသို့ လည်းကောင်း၊ မအူပင်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေယာ ၃၄၄၇ ဒသမ ၉၁ ဧကကို တောင်သူ ၆၄၂ ဦးသို့လည်းကောင်း၊ ဖျာပုံခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေယာ ၅၄၃ ဒသမ ၉၇ ဧကကို တောင်သူ ခုနစ်ဦးသို့လည်းကောင်း၊ လပွတ္တာခရိုင်အတွင်း ပြန်လည်စွန့်လွှတ် မြေယာ ၃၂၀ ဒသမ ၀၃ ဧကကို တောင်သူ ၆၂ ဦးသို့ လည်းကောင်း ယာယီလုပ်ကိုင်ခွင့်ပုံစံ(၃)လွှဲပြောင်းပေးအပ်ရာ ကိုယ်စားလှယ်တောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် မြေယာလက်ခံရရှိသည့် မူလပိုင်ရှင်များကိုယ်စား တောင်သူဦးစိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံသို့ စိုက်ပျိုးရာသီအမီပေးအပ်နိုင်ရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားမျှတလွတ်လပ်၍ ပွင့်လင်းမြင်သာမှုတို့ကို အခြေခံကိုင်စွဲ ကျင့်သုံးလျက်ရှိပါကြောင်း၊ ဥပဒေရှုထောင့်၊ လူမှုရေးရှုထောင့်များမှ နည်းလမ်းပေါင်းစုံစဉ်းစား၍ အမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်၊ ခိုင်မာ၊ မြန်ဆန်သည့်နည်းလမ်းများအား အကြံပြုပေးလာပါကလည်း ကြိုဆိုပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လယ်ယာကုန်ထုတ်စွမ်းရည်ကို မြှင့်တင်ပေးရေး၊ ထွက်ရှိလာသည့်သီးနှံများအတွက် ဈေးကွက်ခိုင်မာမှု ရရှိစေရေးကိစ္စများကို မေးမြန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧက(၁၀၀)စံပြစိုက်ကွင်းအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီ၏ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်ရာ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုးက တိုင်းဒေသကြီးအတွင်း သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နှင်းလွင်က အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်း ဆက်လက်ဆောင်ရွက်သွားမည့်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စား SME Agencies များ အသက်ဝင်စေရေး ကိစ္စများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပါဝင်ပတ်သက်သူအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုသိမ်မြို့တွင်း လှည့်လည်ကြည့်ရှုကာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး သိုလှောင်ရုံများသို့သွားရောက်၍ အရေးပေါ် အခြေအနေများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီသွားနိုင်စေရန်အတွက် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် အစားအသောက်များ ထုပ်ပိုးထားရှိမှု၊ အသင့်ပြင်ဆင်ထားမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပုသိမ်စက်မှုဇုန်ရှိ DIG အထည်ချုပ်စက်ရုံသို့ရောက်ရှိရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းလက်က စက်ရုံနှင့်ပတ်သက်သည့်အချက်အလက်များအား ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတသည် Hakers အထည်ချုပ်စက်ရုံသို့ ရောက်ရှိရာ စီမံမန်နေဂျာ ဒေါ်ငွေးမေက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုအခြေအနေနှင့် ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

Delta Industrial Group (DIG) ကုမ္ပဏီအနေဖြင့် ပုသိမ်စက်မှုဇုန်တွင် ရင်းနှီးတည်ဆောက်သူအဖြစ် ၂၀၁၂ ခုနှစ်မှစတင်၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခဲ့ရာ DIG အထည်ချုပ်စက်ရုံအား ပြည်တွင်းရင်းနှီးငွေ ကျပ် ၁၃၆၀၆ သိန်းဖြင့်လည်းကောင်း၊ Hakers အထည်ချုပ်စက်ရုံအား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းဖြင့် လည်းကောင်း တည်ဆောက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင်ပြီးစီး၍ လုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ တည်ဆောက်ဆဲအထည်ချုပ်စက်ရုံသုံးရုံနှင့် တည်ဆောက်ရန်လျာထားသော အခြားစက်မှုလုပ်ငန်းဆယ်ခုကိုလည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆောင်ရွက်ပြီး အထည်ချုပ်စက်ရုံနှစ်ရုံမှ အလုပ်သမား ၃၅၀၀ အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ထပ်မံဆောက်လုပ်မည့်စက်ရုံများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

တောင်ဆူဒန်အစိုးရနှင့် သူပုန်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးကြပြီ

ဂျူဘာ မေ ၁၂

တောင်ဆူဒန်သမ္မတနှင့် သူပုန်ခေါင်းဆောင်တို့သည် ငါးလနီးပါးကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းစစ်ကိုအဆုံးသတ်ကြမည်ဟု သန္နိဋ္ဌာန်ပြုလျက် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုက ၎င်းတို့၏ ကတိကဝတ်ကို အလျင်အမြန် အကောင်အထည်ဖော်ရန် နှစ်ဖက်စလုံးကိုတိုက်တွန်းခဲ့သည်။

သမ္မတဆော်လ်ဗာကီယာနှင့် သူပုန်ခေါင်းဆောင် ရိတ်မာချာတို့သည် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်၍ အတူတကွဆုတောင်းခဲ့ကြကြောင်း၊ စာချုပ်ကိုလက်မှတ်ရေးထိုးပြီး ၂၄ နာရီအတွင်း ရန်လိုသောအပြုအမူများ ချက်ချင်းရပ်ဆိုင်းကြရန် သဘောတူညီခဲ့ကြကြောင်း စေ့စပ်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် အရှေ့အာဖရိက ဒေသဆိုင်ရာအဖွဲ့ အိုင်ဂျီအေဒီမှ ဆီယွန်မက်စ်ဖင်က ပြောကြားသည်။

တောင်ဆူဒန်သမ္မတ ဆော်လ်ဗာကီယာ(ဝဲ)နှင့် သူပုန်ခေါင်းဆောင် ရိတ်မာချာတို့ အပစ်အခတ်စာချုပ်လက်မှတ်ရေးထိုးပြီး လဲလှယ်နေကြစဉ်။

ကုလသမဂ္ဂက တောင်ဆူဒန်အား သတိပေးခြင်းနှင့်အတူ ကမ္ဘာ့ခေါင်းဆောင်များက အပြင်းအထန် ညှိနှိုင်းပေးခြင်းဖြင့် အဆိုပါအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လမ်းပွင့်

ယနေ့တောင်ဆူဒန် နိုင်ငံအတွင်း တိုက်ပွဲများချက်ချင်းရပ်ဆိုင်းရန်နှင့် ကြားဖြတ်အစိုးရဖွဲ့စည်းရေး ညှိနှိုင်းရန် သဘောတူညီခြင်းသည် တောင်ဆူဒန်နိုင်ငံ၏ အနာဂါတ်အတွက် လမ်းပွင့်စေမည့်လက္ခဏာဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီကပြောသည်။

အေအက်ဖ်ပီ။

မြို့တော်ပေကျင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်မှု တိုက်ဖျက်ရေး လေ့ကျင့်ကြစဉ်။

မြို့တော်ပေကျင်း၌ လုံခြုံရေးတင်းကျပ် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်

ပေကျင်း မေ ၁၂

တရုတ်နိုင်ငံတစ်ဝန်းရှိ သယ်ယူပို့ဆောင်ရေး အချက်အချာနေရာများ၌ အကြမ်းဖက်တိုက်ခိုက်မှု သုံးကြိမ် ပေါ်ပေါက်ခဲ့ပြီးနောက် မြို့တော်ပေကျင်း၌ လုံခြုံရေး တင်းကျပ်နိုင်ရန် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များက ကင်းလှည့် စောင့်ကြပ်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁၂ ရက်တွင် သတင်းထုတ်ပြန် သည်။

ရပ်ရွာအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး အထူးတာဝန်အရ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင် ၁၅၀ ကို မြို့တော်ရှိ အဓိကကျသော လမ်းဆုံ၊ လမ်းခွများ၌ ဖြန့်ကြက်ထားသည်။

တရုတ်နိုင်ငံ ကူမင်း၊ အူရောင်ကီနှင့် ကွမ်ကျိုးမြို့တို့ရှိ ဘူတာရုံများအနီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တိန်အန်မင်ရင်ပြင် နှစ်ပတ်လည်နေ့မတိုင်မီ အကြိုကာလတွင် မြို့တော်ပေကျင်း၌ လုံခြုံရေး တင်းကျပ်ခြင်း ဖြစ်သည်။

ပေကျင်းရှိ အဓိကကျသော လမ်းဆုံများ၌ ရဲကင်းများချထားသည်။ ရဲကင်းတစ်ခုလျှင် ၃ကီလိုမီတာ (၁ ဒသမ ၈ မိုင်) ပတ်လည် ဧရိယာကို လွှမ်းခြုံသဖြင့် အကယ်၍ အကြမ်းဖက်မှု ပေါ်ပေါက်လာပါက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သုံးမိနစ်အတွင်း တုံ့ပြန်နိုင်စွမ်းရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုစဉ်အတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များသည် မြို့တော်ပေကျင်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်သစ်တစ်ရပ်မှာ ဓာတ်ဆီအမြောက်အမြား ဝယ်ယူသူများအနေဖြင့် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ထံမှ ခွင့်ပြုချက်ရယူရန် အာဏာပိုင်များက ညွှန်ကြားလွှာ ထုတ်ပြန်ခြင်းဖြစ်သည်။

မှတ်ပုံတင်

အကယ်၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဓာတ်ဆီ ဝယ်ယူခြင်းဖြစ်ပါက စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုင်စင် မိတ္တူနှင့် တာဝန်ခံ ဝယ်ယူသူ၏ ကိုယ်ရေး အချက်အလက်များကို ရဲတပ်ဖွဲ့က မှတ်ပုံတင်ထားရှိမည် ဖြစ်သည်။ **ဆင်ဟွာ။**

ယီမင်တွင် လက်နက်ကိုင်အရပ်သား နှစ်ဦးကို အမေရိကန်အရာရှိနှစ်ဦးက ပစ်သတ်ခဲ့ဟုဆို

ဆာနာ မေ ၁၂

ယီမင်နိုင်ငံ မြို့တော်ဆာနာတွင် အမေရိကန်အရာရှိနှစ်ဦးသည် ၎င်းတို့ကိုပြန်ပေးဆွဲရန် ကြိုးစားကြသော လက်နက်ကိုင်ဆောင်ထားသည့် အရပ်သားနှစ်ဦးကို ပစ်သတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ယင်းသို့ပစ်ခတ်မှုဖြစ်ပွားပြီးနောက် မကြာမီ ၎င်းအရာရှိနှစ်ဦးကို ယီမင်နိုင်ငံမှပြန်လည်ခေါ်ဆောင်ခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ယီမင်နိုင်ငံ၌ ဧပြီ ၂၉ ရက်နေ့တွင် အယ်လ်ခိုင်ဒါအဖွဲ့ကို အစိုးရတပ်က စတင်ထိုးစစ်ဆင်ပြီးနောက် တင်းမာမှုများဖြစ်ပွားနေစဉ် အဆိုပါပစ်ခတ်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဧပြီ၂၄ရက်နေ့တွင် ဆာနာမြို့တော်၌ဖြစ်ခဲ့သော ပစ်ခတ်မှုတွင် ပါဝင်သော အမေရိကန်သံရုံးမှ အရာရှိနှစ်ဦးမှာ အမေရိကန်ပူးတွဲအထူးစစ်ဆင်ရေးတပ်မှ ဒုတိယဗိုလ်မှူးကြီး တစ်ဦးနှင့် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)မှ အရာရှိတစ်ဦးတို့ ဖြစ်ကြောင်း "နယူးယောက်တိုင်း(မ်) သတင်းစာ" က ဖော်ပြသည်။

အမေရိကန် အရာရှိနှစ်ဦးသည် လျှို့ဝှက်စစ်ဆင်ရေးထမ်းဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံခြားသားများ ကျက်စားရာရပ်ကွက်၌ ဆံပင်ညှပ်နေကြခြင်းဖြစ်ကြောင်း သို့သော် ၎င်းတို့မည်သည့်လုပ်ငန်းလုပ်ဆောင်နေကြသည်မှာ ရှင်းလင်းတိကျစွာမသိရသေးကြောင်း အမေရိကန်တာဝန်ရှိသူများက သတင်းစာသို့ ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယီမင်ကာကွယ်ရေး ဝန်ကြီးဌာနက နိုင်ငံခြားသား တစ်ဦးသည်၎င်းကို ပြန်ပေးဆွဲရန် ကြိုးပမ်းသည့် သေနတ်သမားနှစ်ဦးကို ပစ်သတ်ခဲ့ကြောင်း၊ သို့သော်မည်သည့် နိုင်ငံသားများပါဝင်သည်ကိုမူ ထုတ်ဖော် ပြောဆိုခြင်းမပြုပေ။

လုံခြုံရေးတပ်ဖွဲ့ကမူ နိုင်ငံခြားသားမှာ ရေနံထုတ်လုပ်ရေးလုပ်ငန်းမှ ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း သေနတ်သမားနှစ်ဦးမှာ ဆာနာမြို့အရှေ့ပိုင်းမှ ယီမင်နိုင်ငံသားများဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ။**

တောင်အာဖရိက ရွေးကောက်ပွဲရလဒ်ကို မကျေနပ်၍ ဆန္ဒပြမှုများ ဖြစ်ပေါ်

ဂျိုဟန်နစ္စဘတ် မေ ၁၂

တောင်အာဖရိကနိုင်ငံတွင် ပြီးခဲ့သည့်ရက်ပိုင်းက ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ရလဒ်အပေါ် မကျေနပ်သဖြင့် ကန့်ကွက် ဆန္ဒပြခဲ့ကြသူများကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ရာ လူပေါင်း ၆၀ နီးပါး ဂျိုဟန်နစ္စဘတ်မြို့တွင် ဖမ်းဆီးခံခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဆန္ဒပြမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ရဲများသည် ရော်ဘာကျည်ဆန်များကို အသုံးပြုခဲ့ကြောင်း၊ ဆန္ဒပြသူများမှာ အလက်ဇန္ဒားမြို့ကို မီးရှို့ရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ ရဲချုပ် မာလီလာက မီးရှို့ဖျက်ဆီးရန် ကြိုးစားမှုများ ငြိမ်းချမ်းစွာဖြင့် တားဆီးနိုင်ခဲ့ကြောင်း၊ ၎င်းတို့အား လာမည့်မေလ ၁၂ ရက်နေ့တွင် တရားရုံး၌ စွဲချက်တင်တော့မည်ဖြစ်ကြောင်း အတည်ပြုပြောဆိုခဲ့သည်။ တောင်အာဖရိကနိုင်ငံတွင် အကျင့်ပျက်လာဘ်စားမှုများနှင့် စီးပွားရေးအခက်အခဲ ဖြစ်ပွားမှုနှုန်းမြင့်နေလျက်ရှိသော်လည်း လက်ရှိအာဏာရပါတီဖြစ်သော အာဖရိက အမျိုးသားကွန်ဂရက်ပါတီ (အေအန်စီ)ကသာ ဆက်လက် အနိုင်ရရှိခဲ့ပြီး ဆန္ဒမဲပေးသူ၏ ၆၂ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်ဟု သိရသည်။

ဒီမိုကရက်တစ်မဟာမိတ်များ ပါတီမှာ ဆန္ဒမဲပေးသူ၏ ၂၂ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။ တောင်အာဖရိက ပါလီမန်တွင် လွှတ်တော်အမတ်နေရာ ၄၀၀ အတွက် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး ဆန္ဒမဲပေးရန် ပေးခွင့်ရှိသူ၏ ၇၃ ရာခိုင်နှုန်းက မဲပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံတွင် အမျိုးသားကွန်ဂရက်ပါတီမှာ နှစ်ပေါင်း ၂၀ ကြာ အစိုးရအဖြစ် တာဝန်ယူလျက်ရှိနေသည်။ သို့သော် တောင်အာဖရိက သမ္မတဂျက်ကော့ဇူးမားမှာ ၎င်း၏နေအိမ်ကို နိုင်ငံ့ဘဏ္ဍာငွေသုံး၍ တည်ဆောက်မှုများကြောင့် ဝေဖန်မှုများ ကြုံတွေ့လျက်ရှိနေသည်။ **စီအင်န်အင်န်။**

ယူကရိန်း အရှေ့ပိုင်း ဒွန်းနက်စ်ဒေသ၌ လူထုဆန္ဒခံယူပွဲတွင် မဲပေးရန် ပြည်သူများ ဆန္ဒမဲများ ထုတ်ယူကြစဉ်။

ခွဲထွက်ရေးလှုပ်ရှားမှု လူထုဆန္ဒခံယူပွဲ ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ကျင်းပ

ကီယက်ဗ် မေ ၁၂

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသများ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲများတွင် မိမိတို့အောင်ပွဲခံသည်ဟု ရုရှားလိုလားသော သူပုန်များက ထုတ်ပြန်ကြေညာလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ဒေသ နှစ်ခု၌ ခွဲထွက်ရေး လှုပ်ရှားမှုနှင့် ဆက်နွယ်နေသော လူထုဆန္ဒခံယူပွဲ များသည် ဥပဒေနှင့် ညီညွတ်မှုမရှိ ကြောင်း၊ ယူကရိန်းနိုင်ငံ၌ တရားဝင် နိုင်ငံတော်အာဏာ ရရှိထားသော အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်ရန် ကြိုးပမ်း နေခြင်းဖြစ်ကြောင်း ယူကရိန်း ခေါင်းဆောင် အိုလက်ဆန်ဒါတာ ချီနော့ဗ်က ဝေဖန်ပြောကြားသည်။

သို့ရာတွင် ယင်းလူထုဆန္ဒခံယူ ပွဲများ၏ရလဒ်ကို မိမိတို့ လေးစား လိုက်နာမည်ဟု ရုရှားအစိုးရက တုံ့ပြန်ပြောကြားသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း စက်မှု လုပ်ငန်းဒေသဖြစ်သော ဒွန်းနက်စ် ဒေသနှင့် လူဟန့်စ်ဒေသတို့၌ မေ ၁၁ ရက်က လူထုဆန္ဒခံယူပွဲများ ကျင်းပ ခဲ့သည်။

ယူကရိန်းနိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေး ရယူလိုခြင်း ရှိ/မရှိ ဆန္ဒဖော်ထုတ်နိုင်ရန် လူထုဆန္ဒခံယူပွဲ များ ကျင်းပခဲ့ရာတွင် မဲဆန္ဒရှင် သုံးသန်းကျော်၏ ၉၀ ရာခိုင်နှုန်းက လွတ်လပ်ရေးရရှိရန် လိုလားသည်ဟု ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်း တွင်ဖော်ပြသည်။ **ရိုက်တာ။**

, ifvyfESifh; pnf;usK;d xbESifh;jy ó em ra&&m

ထိုင်းနိုင်ငံ၏ (၂၈) ဦးမြောက် ဝန်ကြီးချုပ်ဖြစ်သူ အသက် (၄၆) နှစ်ရှိ ယင်လပ်ရှင်နာဝါထရာသည် နှစ်နှစ်နှင့် ကိုးလကြာမျှ အာဏာရရှိခဲ့ပြီးနောက် မေ ၇ ရက်တွင် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

အာဏာအလွဲသုံးမှုဖြင့် အပြစ်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းသည် ရွေးချယ်တင်မြှောက်ခံဝန်ကြီးချုပ်တစ်ဦးအတွက် “နိုင်ငံရေးတိမ်းမှောက်မှု”ဟု ဆိုနိုင်ပေလိမ့်မည်။

ယင်လပ်၏ အစ်ကို သက်ဆင်ရှင်နာဝါထရာအား စစ်တပ်က သွေးထွက်သံယိုမှုမရှိသော အာဏာသိမ်းမှုဖြင့် ဝန်ကြီးချုပ်ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် ၎င်းအား ထောက်ခံသူများနှင့် ကန့်ကွက်သူများအကြား ရှစ်နှစ်ကြာမျှ နိုင်ငံရေးအရ ရန်သတ္တရုပြုမှု ပေါ်ပေါက်ခဲ့ပြီး ယင်လပ်မှာ အာဏာပျက်ကြွေရပြန်သည်။ သက်ဆင်သည် အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးမှုနှင့် ဘုရင်စနစ်ကို မထီမဲ့မြင်ပြုမှုတို့ဖြင့် စွပ်စွဲခံခဲ့ရပြီး လပေါင်းများစွာကြာမြင့်သည့် ဆန္ဒပြမှုများကို ရင်ဆိုင်ခဲ့ရသည်။

ယင်လပ်ကျူးလွန်ခဲ့သည်ဟုဆိုသော ပြစ်ချက်မှာ အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ သာဝီပလီယန်ဆရီ အား ၂၀၁၁ ခုနှစ်တွင် ရာထူးနေရာ ရွှေ့ပြောင်းခဲ့မှုဖြစ်သည်။ ဤသို့ဖြင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ ယောက်ဖတော်စပ်သူ ပရီပန်းဒါမာပွန်းအတွက် ရာထူးနေရာလမ်းပွင့်သွားခဲ့သည်ဆို၏။

ယင်လပ်သည် အဖွဲ့အစည်းများ၏ အကြီးအမှူးရာထူးနေရာများကို ပြောင်းရွှေ့နိုင်ခွင့်ရှိသည်ဟု တရားရုံးတော်က လက်ခံသော်လည်း သည်ယုန်မြင်၍ သည်ချုံထွင်ခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ နီတိကျင့်ဝတ်အရ မလုပ်ထိုက်ဟုလည်း သုံးသပ်ခဲ့သည်။

ယင်လပ်အား ရာထူးမှဖယ်ရှားလိုက်ခြင်းနှင့်ပတ်သက်၍ ဥပဒေပညာရှင်အချို့က ဝေဖန်ရှုတ်ချကြသည်။

“ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အဓိပ္ပာယ်မရှိတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ တရားသူကြီးတွေက အုပ်စိုးတဲ့ အစိုးရအဖွဲ့စနစ် (Juristocracy) တစ်ရပ်လို့ ဆိုနိုင်တယ်”ဟု ဗန်ကောက်ရှိ ဆိုင်ယမ်တက္ကသိုလ် ဥပဒေကောလိပ်မှ ဒုတိယမဟာဌာနမှူး အက်ကာချိုင်းချိုင်းနူဗာတီက ပွင့်ပွင့်လင်းလင်းဝေဖန်သည်။

ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂ ရက်ကကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ် ပျက်ပြယ်သည်ဟု တရားရုံးက မတ်လတွင် ဆုံးဖြတ်ခဲ့ခြင်းမှာလည်း ယင်လပ်အတွက် နိုင်ငံရေးအရ ပွတ်တိုက်ခံရမှုဖြစ်ခဲ့သည်။ ယင်းရွေးကောက်ပွဲ၌ အာဏာရ ပွေ့ထိုင်းပါတီအောင်ပွဲဆင်နိုင်လင့်ကစား ပြည်သူ့ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကော်မတီ (ပီဒီအာရ်စီ)မှ အစိုးရ ဆန့်ကျင်ရေးဆန္ဒပြသူများက ရွေးကောက်ပွဲပျက်ပြားအောင် နှောင့်ယှက်ခဲ့ကြသည်ဟု တရားရုံးက ကောက်ချက်ချခဲ့သည်။ အတိုက်အခံဒီမိုကရက်ပါတီက ထောက်ခံသော ပီဒီအာရ်စီမှ ဆန္ဒပြသူများက အာဏာရပွေ့ထိုင်းပါတီကို ဖြုတ်ချနိုင်ရန် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ဗန်ကောက်ရှိ လမ်းများကို ပိတ်ဆို့ခဲ့ကြပြီး အစိုးရအဆောက်အအုံများကို သိမ်းပိုက်ခဲ့ကြသည်။

တရားရုံး၏ မေ ၇ ရက် ဆုံးဖြတ်ချက်ပေါ်ထွက်လာခဲ့ပြီးနောက် မေ ၉ ရက်တွင် စုဝေးဆန္ဒပြရန် ပီဒီအာရ်စီ၏ ခေါင်းဆောင် ဆူသက်သွန်ဆူဘန်းက ဆော်ဩခဲ့သည်။ အစိုးရအဖွဲ့၏ လက်ကျန်ဝန်ကြီးများ နုတ်ထွက်ပေးရသည်အထိ မီးကုန်ယမ်းကုန်ဆန္ဒပြကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

ယခုအခါတွင်မူ ပွေ့ထိုင်းပါတီမှာ အာဏာရှိသေးသည်ဟု ဆိုနိုင်သော်လည်း အလွန်အမင်း အင်အားချည့်နဲ့ခဲ့ရပြီး လုပ်လီလုပ်လဲ့ လျှောက်လှမ်းနေရချေပြီ။

မိမိအပြစ်ကင်းစင်သည်ဟု ယင်လပ်ကဆိုသော်လည်း ဥပဒေအရ တရားဝင်ဖြစ်မှုအတွက် စိန်ခေါ်နိုင်ခြင်း မရှိတော့ပြီ။

“တရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ အာဏာသိမ်းမှုပုံစံသစ်ဖြစ်တယ်”ဟု ပွေ့ထိုင်းပါတီ၏ ဥပဒေပါရဂူ ဘိုကင်ဘာလာကူလာက သတ္တုချသည်။

ဟုပ်ခနဲ ရာထူးစွန့်လွှတ်ရသူ ယင်လပ်၏နေရာတွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နိဝပ်သမ်ရွန်းဘွန် ဆောင်ပိုင်ဆန်က တာဝန်ယူရန် ဝန်ကြီးအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ၎င်းမှာ သက်ဆင်၏ စီးပွားရေးလုပ်ငန်း လုပ်ဖော်ကိုင်ဖက်ဟောင်းဖြစ်ပြီး အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဖြစ်လာသည်။

ထိုင်းနိုင်ငံ၌ ဇူလိုင် ၂၀ ရက်တွင် ရွေးကောက်ပွဲသစ်ကျင်းပရန် ရက်သတ်မှတ်လိုက်သော်လည်း ရွေးကောက်ပွဲကို ဒီမိုကရက်တို့က သပိတ်မှောက်ဖွယ်ရှိနေပြန်သည်။ ထိုစဉ်အတွင်း ပစ်မှတ်တစ်ခုတည်းကို မြားနှစ်စင်းဖြင့် ပစ်ခွင်းသည့်ပမာ ပြည်သူ့ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးကော်မတီကလည်း ရွေးကောက်ပွဲပျက်အောင် နှောင့်ယှက်မည်ဟုဆိုသည်။ ဤသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးအနေဖြင့် ရွေးကောက်ပွဲရလဒ်ကို နောက်တစ်ကြိမ်ပယ်ဖျက်ရမည့်ကိန်း ဆိုက်ပေအံ့ဟု နိုင်ငံရေးဟူးရားများက ဟောကိန်းထုတ်ကြပေဦးမည်။

ထိုစဉ်အတွင်း ယင်လပ်မှာ မထောက်ထား၊ မငဲ့ညှာသော ကံကြမ္မာကို ယိုးမယ်ဖွဲ့ရမလိုဖြစ်ရပြန်သည်။ နိုင်ငံတော် အဂတိလိုက်မှုတိုက်ဖျက်ရေးကော်မရှင်က နိုင်ငံတော်၏ ဆန်စပါးဝယ်ယူရေး စီမံကိန်းတစ်ရပ်နှင့်ပတ်သက်၍ ယင်လပ်တာဝန်ပေါ့ဆမှုရှိသည်ဟု မေ ၈ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အဆိုပါစီမံကိန်းသည် ထိုင်းနိုင်ငံ၏မြောက်ပိုင်း ကျေးလက်ဒေသများ၌ ရေပန်းစားခဲ့ပြီး တောင်သူလယ်သမားသန်းပေါင်းများစွာ၏ အသည်းကြားမှ မဲပြားများကို ယင်လပ်ရယူခဲ့ရာတွင် အဓိကကျသည်။

အရှုံးပေါ်ခဲ့ရသော ဆန်စပါးဝယ်ယူရေးစီမံကိန်းနှင့်ပတ်သက်၍ ယင်လပ်တွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းကြောင့် ၎င်းအား လွှတ်တော်တွင် ခုံရုံးဖွဲ့၍ ကြားနာစစ်ဆေးရန် သင့်၊ မသင့် အထက်လွှတ်တော်(ဆီးနိတ်)က မဲခွဲဆုံးဖြတ်ပေလိမ့်မည်။

၂၀၁၁ တွင် စတင်ခဲ့သော ဆန်စပါးဝယ်ယူရေးစီမံကိန်းအရ လယ်သမားများအား ဈေးကွက်ပေါက်ဈေးထက် ကျော်လွန်သောနှုန်းဖြင့် ငွေပေးချေခဲ့သဖြင့် ဘဏ္ဍာရေးပြဿနာများ ဗလောင်ဆူခဲ့ရသည်။

အကယ်၍ ဆီးနိတ်က ယင်လပ်အား စွပ်စွဲပြစ်တင်ပါက ၎င်းအနေဖြင့် နိုင်ငံရေးဆိုင်ရာ ရာထူးရယူခြင်းမှ ငါးနှစ်ကြာ ပိတ်ပင်ခံရမည်ဆို၏။ ထိုစဉ်အတွင်း မြို့တော်ဗန်ကောက်၌ နိုင်ငံရေး ပွတ်တိုက်မှုများရှိလာသည်ကို သတိမူမိပါသည်။ လူထုဆန္ဒပြပွဲများမှတစ်ဆင့် အဓိကရုဏ်းများ ပြင်းထန်လာနိုင်ပါသည်။ နိုင်ငံရေးအကွဲအပြဲမှာ ပိုမို၍ ထိလွယ်၊ ရှလွယ်ဖြစ်နိုင်ပါသည်။

အစိုးရဆန့်ကျင်သော အင်အားစုဖြစ်သည့် “ရှပ်ဝါဝတ်” မြို့ကြီးသား ဆန္ဒပြသူများက တစ်ဖက်၊ အစိုးရလိုလားသော “ရှပ်နီဝတ်” ကျေးတောသားများနှင့် အလုပ်သမားအလွှာဝင်များကတစ်ဖက် နိုင်ငံရေးအက်ကြောင်း၏ တစ်ဖက်တစ်ချက်စီမှ အင်အားပြကြဦးမည့်အရေး နိမိတ်ပုံထင်မိပါသည်။

နိုင်ငံရေးအရ နာတာရှည်အကျပ်အတည်းဆိုက်မှု၏ရလဒ်အဖြစ် နိုင်ငံရေးစည်းကျိုးကာ စည်းဝါးမကိုက်ဖြစ်နေကြသော အင်အားစုများအကြား ကျားနှင့်ဆင် လယ်ပြင်တွင်တွေ့ဘိအလား ထိပ်တိုက်တွေ့လာပါက နတ်သံနှောပြီး ပြောဆိုသံများ ကြားရပေဦးမည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၅-၂၀၁၄ (အင်္ဂါနေ့)

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၇း၂၅ သင့်အတွက် တစ်နေ့တာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာ ရိုးရာလက်မှုပညာ
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၁၅ အမျိုးသားရေးတေးကဗျာ
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာရီမာ အပိုင်း(၂၆)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြွေလွှာထက်ကတော်ဝင်လက်ရာ အပိုင်း(၂၉)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ Let's Go
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းပန်လျှက်ပါ အပိုင်း(၄၉)
၈း၀၀ မြဝတီ ရုပ်မြင်သံကြားသတင်း
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
- အာဂလူ အပိုင်း(၄၅)



ရာသီပြိုသဃ ကဆုန်လ၊ သွန်းကြညောင်ရေပွဲ

မိုးဆွေအောင်(စွမ်းအင်)

ကဆုန်လသည် မြန်မာပြက္ခဒိန်လများတွင် ဒုတိယလဖြစ်ပြီး နွေဥတုကာလတွင် ကျရောက်သည့် အပြင် နွေရာသီ၏ ဗဟိုအလယ်ကျသော လဖြစ်သဖြင့် **"ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်"** ဟူသော စကားရပ်နှင့်အညီ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲသောလ ဖြစ်ပေသည်။

ယင်းသို့ လကဆုန်၏ အပူရှိန်ပြင်းထန်မှုကြောင့် မြစ်၊ ချောင်း၊ အင်းအိုင်တို့၌ရေများ ခန်းခြောက်ကာ သစ်ပင်ပန်းပင်များ လန်းဆန်းမှုမရှိ၊ ညှိုးနွမ်းလာကြပြီး တန်ခူးလက ရွာသွန်းခဲ့သော ဖက်ဆွတ်မိုးကြောင့် ခေါင်းပြူထွက်လာကြသည့် မြက်နုလေးများသည်လည်း ချစ်ချစ်တောက် ပူပြင်းသော ဤနွေကဆုန်၏ စက်ရိပ်အောက်တွင် အမောက်မထောင်နိုင်ရှာကြဘဲ ညှိုးနွမ်းပျော့ခွေသွားကြရှာပေသည်။

သို့သော် တပေါင်းနှင့်တန်ခူးလများက ရွက်ဟောင်းခြွေ၍ ရွက်သစ်တွေဝေစပြုခဲ့သော တောတောင်တို့သည် တစ်ဖန်ပြန်လည်စိမ်းလန်းလာကြသည်။ မိုးကောင်းကင်ထက်တွင် တစ်ခါတစ်ခါ မင်းလွင်မြူခိုးများ ရစ်သိုင်းအုံ့ဆိုင်းလာတတ်ပြီး မိုးမရွာသော်လည်း မိုးခြိမ်းသံများနှင့်အတူ မိုး၏တပ်လှန့်ချက်အဖြစ် မြေသင်းရနံ့များသည်လည်း ဝန်းကျင်တစ်ခွင်ဝယ် မွှေးပျံ့နေပေတော့သည်။ ဤအခြင်းအရာတို့ကို အကြောင်းပြုလျက် ရှေးတောင်သူဦးကြီးများက "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့ မိုးနံ့နံ့" ဟု မှတ်တမ်းပြုခဲ့ကြပေသည်။

ကဆုန်လ၏ နွေပန်းချီနှင့်စပ်လျဉ်း၍ ကဆုန်လတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်ယှဉ်ပြိုင်ပေါ်ထွက်လာပုံ၊ ရာသီပန်းအနေဖြင့် စံကားဝါပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲဖြစ်ကြောင်း၊ ကောင်းကင်ရှိတိမ်တိုက်များ မရွာဘဲနှင့် ရွာရိပ်ဆင်နေသော မိုးဦးရာသီ၏ အသွင်ကို မလှစ်ပြဘဲ နွေပီပီအပူရှိန်ပြင်းလှကြောင်း စသည်တို့ကို စာဆို မဟာအတုလမင်းကြီးကဝင်း၏ ကဆုန်လဘွဲ့ လွမ်းချင်းတွင် **"မြူခြေယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန် တေဇာကြောင့် ပူဗျာပါကဲတဲ့လကိုလေး။ ရာသီငယ်ပြိုသဃ မဟေသီလဲ ရွှေညီခလို့၊ ပန်းမြစံကားဝါ၊ ဝိသာခါနှင့် တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ၊ လ-ကဆုန် ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး"** ဟူ၍လည်းကောင်း၊ စာဆိုလူဦးမင်းကသူ၏ ကဆုန်လဖွဲ့လေးချိုး၌ ရပ်ရှစ်ခွင်တွင် မိုးတိမ်၊ မိုးသားများ လျှပ်ပန်းလျှပ်နွယ်များ ဆင်လာပြီး ပုညရှင်စေတီ၊ ရှင်ပင်နံ့ကိုင်းစေတီ၊ ရွှေကြက်ကျ၊ ရွှေကြက်ယက်စေတီ ညီနောင်တစ်ဝိုက်တို့၌ မိုးရွာသွန်းပုံကို **"သွတ်သွင်းလေပြည်၊ ခွေလက်ယာလည်သော့ခါ၊ ပန်းရည်ပျော့မိုန်ပြာမှာ၊ တိမ်မိုလာကြွလှိုင်းငယ်နှင့် ရှစ်တိုင်းဆင်ပုံခန့်ပါဘိ၊ သောင်းမြန့်တစ်ခို"** ဟူ၍တစ်ဖုံ၊ **"ဖီလာပုညနံကိုင်းစသည်၊ သီတာ့လက်ရန်း၊ ကြက်နှစ်နန်းက၊ ကွက်ဆန်းလျှပ်ငုံ၊ တသုန်သုန်နှင့်၊ ကုန်ကုန်နွဲ့သီ၊ ကဆုန် ပီကို၊ ရှင်ဦးနတ်ကယ်၊ ငြိမ့်တန်းခြယ်လို့၊ လှယ်တညွန်ညွန်၊ သည်းသို့သာ သွန်တော့တယ်။"** ဟူ၍ တစ်နည်း အသီးသီး စာပန်းချီ ရေးခြယ်ခဲ့ကြသည်။

ဤကဆုန်လကိုပုဂံခေတ်က ကုဆုန်၊ ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်ဟု အမျိုးမျိုး ခေါ်ဝေါ်ရေးသားခဲ့ကြပြီး ဗေဒင်အခေါ်အဝေါ်အားဖြင့် ပြိဿရာသီဟု ခေါ်၏။ ဤလတွင် ဝိသာခါနက္ခတ်သည်လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပ၍ ရာသီရုပ်မှာနွားလားဥသဘရုပ်ဖြစ်၏။ ဤရာသီ၌ စံကားဝါပန်းတို့ဖူးပွင့်ကြသည်။ ဘုရင်နှင့်ပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ ရှိကြ၏။ နေ့တာရှည်၍ ညတာတိုသောရက်စုံလဖြစ်သည်။ ဤသည်ကိုအကြောင်းပြု၍ စာဆိုတော်ဦးပုံးချိုက လေးဆစ်သဖြန်ဖြင့် **"နေနန်းရယ်တဲ့ဖလ်သူရိန်၊ တန်ခိုး ဥဇာဂုဏ်နဲ့၊ ကဆုန်ဟူသည်မာသမှာ၊ ပြင်းပြပူရှိန်၊ ဝိသာခါယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ ငွေတာရိန်ငယ်၊ ဒွတ္တိံသနေ့စွဲ။ ပန်းစံကားဝါ၊ နန်းဘမရာကေသီဆင်လို့၊ ရွှေပြည်ခွင်ဗိုလ်ပါပေါင်းရယ်တို့၊ ငြိမ့်ညောင်းအောင်ထာဝစဉ်ဖြင့်၊ ခါသဘင်ညောင်ရေသွန်းကြတယ်၊ လွမ်းစရာ့ပွဲ။"** ဟုမှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပေသည်။

ကဆုန်လ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင် ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလဟုလည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် ရေသွန်းလ၊ ရေလောင်းလ၊ ရေသွန်းလောင်းသောလ၊ ရေဖျန်းလဟုလည်းကောင်း အသီးသီးကောက်ယူဖွင့်ဆိုကြသည်။

ကဆုန်လပြည့်နေ့သည် **"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်"** ဟုအဆိုအတိုင်း၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်နှင့်ပတ်သက်ပြီး-

(၁) ဘုရားလောင်းသုမေဓာရှင်ရသေ့အနေဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ "ဘုရားစင်စစ်၊ ဧကန်ဖြစ်လိမ့်မည်"ဟုနိယတဗျာဒိတ်ကို ခံယူတော်မူသောနေ့ဖြစ်ခြင်း၊

(၂) ဘုရားလောင်းဖွားမြင်တော်မူသော နေ့ဖြစ်ခြင်း၊

(၃) သစ္စာလေးပါးကိုသိမြင်၍ ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်ပေါက်သောနေ့ဖြစ်ခြင်း၊

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်း။

ဟူသော အလွန်ထူးခြားသည့် ဗုဒ္ဓဝင်မှတ်တိုင်ကြီး များကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးများ ဖြစ်သည့်အားလျော်စွာ ၎င်းကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"** အဖြစ် သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ်ပါဠိတော် ဒေသနာတော်များကို ရွတ်ဖတ်ပြီးအခါတော်နေ့အဖြစ် ခမ်းနားစွာကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ လထူးလမြတ်ကြီးဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြုကြလျက် ဤကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ပင်ဖြစ်ပြီး ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရရှိပါသည်။

ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန်တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားရှင်တို့ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါးဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိဟုခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာသစ်ပင်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်ကြရာ မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်ပါက ဗောဓိပင်ဟူသော အမည်ထူးကိုရရှိပေသည်။ ဂေါတမမြတ်စွာဘုရားရှင်အနေဖြင့် သစ္စာလေးပါး မြတ်တရားကိုသိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ (ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင်သာသနာ၌ ဗောဓိပင်မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့်သဘောရှိသဖြင့် "မဟာဗောဓိပင်" ဟု ခေါ်ဝေါ်ပေသည်။

ယင်းဗောဓိပင်အမည်ရသည့်သစ်ပင်ကား "ကာဠုယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ" ဆိုသည့် ဘုရားရှင်၏ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခြင်း၊ လေးပါးမြတ်တရားတို့ကို သိမြင်တော်မူသည့်နေရာ ဖြစ်ခြင်းတို့ကြောင့် အလွန်ထူးခြားမြင့်မြတ်သည့်သစ်ပင်တို့ဖြစ်ပေရာ ယင်းသစ်ပင်တို့သည် ဗောဓိဉာဏ်ကိုရရှိရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော (ဝါ) အသုံးပြုတော်မူသော သစ်ပင်မျိုးဖြစ်၍ စေတီတော်သုံးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်ပေသည်။

မြန်မာနိုင်ငံသို့ မဟာဗောဓိပင်များ ရောက်ရှိခဲ့သည့် သာခကများနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၅၆၃ ခုတွင် ရေးထိုးခဲ့သော သင်္ကြီးညောင်အုပ်ကျောက်စာ (ကျော ၂-၃)တွင် "က(မ်)န်ပသကူလေပြီအော်၊ ညောင်မိဖုန်" ဟု လည်းကောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြုကြလျက် ဤကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ပင်ဖြစ်ပြီး ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရရှိပါသည်။

ထူးမြတ်လှသောလကဆုန်

✻ ကဆုန်ဆိုတာ
ဆယ့်နှစ်ရာသီ
မြန်မာပြည်ရဲ့
တည်မှီလှပလတစ်လ။

✻ "ကဆုန်လပြည့်
ဗုဒ္ဓ" နေ့ထူး
အမြဲဦးချ
ကြည်နူးရွှင်လန်း စိတ်အေးချမ်း။

✻ ထူးမြတ်ဂုဏ်ဆောင်
ကဆုန်ညောင်ရေ
နောင်အရှည်မှန်း
နိဗ္ဗာန်လမ်းရဲ့ မှတ်ကျောက်တိုင်။

✻ ကဆုန်ပြတင်း
ဖွင့်လှစ်ရင်းကြည့်
သင်းထုံဒါန
ပကာသနမဲ့ကောင်းလေရဲ့။

✻ ကဆုန်ထိုလ
စာသီကဗျာ
ပန်းချီပါဆွဲ
သီချင်းလည်းဆို လွမ်းသလို။

✻ ဒီကဆုန်ပွဲ
တစ်ဖွဲဖွဲပျိုး
လှဝေတိုးဖို့
ပန်းမိုးရွာသွန်းနေတာလေ။

✻ ပြောပြမကုန်၊ ရှုဖွယ်စုံသည့်
ကဆုန်ပုံရိပ်၊ အတွေးစိတ်ကူး
အိပ်မက်ဦးမှာ၊ ကူပြီးပျော်ပေးပါ
ကူပြီးပျော်ပေးပါ မိတ်ဆွေ။

[ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်နေ့သို့ အမှတ်တရ]

ကျော်ဝင်းသက်

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကျင်းပ

နေပြည်တော်　　မေ　၁၂

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူများ လိုအပ်နေသည့် အသေးစားချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်း(၂)ရပ်ကို အကောင်အထည်ဖော်သည့် အခမ်းအနားဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေအခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံအသေးစားချေးငွေကျပ်သိန်းပေါင်း ၂၁၁၂ ဒသမ သုည သိန်းကို ထုတ်ချေးသွားမည်ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၄၂၄ ဒသမ ၀၈ သိန်းရှိ လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၇၃ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း၊ ထို့အတူ တန်ဖိုးငွေကျပ်သိန်းပေါင်း ၈၂ ဒသမ ၂ သိန်းရှိ အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၄၉ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစပြီး ယနေ့အထိ သမဝါယမဝန်ကြီးဌာနက ပြည်သူများအား အရင်းအနှီး ငွေကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ် သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်စက်ကိရိယာအမျိုးမျိုး အရေအတွက်ပေါင်း ၄၇၆၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီဖြစ်ကြောင်း၊ အသေးစားချေးငွေမရရှိကြသေးသော ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက်လည်း ၂၀၁၄ ခုနှစ် မေ နှင့် ဇွန်လတို့တွင် မိုးရာသီလုပ်ငန်းစရိတ်ဖြင့် ချေးငွေကျပ်ဘီလီယံ ၅၀ ကျော်ကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စုဆောင်းငွေများနှင့် လုပ်ငန်းဆောင်ရွက်နိုင်အောင် မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်ကို ထူထောင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားလည်း အမှန်တကယ်တိုးတက်လာမှာဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သမဝါယမအသင်းသားများ၊ အမှုဆောင်များ၊ သမဝါယမဝန်ထမ်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ထားဝယ်ခရိုင်အတွက် ချေးငွေကျပ် ၆၉၃ သိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြိတ်ခရိုင်အတွက် ချေးငွေကျပ် ၁၄၁၉ သိန်းနှင့် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက လယ်ယာသုံးစက်ကိရိယာဆိုင်ရာ စာရွက်စာတမ်းများကို တာဝန်ရှိသူများထံပေးအပ်ကြပြီး အသင်းသားများအား အရစ်ကျစနစ်ဖြင့် ရောင်းချမည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ အပ်ချုပ်စက်များ **(အပေါ်ပုံ)**၊ ဆိုင်ကယ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ဖော်ဆောင်နိုင်ရန်ကြိုးစားမည်

နေပြည်တော်　မေ　၁၂

အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ဖော်ဆောင်သွားရန်ကြိုးပမ်းလျက်ရှိပြီး စီးပွားရေးနှင့် နိုင်ငံရေးများသည် Dynamic Process ဖြစ်သောကြောင့် ဒီဇင်ဘာ ၃၁ ရက်မှာ စတင်သတ်မှတ်ထားသော်လည်း အဆိုပါရက်ကျော်လွန်ပါကလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ပြုလုပ်ကျင်းပသည့် (၂၄) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မီဒီယာများနှင့် တွေ့ဆုံစဉ် ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် လူကြိုက်များလျက်ရှိပြီး နိုင်ငံတကာမှရင်းနှီးမြှုပ်နှံလိုသူနှင့် မြန်မာနိုင်ငံသို့လာရောက်လိုသူ အာဆီယံဒေသတွင်း၌ပင် များပြားလျက်ရှိရာ မြန်မာနိုင်ငံအတွက် စီးပွားရေးအားစနစ်တကျနှင့် လုပ်ငန်းစဉ်အစီအစဉ်အတိုင်းဆောင်ရွက်သွားပါက ပိုမိုကောင်းမွန်လာနိုင်ကြောင်း ဒေါက်တာကံဇော်က ဆက်လက်ပြောကြားသည်။ “အာဆီယံစီးပွားရေးဝန်ကြီးတွေအားလုံးကလည်း လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ညှိနှိုင်းမှုတွေလုပ်မယ်ဆိုတာ သဘောတူပြီးပါပြီ၊ ကျွန်တော်တို့ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို ဖော်ဆောင်ဖို့ ရှေ့လမ်းကြောင်း ခင်းပြီးဖြစ်ပါတယ်”ဟု ၎င်းက ဖြေကြားသည်။

လွတ်လပ်စွာကုန်သွယ်ခွင့် AEC ပေါ်ပေါက်လာပါက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးနှင့်ပတ်သက်သည့် ဥပဒေများဆက်လက်ပြဌာန်းရန်လိုအပ်ခြင်းရှိ၊ မရှိဟူသည့် မြန်မာ့သတင်းစဉ်၏ မေးမြန်းချက်အား “လိုအပ်တဲ့ဥပဒေတို့ နည်းဥပဒေတို့ ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်တဲ့ကိစ္စတွေ ဒီမှာကတော့ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC လို့ဆိုတဲ့အခါမှာ အာဆီယံနိုင်ငံအချင်းချင်း ကုန်စည်များ လွတ်လပ်စွာကူးသန်းသွားလာနိုင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေ လွတ်လပ်စွာ ကူးသန်းသွားလာနိုင်တယ်၊ ဆောင်ရွက်မှုများ ကူးသန်းသွားလာနိုင်တယ်၊ နောက်တစ်ခါ ကျွမ်းကျင်သူများ စာရင်းကိုင်၊ စာရင်းစစ်၊ သူနာပြု၊ ဆရာဝန်၊ ရှေ့နေ အစရှိသည်တို့ ကူးသန်းသွားလာနိုင်တယ်ဆိုတဲ့ တစ်ဆင့်ချင်းတစ်ဆင့် သွားမယ့်သူ့ရဲ့အပိုင်းတွေ ပါပါတယ်။ အဲဒီလို free flow တွေ လုပ်လိုက်တာဖြစ်တဲ့အတွက် ကိုယ့်ဆီကို သူဝင်လာမလား၊ ကိုယ့်ဆီကသူတွေ ထွက်သွားမလားဆိုတဲ့ စိုးရိမ်စရာတွေ အများကြီးရှိပါတယ်။”

“အဲ့ဒီဟာတွေ(free flow) အတွက် ကျွန်တော်တို့ အဆင်သင့်မဖြစ်သေးဘူး။ ကျွန်တော်တို့ဆီဝင်ပြီးပြိုင်လာမှာစိုးရိမ်တယ်။ Technician ဆိုတာကလည်း ဘယ်နိုင်ငံက လုပ်ခများများရမလဲဆိုတာကိုပဲ ကြည့်မှာပါ။ လုပ်ခများများရတဲ့ နိုင်ငံကိုပဲ ကူးသွားမှာပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခြားအာဆီယံနိုင်ငံတွေနဲ့ယှဉ်ရင် လုပ်ခလစာနိမ့်သေးပါတယ်။ လစာနိမ့်တဲ့နိုင်ငံကို အများကြီးဝင်လာဖို့ဆိုတာ ဖြစ်နိုင်ခြေနည်းပါးတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ (SMEs) အတွက်မူ ဥပဒေတွေ ပြဌာန်းပြီးဖြစ်သော်လည်း လိုအပ်သည့် နည်းဥပဒေပြင်ဆင်တာတွေလုပ်ဆောင်သွားမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေသည့်အပေါ်မှာ လည်း စီးပွားရေးလုပ်ငန်းများအနေနှင့်လေးလေးနက်နက် ပါဝင်တက်ရောက်ရန် လိုအပ်ကြောင်း ဖြေကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် ဆက်သွယ်ရေး ကဏ္ဍသည်လည်း အလားအလာအကောင်းဆုံး ကဏ္ဍအဖြစ်ပါဝင်ပြီး နော်ဝေအခြေစိုက် Telenor နှင့် Ooredoo တို့က မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေပြီဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းလွင်က ပြောကြားသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ပထမဆုံးအဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

(ရဲမြတ်နန္ဒာ)

စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ စစ်တွေ၊ မြောက်ဦးနှင့် မောင်တောခရိုင်တို့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

နေပြည်တော်　　မေ　　၁၂

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့နှင့်အတူ မေ ၈ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ စစ်တွေ၊ မြောက်ဦးနှင့် မောင်တောခရိုင်တို့မှ ဌာနဆိုင်ရာများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်းနှင့် အိမ်ရာစီမံကိန်းများ၊ Town Plan ရေးဆွဲခြင်းများ၊ ပြည်သူများ၏နေထိုင်ရေးအတွက် ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏မေးမြန်းဆွေးနွေးချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ဘီးလင်း　　မေ　　၁၂

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်ထွန်းနှင့် မြို့နယ်အထောက်အကူပြုကော်မတီမှ ဦးမောင်မောင်တို့က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ထူးနောင်(ပြန်/ဆက်)

ကျေးလက်ရေရရှိရေး စက်ရေတွင်းလွှဲပြောင်းပေးအပ်

ပဲခူး　　မေ　　၁၂

ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝဂ်ဘော်ကျေးရွာ၌ Golden Hours ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသ ကျန်းမာသန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံ၊ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျငွေကျပ် ၁၆ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။ အဆိုပါ စက်ရေတွင်းအား Golden Hours ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာက ဝဂ်ဘော်ကျေးရွာ ရေရရှိရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၇ ရက်က ယင်းကျေးရွာ ရွှေမင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ကျေးလက်ဦးစီး)

အခြေအနေနှင့် အချိန်အခါအရ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရန်လိုအပ်

ရန်ကုန် မေ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၏ ပထမနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ပထမနေ့ အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီးနှင့်ပြည်နယ် သံဃနာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ မြို့နယ်သံဃနာယက ဆရာတော်များ စုစုပေါင်း ၂၅၅၈ ပါး ကြွရောက်တော်မူကြပြီး ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

နံနက် ၆ နာရီခန့်မှစတင်လျက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာ တော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသ ကြီးနှင့် ပြည်နယ် သံဃနာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ဂိုဏ်းပေါင်း စုံမှ မြို့နယ်သံဃနာယကဆရာတော်များသည် အစည်းအဝေးကျင်းပမည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းသို့ အသီးသီးကြိုတင်ကြွရောက် နေရာယူ သီတင်းသုံးကြသည်။

နံနက် ၇ နာရီခွဲတွင် အစည်းအဝေးသဘာပတိဆရာတော် ၁၀ ပါးနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ၄၇ ပါးတို့အား လိုဏ်ဂူ တော်အတွင်းရှိ သံဃာ့ပလ္လင်ပေါ်သို့ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများ နှင့်အညီ တာဝန်ရှိသူများက ပင့်ဆောင်ကြသည်။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ပထမနေ့အစည်း အဝေးတွင် သဘာပတိအဖြစ် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် [illegible] အစည်းအဝေးသဘာပတိဆရာတော် ၁၀ ပါး၏ ဘွဲ့အမည်စာရင်းကို [illegible] လျှောက်ထားသည်။

ယင်းနောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပမည့် ၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်နှင့် ၁၅ ရက် (၂၀၁၄ ခုနှစ် မေလ ၁၂ ရက်နှင့် ၁၃ ရက်နေ့)များအတွက် အစည်းအဝေးပွဲကြီး၏ အစီအစဉ်များကို အကြမ်းဖျင်းလျှောက်ထား၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ သဘာပတိ နိုင်ငံတော်ဩဝါဒါစရိယ [illegible] ဘဒ္ဒန္တ [illegible] က ဩဝါဒကထာကို မိန့်ကြားတော်မူသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သရုဏီယ ဩဝါဒကထာကို မိန့်ကြားတော်မူသည်။

(မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်၏ သရုဏီယဩဝါဒ ကထာကို စာမျက်နှာ-၉ တွင် ဖော်ပြထားပါသည်။)

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ပြည်တွင်း ပြည်ပ သာသနပြု [illegible]

ဆက်လက်၍ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာ [illegible] ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကို [illegible] ၁၉၈၀ ပြည့်နှစ် မေလတွင် သံဃာတော် ၁၂၁၈ ပါးဖြင့် ကျင်းပခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၉၈၅ ခုနှစ် မေလတွင် ၁၃၈၃ ပါးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၁၉၉၀ ပြည့်နှစ် မတ်လတွင် ၁၄၀၈ ပါးဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၁၉၉၅ ခုနှစ် မတ်လတွင် ၁၄၃၉ ပါးဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ထိုမှနောက်ပိုင်း အကြောင်းအားလျော်စွာ ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့သည်မှာ ၁၉ နှစ်တာ ကာလကြာမြင့်ခဲ့ပါကြောင်း၊ ယခုအခါ အခြေအနေနှင့် အချိန်အခါအရ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရန် လိုအပ်လျက် ရှိလာပါကြောင်း။

မြန်မာနိုင်ငံ၌ လွှတ်တော်ကြီးက ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်သူ အစိုးရအဖွဲ့က အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးအဖွဲ့က တရားစီရင်ရေးမဏ္ဍိုင် ဤသို့မဏ္ဍိုင်(၃)ရပ်ဖြင့် သတ်မှတ်ခဲ့ဝေကျင့်သုံးနေသကဲ့သို့ အမြင့်ဆုံးသံဃာ့ အဖွဲ့အစည်းကြီးတွင်လည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ဥပဒေပြုရေးမဏ္ဍိုင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက အုပ်ချုပ်ရေး မဏ္ဍိုင်၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့များက တရားစီရင်ရေးမဏ္ဍိုင်၊ ဤသို့ အသီးသီးစွဲကိုင်၍ ဆိုင်ရာဆိုင်ရာလုပ်ငန်းကိစ္စအဖြာဖြာကို ဓမ္မဝိနယလာ ဒေသနာဖြင့် ညီညာချင့်တွက်စီမံဆောင်ရွက်လျက်ရှိလေရာ ဇာစ်မြစ်မူလပဘဝ အရင်းခံမှာ ထေရ်သံဃာငါးသိန်းကျော်ပင်ဖြစ်ပါကြောင်း။

ယနေ့ကြွလာ ထေရ်သံဃာအရှင်မြတ်တို့သည် ထေရနဝမဇ္ဈိမခေါ် ငါးသိန်းကျော် သံဃာတော်တို့က ရွေးချယ်တင်မြှောက်အစည်းအဝေး ကြွရောက်တော်မူလာကြခြင်းဖြစ်သဖြင့် ဤဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ချမှတ်သမျှ ဆုံးဖြတ်ချက်အဝဝသည် တစ်သာသနာလုံးရှိ သံဃာထုတစ်ရပ်လုံး ၏ ဆုံးဖြတ်ချက်ပင်ဖြစ်ပါကြောင်း၊ ယနေ့ဆုံးဖြတ်ချက်ချမှတ် အရပ်ရပ်သော အကျိုးရလဒ်များသည်လည်း နှီးအပ်မြင် တိုင်းခွင်ပြည်ဆုံး တစ်မျိုးသားလုံး အတွက်သာမက ကမ္ဘာမြေလွှာ ပထဗျာအဆုံး ဝေနေယျအားလုံးအတွက်ပါ မဟာနိသံသ မဟပ္ဖလ အကျိုးပွားတိုးစေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသံဃာထုအတွင်း၌ စည်းလုံးညီညွတ်မှုမရှိဘဲ အကွဲကွဲ အပြားပြားဖြစ်နေသည်ဟု အချို့ပုဂ္ဂိုလ်များ၏ ပြောဆိုသံများကို ကြားနေရ ပါကြောင်း၊ ယနေ့ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးသို့ သံဃာတော် ၂၅၅၈ ပါးတို့စည်းလုံးညီညာတက်ရောက်တော်မူလာကြသဖြင့် ယင်းပြောဆိုသံများကို ပယ်လှန်ချေဖျက်ပြီးဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း၊ အမှန်စင်စစ် ဤ ၂၅၅၈ ပါးသောသံဃာတော်တို့သည် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ငါးသိန်း ကျော်သော သံဃာတော်တို့ကို ကိုယ်စားပြု၍ တက်ရောက်တော်မူလာကြ ခြင်းဖြစ်သဖြင့် ထေရ်သံဃာတော် ငါးသိန်းကျော်တို့ နိုင်ငံတော်အတွင်း၌ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီမျှသမဂ္ဂသမောဓာနရှိကြကြောင်း ဤ အစည်းအဝေးကြီးက မျက်မြင်ဒိဋ္ဌခိုင်မာသော သက်သေသာဓကအဖြစ် လှစ်ဟသေချာပြသနိုင်ခဲ့ပါကြောင်း။

ယခုအခါ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး(ဗဟို)အဖွဲ့ (မ. ဘ. သ)က မဟာနာယကဆရာတော်ကြီးများထံ ဩဝါဒခံယူခဲ့ရာတွင် အဆိုပါအဖွဲ့၏ လျှောက်တင်စကားသဘောထားကို ဆရာတော်ကြီးများက ကျေနပ်အားရ ဝမ်းမြောက်တော်မူကြ၍ ဩဝါဒစကားပြန်လည်မိန့်ကြားတော် မူခဲ့လေရာ သံဃာထုအတွင်း ညီရင်းအစ်ကိုဖအေနှင့် သားပမာထား၍ စည်းလုံး ညီညာရှိကြသည်မှာ သိသာထင်ရှားလှပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်(မူကြမ်း)ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေး တိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မှ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ က အဆိုတင်သွင်းလျှောက်ထားပြီး အစည်း အဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ အဆိုတင်သွင်းလျှောက်ထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် (မူကြမ်း)နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် သီးခြား ဂိုဏ်းများဖြစ်သော ရွှေကျင်ဂိုဏ်း၊ မဟာဒွါရဂိုဏ်းနှင့် ငှက်တွင်းဂိုဏ်းတို့မှ ကိုယ်စားလှယ်ဆရာတော်များက အသီးသီးဆွေးနွေးတော်မူကြပြီး အစည်း အဝေးပထမနေ့ အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ဂုဏ်ပြုလမ်းဖြတ် မုခ်ဦးများကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေတစ်ဝိုက်ရှိ လမ်းမကြီးများ၌ ခံ့ညားထည်ဝါစွာ စိုက်ထူထားသည်ကိုတွေ့ရှိရသည်။ ထို့အတူ အစည်း အဝေးပွဲကြီးကျင်းပရာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်ပတ်လည်၌ လည်း သာသနာ့အလံများ၊ ပိဋကတ်ကျမ်းတော်လာ တရားဓမ္မ ကောက်နုတ် ချက်စာသားများပါ အလံငယ်များစိုက်ထူထားသည်ကိုလည်း တွေ့မြင်ရသည်။

ယနေ့ကြွရောက်တော်မူလာကြသော ဆရာတော် အရှင်သူမြတ်များအား တစ်နေ့တာဆွမ်းခဲဖွယ် ဘောဇဉ်များကို ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုက လှူဒါန်းကြောင်း သိရှိရသည်။

(သတင်းစဉ်)

နယ်စပ်မြို့ သုံးမြို့တွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများ ထပ်မံဖွင့်လှစ်

နေပြည်တော် မေ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပြည်ပသို့ သွားရောက်လိုသူများပြားလာသည်နှင့်အမျှ သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူဦးရေ ပိုမိုတိုးတက်များပြားလာခြင်းတို့ကြောင့် သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများ အနေဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာမှုများ ရှိစေရန်အတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ စတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်များ တွင် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပသို့သွားရောက်လိုသူများအတွက် ပိုမို၍ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည့် အပြင် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ပြည်ဝင် ဗီဇာသက်တမ်း လေးနှစ်ပြည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ပြည်ဝင်ဗီဇာသက်တမ်းတိုး ပေးနိုင်ရန်နှင့် သာမန်မြန်မာနိုင်ငံကူး လက်မှတ် များ အဆင်ပြေစွာ လျှောက်ထားနိုင်ရန် ထိုင်း- မြန်မာနယ်စပ်ရှိ တာချီလိတ်မြို့၊ မြဝတီမြို့ နှင့် ကော့သောင်းမြို့တို့တွင်လည်း သာမန် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများကို မေ ၇ ရက်မှ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိ သည်။

ယင်းကဲ့သို့ ပြည်ပနိုင်ငံအသီးသီးသို့ သွားရောက် လိုသူများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား အချိန်နှင့် ငွေသက်သာ မှုများရှိစေရန် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော် များတွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံးများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ ပြည်ပ နိုင်ငံအသီးသီးသို့ သွားရောက်လိုသူများသာမက ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် သာမန်မြန်မာနိုင်ငံကူး လက်မှတ်များ လျှောက်ထားခြင်းနှင့်သက်တမ်းတိုး ခြင်းကိစ္စရပ်များ အဆင်ပြေလွယ်ကူစေရန် နယ်စပ် မြို့ သုံးမြို့တွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများ ထပ်မံဖွင့်လှစ်ပေးခြင်းတို့ဖြင့် နိုင်ငံကူးလက်မှတ်များ အဆင်ပြေချောမွေ့စွာ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းကြီးကို ကိုယ်စီကိုယ်င အသီးသီး ဆောင်ရွက်တော်မူကြရာတွင် ကြည်လင်သန့်ရှင်းသောစိတ်ဓာတ်ဖြင့် ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ မိန့်ကြားအပ်သော သတ္တမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ကြီး၏ သမ္မောဒနီယ ဩဝါဒကထာ-

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်၊
၂၀၁၄ ခုနှစ်၊ မေလ (၁၂)ရက်၊ တနင်္လာနေ့

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ ကြွရောက် တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်အရှင်သူမြတ်တို့ဘုရား-

ယနေ့ကျင်းပသော အစည်းအဝေးပွဲကြီးသည် စုပေါင်းညီညာ သာသနာ၏ ဂုဏ်ကိုဆောင်သော ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးပွဲကြီးဖြစ်ပါသည်ဘုရား။ ဤအစည်းအဝေးပွဲကြီးသို့ မြန်မာနိုင်ငံ တော်အတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်/ကျေးရွာ အသီးသီးမှ ဂိုဏ်းပေါင်းစုံနိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမျှုးပြုသော ဆရာတော် သံဃာတော်များသည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးဦးတည်ချက်ကို ပဓာနထားပြီး ကိုယ်စိတ်နှစ်ပါး ပင်ပန်း နွမ်းနယ်မှုကို အလေးထားတော်မမူကြဘဲ ယခုကဲ့သို့ ညီညီညွတ်ညွတ် စုံညီစွာကြွရောက်ချီးမြှင့်တော်မူကြသောကြောင့် "သမဂ္ဂါနံ တပေါသုခေါ" ဒေသနာတော်အရ တပည့်တော်တို့အားလုံး ညီညွတ်မှုဟူသော ချမ်းသာ ကြောင်း အကျင့်မြတ်ကို ဆောင်ရွက်တော်မူကြစေ၍ တပည့်တော်အနေ ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

ဤဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသည် ယခုအကြိမ် အပါ အဝင် ငါးကြိမ်ရှိပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်လာခဲ့သည်မှာ နှစ်အားဖြင့် (၃၄) နှစ်သက်တမ်းသို့ ရောက်ရှိခဲ့ပြီး ရှေ့ကိုလည်း ဆက်လက်ဆောင်ရွက် ရဦးမည်ဖြစ်ပါသည်ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်နှင့်ပတ်သက်၍ လျှောက်ထားရပါလျှင် သဗ္ဗညုဘုရားရှင်သည် သုတ်မဟာဝါ ပါဠိတော်၌-

"က္ကမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ"

"သုဘဒ္ဒ ဤရဟန်းတို့သည် သိက္ခာသုံးရပ်အကျင့်မြတ်ဖြင့် ကောင်းစွာ နေထိုင်ကြပါမူ သတ္တလောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်" ဟု ဟောတော်မူထားပါသည်ဘုရား။ ထို့ကြောင့် အထက်ပါဒေသနာတော်ကို နှလုံးသွင်း၍ တပည့်တော်တို့သည် သိက္ခာသုံးရပ်အကျင့်မြတ်ကို အလေး အမြတ်ထား၍ ကျင့်နေကြခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ တပည့်တော်တို့သည် မိမိတို့ဒေသရှိ ဗုဒ္ဓဘာသာဝင်သူတော်စင် ဒါယကာ/ ဒါယိကာမများအသီးသီးသော ဥပတ္ထမ္ဘကအဖွဲ့၊ သာသနာနုဂ္ဂဟ အဖွဲ့များ နှင့် ဆရာ-ဒကာအချင်းချင်း တိုင်ပင်ညီညွတ်ကြကုန်၍ သာသနာတော်မြတ် ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် "ပဂ္ဂဟ၊ နိဂ္ဂဟ"နှစ်ပါးသော ကံတို့ကို ဟောပြောညွှန်ပြဆောင်ရွက်တော်မူကြခြင်းတို့ကို လှုံ့လစိုက်ထုတ် ရွက်ဆောင်တော်မူကြပါရန် ရှေးဦးစွာလျှောက်ထားလိုပါသည်ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

အကြံပြုတင်ပြလာသည့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း စသည်များမှ ဤအစည်းအဝေးပွဲကြီးနှင့်ပတ်သက်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)အခန်း (၂၇)၊ အပိုဒ်(၂၂၀၊ ၂၂၁)တို့အရ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်များသည် ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြပြီး အပိုဒ်(၂၂၂၊ ၂၂၃)တို့အရ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့က ဆက်လက်တင်ပြအပ်သော သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း(မူကြမ်း) ကို ဤအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များက လိုအပ်သလိုဆောင်ရွက်ပြီး ဤအစည်းအဝေးပွဲကြီးက အတည်ပြုပေးရမည်ဖြစ်ပါသည်ဘုရား။ ဤကိစ္စ နှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးဆောင်ရွက်ကြရာတွင်-

"သမဂ္ဂါ ဟောထ ဘဒ္ဒန္တာ၊ မာ တုမှေ ဝဂ္ဂဘေဒကာ။
မေတ္တံ ကရောထ အညောညံ၊ ကရုဏံ မုဒိတံ သဒါ။

ဟူသောအဆုံးအမဒေသနာတော်အရ တပည့်တော်အချင်းချင်း အငြင်းမပွားကြ၊ အုပ်စုမကွဲကြကုန်ဘဲ အချင်းချင်း ပြဟ္မစိုရ်တရားထားကာ သာသနာတော်တစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် လူနတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အားထားကိုးကွယ်ရာ ဓမ္မရတနာ အဆုံးအမ သာသနာဖြစ်ပါသည်ဘုရား။ တပည့်တော်တို့သည် သာသနာတော် အတွင်းနေ အရှင်မြတ်များဖြစ်ကြ၍ တပည့်တော်၏သာသနာတော် အပေါ်၌ ညီညီညွတ်ညွတ်ဆောင်ရွက်ကြခြင်းသည် လူနတ်ပြဟ္မာသတ္တဝါ အပေါင်းတို့၏ ကြီးပွားချမ်းသာကြောင်းဖြစ်သည်ကို သဗ္ဗညုမြတ်စွာဘုရား ရှင်သည်-

"ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ဖြစ်ပေါ်လာသည်ရှိသော် လူအများအစီးအပွားရှိရန်၊ လူအများချမ်းသာရန်၊ လူအများအကျိုး ရှိရန်၊ နတ်လူတို့ အကျိုးစီးပွားရှိရန် ချမ်းသာရန်ဖြစ်၏၊ တစ်ခုသော တရားသည် အဘယ်နည်း၊ သံဃာညီညွတ်မှုတည်း"

ဟု က္ကတိဝုတ်ပါဠိတော်၌ ဟောတော်မူထားပါသည်ဘုရား။

ဤသို့ သဗ္ဗညုတဘုရားရှင် ဟောတော်မူထားသည့်အတိုင်း တပည့် တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှုရှိတော်မူကြခြင်းကြောင့် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးပေါ်ပေါက်ခဲ့ပါသည်ဘုရား။ ဂိုဏ်း ပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး အရှည်တည်တံ့နေမှလည်း ဓမ္မကိုအဓမ္မ၊ ဝိနယကို အဝိနယပြုကြသော သာသနာ့ရန်သူများကို သုတ်သင်ရှင်းလင်း နိုင်မည်ဖြစ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားနေမှလည်း လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ ချမ်းသာသုခ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် သံဃာ တော်များ၏ညီညွတ်မှုသည် လူ့ပြည်သာမက နတ်ပြည်၊ ဗြဟ္မာပြည်အထိ ညီညွတ်မှု၏အကျိုးဖြစ်သော ချမ်းသာကိုရရှိခံစားနိုင်ကြောင်း ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ အနုဂ္ဂဟော။
သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ န ဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတိ။

သံဃာညီညွတ်ခြင်းသည် ချမ်းသာကြောင်းတည်း၊ ညီညွတ်သော သံဃာတို့အား ချီးမြှောက်ခြင်းသည်လည်း ချမ်းသာကြောင်းတည်း။ သံဃာ ညီညွတ်မှု၌ အားပေးမွေ့လျော်မှန်ကန်သော ဓမ္မ၌ရပ်တည်သော ပုဂ္ဂိုလ် သည် ယောဂကုန်ရာ နိဗ္ဗာန်တရားမှ မလျော့ကျ၊ မဆုတ်ယုတ်နိုင်၊ သံဃာ ကို ညီညွတ်အောင်ပြုမှုခြင်းကြောင့် (ထိုပုဂ္ဂိုလ်သည်)နတ်ပြည်၊ ဗြဟ္မာပြည်၌ အာယုကပ်ပတ်လုံး ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ရ၏ဟု ဟောတော်မူခဲ့ပါ သည်ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သာသနာတော် တစ်ရပ်လုံး၏အကျိုးစီးပွားအတွက် အမြဲလိုအပ်ပါသဖြင့် ယင်းသံဃာ့အဖွဲ့ အစည်းများအမြဲရှင်သန်ကြီးထွားတိုးတက်နေစေရန် သံဃာတော်များ၏ ညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်တော်မူကြရန် လျှောက်ထား ပါသည်ဘုရား။

ဤပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ဝေဖန်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရမည်၊ ဆွေးနွေးဆုံးဖြတ်ရမည်ဟူသော သံဃာ့ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)အခန်း(၂၂)၊ အပိုဒ်(၁၈၀၊ ၁၈၅)တို့အရ တပည့်တော်တို့သည် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းကြီးကို ကိုယ်စီကိုယ်င အသီးသီးဆောင်ရွက် တော်မူကြရာတွင် ကြည်လင်သန့်ရှင်းသော စိတ်ဓာတ်ဖြင့် ဆောင်ရွက် တော်မူကြပါ အရှင်သူမြတ်တို့ဘုရား။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ

ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူထားသည့်အတိုင်း ကြည်လင်သော စိတ်စေတသိက်ဖြင့် ပြောဆိုပြုလုပ်ကြပါလျှင် ချမ်းသာသုခအဝဝသည် အရိပ်ပမာဆရာတော်များနောက်သို့ အစဉ်လိုက်ပါလိမ့်မည်ဘုရား။

သို့ပါသောကြောင့် အမှန်တရားကိုညစ်နွမ်းစေတတ်သော မောဟ၊ လောဘ၊ ဒေါသ၊ မာန၊ က္ကဿာ မစ္ဆရိယ စသော အကုသိုလ်တရားဆိုးများ ကင်းစင်စေ၍ သဒ္ဓါဝီရိယ သတိ သမာဓိပညာ ဗိုလ်တရားများကို ဦးစီးစေ သော သာသနာပြုလိုစိတ်၊ သန့်ရှင်းကြည်လင်သော စိတ်တို့ဖြင့် ဗုဒ္ဓ သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စတို့ကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း တပည့်တော်၏ သမ္မောဒနီယ ဩဝါဒကထာကို နိဂုံးချုပ် အပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒေသခံတိုင်းရင်းသားပြည်သူများ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့်အတူ တတ်စွမ်းသမျှ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၁၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်နှင့်အတူ မေ ၉ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် မင်းစမောင်းကျေးရွာ၌ ဒေသခံ တိုင်းရင်းသားပြည်သူလူထုနှင့် တွေ့ဆုံပြီး ဒေသခံ တိုင်းရင်းသားပြည်သူများက မိမိရပ်ရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝန်ကြီးဌာနနှင့်အတူ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ မိမိရပ်ရွာ ဖွံ့ဖြိုးရေးနှင့် မိသားစုအပိုဝင်ငွေရရှိရေးအတွက် ကျေးလက်လူငယ်များ ဖွဲ့စည်းပြီး ၎င်းတို့အား လုပ်ငန်းခွင်လက်တွေ့သင်တန်း များ ဖွင့်လှစ်သင်ကြားပေးကာ ၎င်းတို့မှတစ်ဆင့် ဒေသခံ ပြည်သူများသို့ အသိပညာများဖြန့်ဝေပေးသွားမည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွင်းဆင်းအဖွဲ့မှ တာဝန်ရှိသူများက မိသားစုအပိုဝင်ငွေရရှိရေး၊ သား/ငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးပေးနေမှုအခြေအနေများ နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြစ်သည့် စာသင်ခုံများ၊ ကျေးလက်ဆေးပေးခန်းပြုပြင် နိုင်ရန်အတွက် ဘိလပ်မြေအိတ်များ၊ ကျေးရွာ ဓမ္မာရုံ အမိုးအကာပြုပြင်နိုင်ရေးနှင့် ရွာအဝင်မြောင်းကူးလမ်း များတွင် ကွန်ကရစ်ပြွန်များတပ်ဆင်နိုင်ရေး ပံ့ပိုး ဖြည့်ဆည်းပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ် သည်။

ဆက်လက်၍ ရခိုင်တိုင်းရင်းသားမျိုးနွယ်စု "သက်" တိုင်းရင်းသားများနေထိုင်ရာ သက်ကိုင်ညာကျေးရွာ၌ ဒေသခံ "သက်" တိုင်းရင်းသား တိုင်းရင်းသူများနှင့် တွေ့ဆုံ၍ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများ သည် တစ်ဖက်နိုင်ငံနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်း ကြောင်းများနှင့် ထိစပ်နေသည့်အတွက် မိမိကျေးရွာများ လုံခြုံဖွံ့ဖြိုးစေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်သွားခြင်းဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာများ မလွဲဧကန်ဖြစ်လာစေမှာဖြစ် ပါကြောင်းဖြင့် ပြောကြားပြီး ကျေးရွာလိုအပ်ချက်များ ဖြစ်သည့် စာသင်ခုံများ၊ ဆိုလာယူနစ်ဖြင့် မီးရရှိရေး၊ စေတီတည်ထားကိုးကွယ်နိုင်ရေး၊ လေးမြို့ကေသီရွာ ဓမ္မာရုံ အမိုးပြုပြင်နိုင်ရန်အတွက် သွပ်များ၊ ငွေလာ တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင် ဆောက် လုပ်နိုင်ရေးနှင့် လက်ျာကမ်းပြို့ရွာ စာသင်ကျောင်းအတွက် စာသင်ခုံများကိုလည်းကောင်း၊ နေ့လယ်ပိုင်းတွင် ကမ်းချောင်းကျေးရွာ၊ ခရေမြိုင်(ဒီပီအေ)ကျေးရွာ၊ ရွှေရင်အေးကျေးရွာ၊ ကန်သာယာ အလယ်ကျေးရွာ၊ ကန်မြင်သာစည်ကျေးရွာ၊ ဗောဓိကုန်းကျေးရွာ၊ ဝေသာလီ ကျေးရွာ၊ သရေကုန်းဘောင် ကျေးရွာ၊ မောရဝတ္တီကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ဥဒေါင်းကျေးရွာ၊ အထက်ကန်သာယာ ကျေးရွာနှင့် အလယ်သံကျော် ကျေးရွာများသို့ရောက်ရှိပြီး ကျေးရွာ အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံရန် ကျေးရွာလိုအပ်ချက်များဖြစ်သည့် စာသင် ကျောင်းများအတွက် စာသင်ခုံများ၊ ရေလောင်းအိမ်သာ များ၊ အဝီစိတွင်းရေတုံကင်နှင့် မြေသားသောက်ရေကန် တူးဖော်နိုင်ရေး၊ ဆိုလာယူနစ်ဖြင့်ကျေးရွာများ အိမ်တိုင်းစေ့ မီးလင်းရေး၊ ကန်ပြင်သာစည်ကျေးရွာတံတား ပြုပြင် နိုင်ရေး ကွင်းဆင်းဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့် အလမ်းများရရှိရန် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ် သင်ကြားရေး၊ အလယ်သံကျော်ကျေးရွာမှ ပင်လယ်ကမ်း ခြေထိ ကျောက်ချောလမ်း ခင်းနိုင်ရေးနှင့် မျိုးကောင်း မျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးပေးနိုင်ရေးကို လည်းကောင်း ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလယ်သံကျော်ဆိပ်ကမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနမှ ငါး၊ ပုစွန်သားဖောက်စခန်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသအတွင်း ငါး၊ ပုစွန်မွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ဈေးနှုန်းသက်သာစွာဖြင့် မွေးမြူ စားသုံးနိုင်ရန်၊ ဒေသအတွင်းအလုပ်အကိုင်အခွင့်အလမ်း များ ရရှိရန်နှင့် ငါး၊ ပုစွန်မွေးမြူရေး နည်းပညာသစ်များ အား ဒေသတွင်း ဖြန့်ဖြူးပေးသွားရန် လမ်းညွှန်မှာကြား သည်။

ညနေပိုင်းတွင် ရသေ့တောင်မြို့နယ်ရှိ ချိန်ခါလီ ကျေးရွာ၊ ဆင်ပိုက်ကျေးရွာ၊ တန်းအေးကျေးရွာ၊ သာစည် ကုန်းကျေးရွာနှင့် အငူမော်ကျေးရွာ၌ ကျေးရွာအထောက် အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဆိုလာယူနစ်ဖြင့် ကျေးရွာများ အိမ်တိုင်းစေ့မီးလင်းရေး၊ သောက်သုံးရေကန်များ ပြုပြင်မွမ်းမံနိုင်ရေး၊ ရေလှောင် ကန်သစ်များ တူးဖော်နိုင်ရေးနှင့် ဆင်ပိုက်ရွာ အေးချမ်း သာယာ စေတီတော်ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီး ကျောင်းဆောက်လုပ်ရန်အတွက် ဘိလပ်မြေနှင့် သွပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မေ ၁၀ ရက် နံနက် ၅ နာရီတွင် စစ်တွေမြို့ အောင်စကြာမုနိဘုရား၌ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ်ရှိ ဌာနဆိုင်ရာမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းမဟာဗျူဟာ မူဘောင်နှင့် စီမံကိန်းသည် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအား အကောင်အထည်ဖော်မည့် စီမံချက်တစ်ခုဖြစ်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကိုပါ ညွှန်ကြားချက်များနှင့် အညီ ကျေးရွာများအား အနီးကပ်ကြီးကြပ်၍ ဒေသခံ ပြည်သူများ နားလည်သဘောပေါက် လုပ်ဆောင်နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးရွာ တစ်ရွာ၊ မြို့နယ်တစ်ခု တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးမှု တိုးတက်လာပါက ဆင်းရဲနွမ်းပါးမှုလျှော့ကျပြီး လူမှု စီးပွားများ ဖွံ့ဖြိုးတိုးတက်ကာ မိမိတို့တိုင်းပြည် ပိုမိုဖွံ့ဖြိုး တိုးတက်လာစေမှာဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရောက် နိုင်ငံခြားသတင်းထောက်များ၏ စကားသံများ

သတင်းဆောင်းပါး - ရဲမြတ်နန္ဒာ

(၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသတင်းများ ရယူရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ၎င်းတို့၏ ခရီးစဉ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-

Mr.Chaung Peck Ming
စင်ကာပူ The Business Times

ကျွန်တော် ဒီနိုင်ငံကို ရောက်တာ လေးရက်ရှိပါပြီ။ ကျွန်တော့်အတွက်တော့ ဒီနိုင်ငံလာဖို့ ဗီဇာလုပ်တာက အစ အခက်အခဲကြီးကြီးမားမားတော့ မရှိခဲ့ပါဘူး။ ဒီ MICC ကို ရောက်ဖို့ တစ်နာရီလောက်ကြာအောင် လာရတာရှိပါတယ်။ ရန်ကုန်ကနေလည်း ဒီကိုရောက်ဖို့ ငါးနာရီလောက် ကားစီးခဲ့ရတာတော့ရှိပါတယ်။ အဲဒါတွေကတော့ အချိန်ကုန်၊ ငွေကုန်တယ်လို့ထင်ပါတယ်။ ကျွန်တော့်အတွက်တော့ ဒီနိုင်ငံကိုလာတာပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် အကြံပေးလောက်အောင် ဘာမှသိပ်မသိပါဘူး။ ဒါပေမယ့် အရမ်းပူတယ်။ ဒါကြောင့် သစ်ပင်တွေ ဒီထက်ပိုစိုက်ဖို့ လိုတယ်လို့ အကြံပြုချင်ပါတယ်။ အင်တာနက်လိုင်းကတော့ ကျွန်တော်မျှော်မှန်းထားတာထက် ကောင်းပါတယ်။ မနက်ဖြန်မှာ စင်ကာပူနိုင်ငံကို ပြန်မှာပါ။

Mr.Robin Chan
စင်ကာပူ THE STRAITS TIMES

ကျွန်တော့်အတွက်တော့ ကျွန်တော်တို့ နိုင်ငံကနေ အခုနေပြည်တော် ရောက်တဲ့အထိ အခက်အခဲမရှိပါဘူး။ အဆင်ပြေချောမွေ့ပါတယ်။ ရန်ကုန်ကို နံနက်အစောကြီး ရောက်တဲ့အတွက်လည်း လေဆိပ်ကနေ ကားဂိတ်ကို ကူးတဲ့နေရာမှာ ယာဉ်ကြောပိတ်တာတွေလည်း မကြုံခဲ့ပါဘူး။ ဒီထိပ်သီးအစည်းအဝေးမှာ လာပြီး သတင်းယူရတာ အခုထိတော့အဆင်ပြေပါတယ်လို့ ပြောချင်ပါတယ်။ အင်တာနက်ကွန်နက်ရှင်က သိပ်မကောင်းသေးပေမယ့် ကျွန်တော်မနှစ်က ဖိုရမ်တစ်ခုတစ်ခေါက်လာတုန်းကထက်တော့ ကောင်းလာပြီလို့ ပြောချင်ပါတယ်။

Mr.Jared Ferrie (Myanmar Correspondent)
THOMSON REUTERS

ကျွန်တော်ကတော့ မြန်မာနိုင်ငံကို ရောက်တာတစ်နှစ်ကျော်လောက်ရှိပါပြီ။ ရန်ကုန်မှာ နေပါတယ်။ ကျွန်တော်တို့အယ်ဒီတာက ပြောပါတယ်။ ဒီအစည်းအဝေးမှာ အများစိတ်ဝင်စားနေတဲ့ တောင်တရုတ်ပင်လယ်အရေးနဲ့ ပတ်သက်ပြီး သတင်းကောင်းကို ရနိုင်တယ်။ အဲဒါကြောင့် သတင်းထောက်ငါးယောက် လွှတ်လိုက်တာပါ။ ရုပ်မြင်သံကြားဓာတ်ပုံနဲ့ သတင်းထောက် သုံးယောက်ပါပါတယ်။ သံတမန်တွေနဲ့ စကားပြောခွင့်ရဖို့ ခက်ခဲတယ်။ မနေ့က

Takayuki Kasuga (The Mainlchi Newspapers (Japan))

ဆိုရင် အမျိုးသားစီမံကိန်း ပြည်ထောင်စုဝန်ကြီးရဲ့ မီဒီယာတွေ့ဆုံပွဲက အပေါ်ထပ်မှာပါ။ အပြာရောင်ကတ်မရှိတဲ့ သူတွေကို လုံခြုံရေးက အပေါ်တက်ဖို့ ခွင့်မပေးဘူး။ အချို့သတင်းထောက်တွေက အပြာရောင်ကတ်မရှိဘူး။ နောက်ဆုံးမှ တက်ခွင့်ရခဲ့တယ်။ ဒီနေ့လည်း မလေးရှားဝန်ကြီးချုပ်က မီဒီယာတွေနဲ့ တွေ့မယ်လို့ ပြောတဲ့အတွက် လေဆိပ်ကို သတင်းသမားတွေ သွားဖို့လုပ်ကြတယ်။ ဒါပေမယ့် မလေးရှားမီဒီယာတွေကိုသာ တွေ့ခွင့်ပေးမယ်လို့ ပြောတဲ့အတွက် မသွားခဲ့ရဘူး။ အဲလို အားနည်းချက်တွေ ရှိတာကို တွေ့ရပါတယ်။

မစ္စတာ ယိုရှီမူရာဟိုက်ဒါကီ
(ဆန်ကေးရှင်ဘွန်းသတင်းစာ)

အရင်က မြန်မာနိုင်ငံက သီးခြား ဖြစ်နေခဲ့ရာက အခုအာဆီယံဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခွင့်ရလာတယ်။ တောင်တရုတ်ပင်လယ်အရေးမှာလည်း အာဆီယံခေါင်းဆောင်တွေနဲ့အတူ ဖြေရှင်းခွင့်ရလာတယ်။ တောင်တရုတ်ပင်လယ်အရေးမှာ ဂျပန်မီဒီယာတွေအနေနဲ့ အာဆီယံနိုင်ငံတွေက အခုထက်ပိုပြီး စည်းလုံးညီညွတ်မှုရှိဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတကာသတင်းမီဒီယာဆိုင်ရာ ကွန်ဖရင့်တွေများများလုပ်၊ နိုင်ငံခြားသတင်းထောက်

Haris
Journalist (TVRI) Indonesia

တွေကိုလည်း ပြည်ဝင်ခွင့်ဗီဇာကို အခုထက်ပိုပြီး လွယ်လွယ်ကူကူ စီစဉ်ပေးနိုင်မယ်ဆိုရင်တော့ နိုင်ငံတကာနဲ့ ပိုအချိတ်အဆက်မိလာပြီး တိုင်းပြည်က ပိုပြီးပွင့်လင်းမြင်သာလာမယ်လို့ ထင်ပါတယ်။

အရင်က ဗီဇာပြဿနာရှိခဲ့ပေမယ့် အခု အာဆီယံထိပ်သီးအစည်းအဝေးအတွက်လျှောက်တာ စင်ကာပူမှာရှိတဲ့ မြန်မာသံရုံးက တစ်ရက်တည်းနဲ့ ရခဲ့တယ်။ ကျွန်တော့်အတွက် နေပြည်တော်ကိုလာတာက ပထမဆုံးအကြိမ်ဖြစ်ပြီး မြန်မာနိုင်ငံကိုလာတာ ဒါဒုတိယအကြိမ်ပါ။ အားရကျေနပ်ပါတယ်။ မြန်မာလူမျိုးတွေက နိုင်ငံခြားသား သတင်းထောက်တွေနဲ့ အထိအတွေ့နည်းသေးတယ်။ ဒါ့ကြောင့် နောင်မျိုးဆက်သစ်လူငယ်တွေကို နိုင်ငံတကာအတွေ့အကြုံတွေကို ပိုမိုရင်းနှီးကျွမ်းကျင်အောင် လေ့ကျင့်ပေးမယ်ဆိုရင် မြန်မာနိုင်ငံက ဒီထက်မက တိုးတက်လာမယ်လို့ အကြံပြုချင်ပါတယ်။ ကျွန်တော်ကတော့ မနက်ဖြန်ထိုင်းကနေတစ်ဆင့် စင်ကာပူ ဗျူရိုရုံးကို ပြန်မှာပါ။

Takayuki Kasuga (The Mainlchi Newspapers (Japan))
Bureau Chief
Asia General Bureau

ကျွန်တော်မြန်မာနိုင်ငံကို ရောက်တာ

Mr.Robin Chan
စင်ကာပူ THE STRAITS TIMES

တစ်နှစ်ကြာပါပြီ။ ရန်ကုန်မှာ အခြေစိုက်ပြီး သတင်းလိုက်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးသတင်းကို ဒါက ပထမဆုံးအကြိမ် သတင်းလာလိုက်ဖူးခြင်းပါ။ ဒီအစည်းအဝေးအတွက် သတင်းရယူရတာကတော့ အခက်အခဲမရှိပါဘူး။ ဒီအစည်းအဝေးအတွက် မြန်မာနိုင်ငံက အလွန်ကောင်းတဲ့ ပြင်ဆင်မှုတွေကို ပြုလုပ်ခဲ့တာ တွေ့ရတယ်။ ဒီပွဲအတွက် အစိုးရရဲ့ဦးဆောင်မှုကလည်း ကောင်းမွန်တာတွေ့ရတယ်။ သမ္မတဦးသိန်းစိန်က အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေးနဲ့ ပတ်သက်ပြီး အလေးထား အာရုံစိုက်နေတာကို တွေ့ရပါတယ်။ တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ဖြေရှင်းကြရာမှာတော့ အားနည်းနေသေးတယ်လို့ထင်တယ်။ ဒါကလည်း အာဆီယံအတွက် ခက်ခက်ခဲခဲ ဖြေရှင်းရမယ့်ကိစ္စပဲ ဖြစ်တယ်။

ယေဘုယျပြောရရင်တော့ အခြေခံစာရင်းဇယား အချက်အလက်တွေ ရနိုင်ဖို့ ဖုန်းဆက်တဲ့အခါမျိုးမှာ သတင်းအချက်အလက် ရနိုင်ဖို့က မြန်မာနိုင်ငံမှာ ခက်ခဲပါတယ်။ ဝန်ကြီးဌာနတွေကို သတင်းအချက်အလက်အတွက် ဆက်သွယ်မေးမြန်းရင်လည်း အဖြေပြန်ရဖို့ ခက်ခဲပါတယ်။ တစ်ခါတစ်ရံ ဝန်ကြီးဌာနတွေကို တယ်လီဖုန်းဆက်သွယ်မေးမြန်းရင် တာဝန်ခံဖြေကြားပေးမယ့်သူ မရှိတာမျိုး၊ အလုပ်များနေတယ်လို့ အကြောင်းပြတာမျိုးတွေ ကြုံရပါတယ်။ ဒါကပြဿနာတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ဒီလိုသတင်းအချက်အလက်တွေ စုဆောင်းဖို့အတွက် အခုလို

Mr.Jared Ferrie (Myanmar Correspondent)

မခက်ခဲပါဘူး။ မြန်မာနိုင်ငံမှာ တဖြည်းဖြည်း ပွင့်လင်းမြင်သာမှု အရှိန်ရလာရင်တော့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ် ထင်ပါတယ်။

Haris
Journalist (TVRI) Indonesia

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ လုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးပွဲကို တက်ခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ဂျကာတာမှာ လုပ်ခဲ့တဲ့ ထိပ်သီးအစည်းအဝေးရောပဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကတော့ ခြားနားမှုတွေ ရှိတာပါပဲ။ ဆက်သွယ်မှုနဲ့ ဘာသာစကား ခြားနားချက်တွေရှိပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ခြားနားချက်တွေတော့ ရှိတာပေါ့။

အစိုးရက အသစ်တည်ဆောက်ထားတဲ့ ဒီမြို့တော်အသစ်ကို ကျွန်တော်ရောက်လာချိန်မှာ အရာရာတိုင်းက ယေဘုယျခြုံပြီး ပြောရရင် ကောင်းမွန်နေပါတယ်။ ဒီဆွေးနွေးပွဲကျင်းပနေတဲ့နေရာမှာလည်း အရာရာတိုင်းက အဆင်ပြေနေပါတယ်။ သတင်းအချက်အလက် ရယူရာမှာ အကူအညီပေးနေတဲ့ ဝန်ထမ်းတွေကလည်း တကယ့်ကို ကူညီတတ်ကြပါတယ်။ ဒါပေမယ့် သတင်းရယူရာမှာ အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုနည်းပါးတာကတော့ ကျွန်တော့်ကို ခက်ခဲစေပါတယ်။ ထုတ်ပြန်ချက်တွေ ရရှိဖို့ တောင်းဆိုရာမှာ ထုတ်ပြန်ချက်တွေဝေတာကို ကြေညာတာတွေမှာ အခက်အခဲ နည်းနည်းရှိတယ်။ အင်တာနက်က ကောင်းပါတယ်။ အင်တာနက်နဲ့ ပတ်သက်တဲ့ အခက်အခဲတော့ အခုထိ မကြုံရသေးဘူး။ ဒီမှာ ကျွေးတဲ့ အစားအစာတွေကလည်း အဆင်ပြေပါတယ်။ နေရာအပြင်

မစ္စတာ ယိုရှီမူရာဟိုက်ဒါကီ
(ဆန်ကေးရှင်ဘွန်းသတင်းစာ)

အဆင်ကလည်း ကောင်းပါတယ်။

နောင်အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုကောင်းတွေ လုပ်ဆောင်နိုင်မယ်ထင်ပါတယ်။ အာဆီယံအသိုက်အဝန်းထူထောင်ဖို့နဲ့ ပတ်သက်တဲ့ blue print ကို ပြုလုပ်နိုင်ခဲ့ပြီ။ အာဆီယံအဖွဲ့ဝင် နိုင်ငံတိုင်းက အာဆီယံနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အာဆီယံအသိုက်အဝန်းထူထောင်ဖို့နဲ့ ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားနေကြတယ်လို့ ထင်ပါတယ်။ တောင်တရုတ်ပင်လယ်အရေးနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပြီး နည်းလမ်းကောင်းတွေ ရှာဖွေတွေ့ရှိနိုင်မယ်လို့ ကျွန်တော်တို့အစိုးရက ပြောပါတယ်။ အနာဂတ်မှာ အာဆီယံစီးပွားရေးဟာလည်း ပိုမိုကောင်းလာမယ် ထင်ပါတယ်။

❖ ကျောဖုံးမှ

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ၏ ၂၀၁၅ မျှော်မှန်းချက်များ၊ အာဆီယံ၏ အနာဂတ်စိန်ခေါ်မှုများ၊ AEC ၏ ပုဂ္ဂလိကကဏ္ဍမြှင့်တင်သွားမည့် အစီအစဉ်များ၊ အာဆီယံဒေသအတွင်းနိုင်ငံများ၏ လွတ်လပ်စွာ ကုန်သွယ်မှုကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေး စသည်တို့အပေါ် ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ Political Leadership in ASEAN-Role of Government and Think Tanks Towards the ASEAN Political & Security Community ခေါင်းစဉ်ဖြင့် အာဆီယံဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းဖြင့် အကျိုးသက်ရောက်မှု၊ အာဆီယံအနေဖြင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကဲ့သို့ သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ၊ ကူးစက်ရောဂါများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ စိန်ခေါ်မှုများအပေါ် မြန်မာ၊ ကမ္ဘောဒီးယား၊ ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် Business and Investment Opportunities in Myanmar ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို အထူးနေ့လယ်စာစားပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးပြောကြားသည်။

ထို့နောက် Towards a People Centred ASEAN- The Viewpoints of Women and Emerging Young Leaders in Achieving the ASEAN Social and Cultural Community ခေါင်းစဉ်ဖြင့် မျိုးဆက်သစ်အာဆီယံလူငယ်များအတွက် အာဆီယံ၏ အခန်းကဏ္ဍ၊ အာဆီယံ လူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုတို့တွင် အောင်မြင်မှုများ၊ အာဆီယံလူငယ်များမှ အာဆီယံ၏ လူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ မျှော်မှန်းချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ အာဆီယံလူမှုအသိုက်အဝန်းတွင် အမျိုးသမီးနှင့် ငယ်ရွယ်သူများ၏ အခန်းကဏ္ဍအပါအဝင် အာဆီယံလူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ကို စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Enhancing ASEAN Connectivity and Regional Partnerships ခေါင်းစဉ်ဖြင့် ဒေသအတွင်း လူမှုအဖွဲ့အစည်းများ၏ ရှင်သန်ဖွံ့ဖြိုးမှုနှင့် တွေ့ကြုံရနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ အာဆီယံ၏ ပုဂ္ဂလိက အခန်းကဏ္ဍတိုးတက်ရေးအတွက် မျှော်မှန်းချက်များ၊ အနာဂတ်တွင် ပညာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများကို တိုးမြှင့်သွားသင့်သည်များအပါအဝင် အာဆီယံဒေသအတွင်းရှိ လူမှုရေးနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အနာဂတ်မျှော်မှန်းချက်များကို ထိုင်း၊ စင်ကာပူနှင့် အာဆီယံ ဒေသအတွင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ASEAN Leadership Forum ၏ ဥက္ကဋ္ဌ Tan Sri Michael Yeoh တို့က အမှာစကား ပြောကြား၍ ၂၀၁၄ ခုနှစ် (၁၁)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ဖိုရမ်ကို ပိတ်သိမ်းလိုက်သည်။

အာဆီယံခေါင်းဆောင်များဖိုရမ်ကို ၂၀၀၃ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ကြေညာခဲ့သည့် ဘာလီကြေညာချက်(၂)အရ စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

အာဆီယံ၏ တိုးတက်လာသည့် စီးပွားရေးဆိုင်ရာ ကြွယ်ဝမှုများနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်မှုများကို ထိရောက်လျင်မြန်စွာဖြင့် ဒေသအတွင်းရှိ ပြည်သူများအား ဖြန့်ဝေပေးနိုင်ရန် ၂၀၀၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ ယခုဖိုရမ်ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

(သတင်းစဉ်)

❐ ငြိမ်းချမ်းရေးမှ

ဆွေးနွေးပွဲအဆင့် ရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ယခင်ဆွေးနွေးပွဲရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရန်လိုပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ရာတွင် စားပွဲဝိုင်းဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်၍ အဖြေရှာရမည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၆)ဖွဲ့နှင့် ဆောင်ရွက်လျက်ရှိရာ (၁၄)ဖွဲ့နှင့် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲများ၏ ရလဒ်များကို ဥပဒေတစ်ရပ်အဖြစ် ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲသဘောတူညီချက်များကို ထိန်းသိမ်းဆောင်ရွက်သွားလျှင် များစွာတိုးတက်လာမည် ဖြစ်ပါကြောင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် အဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမြင်သဘောထားများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၆ မှ

သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံမြို့စောလှဝန်း ကျောက်စာ (ကျော၂၂-၂၃)တွင် **"မီးဖုန်၊ သကြန်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိယ်လျှင်တည်၏"**ဟု လည်းကောင်း အသီးသီး အထောက်အထားတွေ့ရှိချက်များအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များ ရှိနေပြီဖြစ်ကြောင်း သေချာစွာ ဆိုနိုင်ပေသည်။

ထို့ပြင် မဟာဗောဓိပင်စိုက်ပျိုးသည့်အကြောင်းအရာကို အချိန်ကာလအစောဆုံးတွေ့ရှိရသည့်အချိန်မှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌နန်းတက်တော်မူသည့် (အလောင်းစည်သူ၏ မြေးတော်)နရပတေ့စည်သူမင်းလက်ထက်တွင် ပေါင်လောင်ရှင်ဟုခေါ်ကြသော အရှင်ကဿပမထေရ်သည် သီဟိုဠ်သို့ကြွသွား၍ အပြန်ခရီးတွင် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီးနောက် နရပတေ့စည်သူမင်းအား ပေးတော်မူကြောင်းမှတ်တမ်းဟောင်းများတွင် လေ့လာသိရှိရပြီး **"ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပင်းကျားအရပ်၌ စကား ၇ ကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူပြီး စမ္ဗကမည်သော ကျောင်းမတော်ကြီး၏ အရှေ့မြောက်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ ဗောဓိညောင်ပင် စိုက်တော်မူ၏။"**ဟု သာသနာလင်္ကာရစာတမ်း ၁၂၆ တွင် ပြဆိုထားပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ထူပါရုံဒါယကာ မင်းနရပတိကြီး (၈၀၄) လက်ထက်၌ တစ်ကြိမ်၊ ပြည်စုန်မင်း မဟာသီဟသူရ (၈၃၀)လက်ထက်၌ တစ်ကြိမ်၊ ရာဇဗလ၊ စိတ္တဒူတ၊ ရာဇဒူတ၊ရာဇဘမန်တို့ကို သီဟိုဠ်သို့စေလွှတ်၍ စွယ်တော်၊ စက်တော်ရာ၊ မဟာစေတီနှင့် မဟာဗောဓိတို့ကို အလှူတော်လှူသွားရကြောင်း၊ မွန်ဘုရင် ဓမ္မစေတီမင်း(၈၃၃)လက်ထက်တွင်လည်း ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဆံတော်ကြိုလမ်း(ယခု ဓမ္မစေတီလမ်း)နံဘေးရှိ ကုန်းတော်(ယခုဗောဓိကုန်း)ပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါ ဗောဓိပင်တော်မှရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်။

ကုန်းဘောင်ခေတ်တွင်လည်း ဘိုးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၆၈ ခု တပေါင်းလဆန်း ၇ ရက်တွင် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူတို့အား မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ မဟာဗောဓိပင်သို့ အဖူးအမြော်စေလွှတ်တော်မူခဲ့ပြီး ၎င်းမှူးကြီးမတ်ကြီးများအပြန်တွင် ဗောဓိပင်စောင့်မဟာပါလဂိရိဂူသံဃိက ဆက်သလိုက်သည့် ဗောဓိပင်ငယ်နှစ်ပင်ကို မဇ္ဈိမဒေသမှ ယူလာသော ဗောဓိမြေစစ်ကို အောက်ခံပြုလျက် ဘဝရှင်မင်းတရားကြီးကိုယ်တိုင်စိုက်ပျိုးတော်မူပြီး မဟာရံတံတိုင်းနှစ်ထပ်၊ မုခ်ဝင်မုခ်ကူး အုတ်ပြာသာဒ် ရှစ်ဆူ၊ တံတိုင်းလေးထောင့်၌ အုတ်ပြာသာဒ် ရှစ်ဆူ၊ အရံစောင့်နတ်ရုပ် ၁၂၈ ရုပ်တို့နှင့်တကွ ကျောက်စာတိုင် စိုက်ထူကိုးကွယ်တော်မူခဲ့ပါသည်။ ဘကြီးတော်ဘုရားလက်ထက်တွင် အထူးထူးသော အလှူတော်များနှင့်တကွ မဟာဗောဓိမြေခံတွင် စိုက်ထောင်တည်ထားရန် ကျောက်စာသံပိုင်းတော်တို့ကိုပါ ပွဲသဘင်ခံ၍ ရေစက်သွန်းချ လှူဒါန်းတော်မူပြီးလျှင် ပုဏ္ဏား၊ ပုရောဟိတ်၊ အဂ္ဂမဟာဓမ္မရာဇဂုရု၊ မြေနန်းဝန် မဟာမင်းလှသာဂသူ စသည့် ပုဂ္ဂိုလ်များအား မဇ္ဈိမဒေသသို့ စေလွှတ်လှူဒါန်းတော်မူကြောင်း၊ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် မဇ္ဈိမဒေသဗုဒ္ဓဂယာမှ ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒာကျော်ထင်တို့ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်၏ အနောက်တောင်အလုံဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မြေလပ်တွင် ပွဲသဘင်စုံ ခင်းကျင်းပြီး မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့ပါသည်။

ထို့ပြင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၂ ခု နတ်တော်လပြည့်ကျော် ၆ ရက်၌ မန္တလေးရတနာပုံရွှေမြို့တော်၏ တောင်မျက်နှာ (ယခုဗောဓိကုန်း)အရပ်၌ သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင်နှစ်ပင်တို့ကို မင်းတရားကြီးကိုယ်တိုင်စိုက်ပျိုးကိုးကွယ်တော်မူပြီးနောက် ၁၂၂၇ ခုနှစ် ကဆုန်လတွင် မဇ္ဈိမဒေသမဟာဗောဓိပင်တော်အရပ် ဆောင်ယူဆက်သသည့် ဗောဓိပင်တော်ကို မန္တလေးနေပြည်တော်၏ မြောက်မျက်နှာ၊ ကျောက်တော်ကြီးဘုရားမဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်၌ ဗောဓိပင်စိုက်အခမ်းအနားအဖြစ် ပွဲသဘင်ကျင်းပတော်မူ၍ ဘဝရှင်မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူ၏။ မဟာရံတံတိုင်းပြင်တပ်အတွင်း အနောက်မြောက်ထောင့်၊ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်အရပ်များ၌လည်း ဗောဓိပင်များကို စိုက်ပျိုးတော်မူခဲ့၏။

ကိုလိုနီခေတ်ကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ကာလတို့တွင်လည်း ဗောဓိပင်စိုက်ပျိုးခြင်းများ ရှိခဲ့ပါသည်။ ရန်ကုန်မြို့ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော် အနောက်မြောက်(ရာဟု)ထောင့် အနောက်ဘက်တံတိုင်းနှင့် မြောက်ဘက်တံတိုင်းတို့ဆုံရာအနီး၌ အိန္ဒိယပြည်ရှိ မဟာဗောဓိပင်မှ အကိုင်းကိုယူဆောင်၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗောဓိပင်တစ်ပင်စိုက်ပျိုးခဲ့ပါသည်။ ထိုဗောဓိပင်၏ လက်ယာဘက်တွင် ဘဏ္ဍာထိန်းအဖွဲ့က၁၉၀၅ ခုနှစ်ခန့်က စိုက်ပျိုးခဲ့သည့် ဗောဓိပင်တစ်ပင်ရှိပါသည်။ ထိုညောင်ပင်ကို မက်ဒက်ဆရာတော် ဗောဓိညောင်ပင်ဟု ခေါ်သည်။

ဗောဓိပင်ကို ပူဇော်ခြင်းနှင့်ပတ်သက်ပြီး ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့ကြောင်း၊ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြောင်း၊ တေရသက နိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ ပြဆိုထားပြီးခုဒ္ဒကပါဌအဋ္ဌကထာနိမိကဏ္ဍသုတ်အဖွင့်၌လည်း ဗောဓိပင်သည် စေတီသုံးမျိုးတွင် ပရိဘောဂစေတီမည်ကြောင်း ဖွင့်ဆိုထားပေသည်။

ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်၍ အသနဗောဓိယမထေရ်လောင်း အနေဖြင့် တဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရခြင်းစသည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဂန္ဓောဒကတိဿမထေရ်လောင်း အနေဖြင့် ပဒုမုတ္တရဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရေဖြင့် သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ သောကကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ခံစားကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် သဗ္ဗညုမြတ်စွာဘုရားနှင့်ပတ်သက်၍ ဗုဒ္ဓဝင်သမိုင်းမှတ်တိုင်စိုက်ထူခဲ့သော နေ့ထူးနေ့မြတ် ထူးခြားချက်များတွင် အကြောင်းတိုက်ဆိုင်နေသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့သို့ ကျရောက်သည့်အခါတိုင်းတွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကိုရေ၊ နံ့သာရည်စသည်တို့ သွန်းလောင်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားဥဒ္ဒိဿစေတီတော်များကို အနေကဇာတင် ဗုဒ္ဓအဘိသေက မင်္ဂလာသဘင်များ ဆင်ယင်ကျင်းပကြခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်ကြပြီး ဒါန၊ သီလ၊ ဘာဝနာပွားများအားထုတ်ခြင်း စသည့် ကုသိုလ်ကောင်းမှု အစုစုတို့ကို စိတ်ချမ်းမြေ့ ကြည်လင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရေးသားတင်ပြလိုက်ပါသည်။ ။

အမြန်လမ်းပေါ်မောင်းနှင်သည့် ယာဉ်များကို ကြံ့ခိုင်မှုစစ်ဆေး

နေပြည်တော် မေ ၁၂

ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် မော်တော်ယာဉ်၏ ချွတ်ယွင်းချက်များဖြစ်သော တိုက်ရော့၊ ဘောဂျိုင်းများ ပြုတ်ခြင်း၊ချောင်ခြင်း၊ အင်ဂျင်အပူလွန်ကဲခြင်း၊တာယာလေပေါင်တင်းခြင်း၊ လျော့ခြင်း၊တာယာပန်းများပါးခြင်း၊ ကြံ့ခိုင်မှုနည်းခြင်းတို့ကြောင့် ယာဉ်တစ် ဖက်ဆွဲတိမ်းမှောက် မီးလောင်မှုများလည်း ပါဝင်နေသည်။ အဆိုပါအခြေ အနေများ၊ လျော့နည်းပပျောက်စေရန် ယာဉ်ပိုင်ယာဉ်မောင်းများ မိမိမော်တော်ယာဉ်ကို ဂရုတစိုက်စစ်ဆေး၍ စည်းကမ်းနှင့်အညီ မောင်းနှင်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများက သတိပေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။**(အပေါ်ယာပုံ)**

ရန်ကုန်-မန္တလေး အမြန်လမ်းနေပြည်တော်တိုးဂိတ်အနီးတွင် အမြန်လမ်းပေါ်မောင်းနှင်သည့် မော်တော်ယာဉ်များအား ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ တာယာများကြံ့ခိုင်မှု၊ မီးသတ်ဆေးဘူးများပါ မပါ၊ စစ်ဆေးသတိပေးခြင်း ပြုလုပ်လျက်ရှိသည်။ စစ်ဆေးရေးအဖွဲ့၌ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံး အမြန်လမ်းရဲတပ်ဖွဲ့စခန်း (ပလွေ)၊ အမြန်လမ်းတိုးဂိတ်တာဝန်ခံ (စက်မှု/ပြင်ထိန်း)၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့စခန်း (နေပြည်တော်)တို့ ပူးပေါင်းပါဝင်ကြသည်။ အမြန်လမ်းပေါ်တွင် ခရီးသည်တင်ယာဉ်အချို့ယာဉ်အကူမှမောင်းနှင်ခြင်း၊ ယာဉ်ငယ်များတွင်လည်း ယာဉ်မောင်းလိုင်စင်ဖြင့်မောင်းနှင်ခြင်းတို့ကို စစ်ဆေးတွေ့ရှိအရေးယူခြင်းများ ပြုလုပ်ကြောင်း တာယာများ လေပေါင်နည်းခြင်းများကိုချိန်ညှိစေခြင်း၊ ပန်းပါးသော တာယာများကို လဲလှယ်တပ်ဆင်ခြင်းများကို ချက်ချင်းပြုလုပ်ပေးကြောင်း၊ ခရီးဝေးတစ်ဦးတည်းမောင်းနှင်သူများအား အိပ်မငိုက်စေရန် သတိပေးခြင်း၊ အနားယူစေခြင်းများ ပြုလုပ်ကြောင်း၊ မီးသတ်ဆေးဘူးများ ပါ မပါ စစ်ဆေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

တာဝန်ရှိအဖွဲ့အစည်းများမှ စစ်ဆေးသကဲ့သို့ မိမိကိုယ်တိုင် မိမိယာဉ်ကို စိတ်ချရသည့် အတိုင်းအတာအထိ ပြင်ဆင်စစ်ဆေး၍ ဆင်ခြင်တုံတရားနှင့် သတိရှိရှိမောင်းနှင်လျှင် အန္တရာယ်ဖြစ်မှုမှကင်းဝေးမည်ဖြစ်ကြောင်း အဝေးပြေးယာဉ်မောင်းတစ်ဦးက ပြောသည်။ **(ကိုကိုနေ)**

"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လှည်းရပ်ကွက်(သမိုင်း)၊ မြေကွက်အမှတ် ၂၁၂+၂၁၃B၊ ဘိုးဘွားပိုင်မြေအမျိုးအစား၊ မြေဧရိယာ ၀ ·၃၂၁ ဧကအနက်မှ မြေကွက်အမှတ်-၂၁၂ အတွင်းမှ ၂၂·၅'×၁၂၀' (ဧရိယာ၀ · ၀၆၂ဧက)ရှိ မြေကွက်အား ချန်လှပ်၍ ကျန်ရှိသောမြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ+လျှပ်စစ်မီတာ၊ စက်ရုံသုံးထရန်စဖော်မာ(သုံးဆွဲ) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်"

အထက်ဖော်ပြပါ မြေကွက်ဥပစာတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးရန်အောင်က ဦးမောင်လှ(ခ) ဦးအေးမြင့် အပါအဝင် သားသမီး(၆)ဦးတို့အား ၂၀၁၄ခုနှစ်၊ မှတ်ပုံတင်မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၁၉၈၁ချုပ်ဆို၍ လွှဲပြောင်းပေးထားပြီး ဖြစ်သည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်း၌လည်း မြေကွက်ပိုင်ရှင်အမည်ပြောင်း လျှောက်ထားပြီး ဖြစ်၍ ယင်းမြေကွက်ဥပစာအား ဦးမောင်လှ(ခ)ဦးအေးမြင့်-ပါ(၆)ဦးတို့၏ ပိုင်ဆိုင်အကျိုးခံစားလျက် ရှိနေပြီး ဆန့်ကျင်လျက် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း အစရှိသည့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းလက်ခံခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်လှ(ခ)ဦးအေးမြင့် ဒေါ်မြင့်မြင့်ကြည် ဦးဆန်းဦး ဒေါ်မြင့်မြင့်သိန်း
[၁၂/မဂတ(နိုင်)၀၄၃၄၉၃][၁၂/မရက(နိုင်)၁၄၁၆၁၈][၁၂/ပဇတ(နိုင်)၀၂၅၃၉၃][၁၂/မရက(နိုင်)၁၁၆၈၃၃]
ဒေါ်အေးအေးမြင့်(ခ)ဒေါ်တင်တင်ဝင်း ဒေါ်အေးအေး(ခ)ဒေါ်အေးအေးဝင်း
LTA-၀၀၅၆၃၃ **LTA-**၀၀၅၉၇၇
(မြေကွက်ပိုင်ရှင်များ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ် ၆၄၇/က၊ မြေကွက်တည်နေရာအမှတ် (၆၄၇/က)၊ အနော်မာ၊ (၁၅)လမ်းအရှေ့၊ သာကေတမြို့နယ်(ဦးကံမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကံမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သောင်းကြည်[၁၂/သကတ(နိုင်) ၁၀၉၅၅၀]မှ သေတမ်း/ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း

ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာသုခလမ်း၊ တိုက်အမှတ်(၁၅)၊ ၅လွှာ(အေ)ခေါင်းရင်းခန်း၊ ရေမီးအစုံ၊ အပါအဝင်တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအားလက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်ဥမ္မာစိန်[၁၂/မဂတ(နိုင်)၀၂၀၂၀၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်)	ဒေါ်ခင်နှင်းရည်
B.A, R.L(စဉ်-၄၉၀၃)	**B.A, R.L**(စဉ်-၄၆၆၂)
တရားလွှတ်တော်ရှေ့နေနှင့်	တရားလွှတ်တော်ရှေ့နေ
မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ	

အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅၅၀၆၇၊ ၀၉-၂၅၄၀၇၀၁၇၁

"ဖာတစ်လုံးရွှေရိုး" ဆိုတဲ့ ဒီနာမည်ကို ဗီဒီယိုရုပ်ရှင်ပရိသတ်အပေါင်းတို့ ခုလောက်ဆို မေ့ပျောက်နေလောက်ကြပါပြီ။

ဗီဒီယိုခေတ်ဦး ကာလတုန်းက ဖြစ်သလို ဟာသဗီဒီယိုတစ်ခေတ်ဖြစ်တည် စတင်လိုက်တာဟာလည်း ဒီဗီဒီယိုဟာသဇာတ်ကားက အစပျိုးလာခဲ့တယ်ဆိုတာကို အများပြည်သူအားလုံး အားပေးခဲ့ကြတာ မေ့ထားလို့မရပါ။

စာရေးသူဟာ ကာတွန်းရုပ်ပြ၊ ရယ်စရာဟာသဇာတ်လမ်းတွေ နှစ်ကာလကြာရှည်ကတည်းက မထင်မရှားရေးဆွဲလာခဲ့တာ ဒီကနေ့ကာလအထိတိုင်ဖြစ်ပါတယ်။

ရုပ်ပြကာတွန်းလောကမှာ စာရေးသူရဲ့ဇာတ်ကောင် ကာတွန်းဇာတ်လိုက် အထင်အရှားမရှိခဲ့တာက စာရေးသူရဲ့ ဗီဇဝါသနာက ကာတွန်းရုပ်ပြစာအုပ်ကို ထမင်းစားရေသောက်တဲ့ ကိစ္စလောက် သဘောထားပြီး အပျော်တမ်းရေးဆွဲခဲ့တာပါ။

တကယ့် တကယ် စိတ်ပါဝင်စားခဲ့တာက (ANIMATION) ဆိုတဲ့ ကာတွန်းရုပ်ရှင်ကိုပဲ အဓိကအလေးထား ကြိုးစားနေတာကြောင့်ပါပဲ။

အဲဒါကြောင့် စာပေ၊ ကာတွန်းရုပ်ပြလောကထက် ရုပ်ရှင်နယ်မြေထဲမှာသာ ပိုမိုလှုပ်ရှားနေထိုင်တာများပါတယ်။

အထူးသဖြင့် မြန်မာ့ရုပ်ရှင် ဟောလိဝုဒ်လို့ ခေါ်ရမယ့် အေဝမ်းရုပ်ရှင်ခြံနဲ့ ယခင် ဗြိတိသျှဘားမားလို့ခေါ်တဲ့ ညွန့်မြန်မာရုပ်ရှင် စတူဒီယိုကြီးများမှာသာ အနေများခဲ့ရတာပါ။

ဒါနဲ့ တစ်နေ့ အေဝမ်းရုပ်ရှင်ခြံအတွင်းမှာရှိတဲ့ ရွှေဂေါင်းပြောင်မင်းသားကိုတိုးညွန့်ရဲ့ မိဘများပိုင် မြဇော်ရုပ်ရှင်စတူဒီယိုဝင်းထဲမှာ စာရေးဆရာဒါရိုက်တာ စိန်သံမဏိခေါ် ကိုစိန်လေး၊ ကိုမေတ္တာတို့နဲ့ တွေ့ဆုံဖြစ်ကြပါတယ်။

အဲဒီအချိန်က မြန်မာ့ရုပ်မြင်သံကြားဌာန စတူဒီယိုအတွင်းမှာကတည်းက စာရေးသူနဲ့ ခင်မင်ရင်းနှီးပြီးဖြစ်တဲ့ လူရွှင်တော် ကိုမေတ္တာက စာရေးသူက ကာတွန်းဆရာဖြစ်တော့ ရယ်စရာဟာသဇာတ်လမ်းကောင်းကောင်းရှိရင် လိုချင်တဲ့အကြောင်း ရိုးရှင်းစွာပြောဆိုပါတယ်။

အဲဒီအချိန်က လူရွှင်တော် ကွမ်းသီး၊ မေတ္တာအတွဲ အောင်မြင်ထင်ရှားနေတဲ့အချိန်၊ တစ်နည်းအားဖြင့် ဗီဒီယိုဈေးကွက်မှာ ပေါက်မြောက်နေတဲ့ကာလဖြစ်ပါတယ်။

ဒါကြောင့် စာရေးသူနဲ့ ကိုတိုးညွန့်တို့ "ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ"နဲ့ "သမန်းမျောက်"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးပြီးတဲ့နောက်မှာ ဆက်လက်ပြီး ဖလင်ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးဖို့စီစဉ်တိုင်ပင်ထားတဲ့ စာရေးသူရဲ့ ဟာသဝတ္ထုဇာတ်လမ်း "ဖာတစ်လုံး ရွှေရိုး"ဆိုတာရှိတယ်။ ဒါပေမယ့် အဲဒီအချိန်က မြန်မာ့ရုပ်ရှင်လောကအတွက် အင်မတန်တန်ဖိုးကြီးမြင့်ခက်ခဲနေကြရတဲ့ ဖလင်ကိစ္စကြောင့် ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား နောက်ထပ်ရိုက်ကူးဖို့ကိစ္စ ငွေကြေးပိုင်းမှာ အချိန်ယူစဉ်းစားတွက်ချက်ရာက မရိုက်ဖြစ်နိုင်ဖို့ဘက်က အလေးသာနေတာဖြစ်တာကြောင့် စာရေးသူအနေနဲ့ အဲဒီ "ဖာတစ်လုံး ရွှေရိုး" ဇာတ်လမ်းအကြောင်း အတိုချုံးအကျဉ်းချုပ်ပြောပြလိုက်တော့ ကိုမေတ္တာက ကြိုက်သွားသလို ဒါရိုက်တာ စိန်သံမဏိကလည်း သဘောတော်တော်ကျသွားတယ်။

ဒါကြောင့် အဲဒီဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်ကို တောင်းတယ်၊ ဒါပေမယ့် သုံးလေးနှစ်လောက်ရှိနေပြီဖြစ်တဲ့ အဲဒီ ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်က မင်းသား ကိုတိုးညွန့်ဆီမှာ ပျောက်နေတယ်။ ရှာလို့မတွေ့ဘဲ အခက်ကြုံနေတာ သိရလို့ စာရေးသူက မင်းသားကို အားနာပြီး မရှာပါနဲ့တော့၊ ရှိပါစေတော့ ကိုယ်ရေးတဲ့ ဝတ္ထုဇာတ်လမ်းပဲဖြစ်တော့ အစ၊ အဆုံး တစ်လုံးမကျန် မှတ်မိတယ်။ ဒါကြောင့် အဲဒီ

ရုပ်ပြကာတွန်းလောကမှာ စာရေးသူရဲ့ဇာတ်ကောင် ကာတွန်းဇာတ်လိုက် အထင်အရှားမရှိခဲ့တာက စာရေးသူရဲ့ ဗီဇဝါသနာက ကာတွန်းရုပ်ပြစာအုပ်ကို ထမင်းစားရေသောက်တဲ့ကိစ္စလောက် သဘောထားပြီး အပျော်တမ်းရေးဆွဲခဲ့တာပါ။

နေ့က အိမ်ပြန်ရောက်တာနဲ့ ထမင်းမစား ဟင်းမစားဘဲ စာရေးစားပွဲ ကာတွန်းဆွဲတဲ့ ပုံဆွဲခုံပေါ်မှာ စာရွက်ကြမ်းနဲ့ တစ်ထိုင်တည်းပြန်လည်စဉ်းစားတွေးတောပြီး ရေးချလိုက်ပါတယ်။ ပြီးတာနဲ့ ကိုမေတ္တာရှိတဲ့ ဝဇီရာပြဇာတ်ရုံဆီ အမြန် ပြေးသွားပြီး ဇာတ်လမ်းအကျဉ်းချုပ်ကို ပေးဖြစ်လိုက်ပါတယ်။ အဲဒီအချိန်က "ကွမ်းသီး+မေတ္တာ" တို့ နေ့ပွဲပါ မကျန် ဝဇီရာရုပ်ရှင်ရုံမှာ ပြဇာတ်ကပြီး အောင်မြင်နေကြပါတယ်။

ဝတ္ထုအကျဉ်းရတာနဲ့ ကိုမေတ္တာနဲ့ စာရေးသူတို့ ဝဇီရာပြဇာတ်ရုံမှ လမ်းလျှောက်ပြီး (၃၆)လမ်းထိပ်က ကြေးအိုးဆိုင်မှာ ကိုမေတ္တာက နေ့လယ်စာ ကြေးအိုးဆီချက် ကျွေးပါတယ်။ အဲဒီနောက် (၃၅)လမ်းထိပ် အပေါ်ထပ်မှာရှိတဲ့ ရွှင်ပျော်ပျော် ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ကိုထွန်းလွင်နဲ့ စာရေးသူကို တွေ့ဆုံမိတ်ဆက်ပေးပြီး အဲဒီ "ဖာတစ်လုံးရွှေရိုး"ဝတ္ထုကိုကြိုက်လို့ ဒါရိုက်တာ စိန်သံမဏိနဲ့ ရိုက်ဖို့ စီစဉ်ပြီးဖြစ်တဲ့အကြောင်းပါ အခိုင်အမာပြောပြပြီး ဘာစာချုပ်မျှမပါဘဲ ပုဂ္ဂိုလ်ရေးအရ ယုံကြည်မှုနဲ့ စာရေးသူကို ကိုမေတ္တာက ဝတ္ထုစာမူခတစ်ထောင် စရန်ငွေအဖြစ် တောင်းပေးလိုက်ပါတယ်။ အဲဒီအချိန်က ပြင်ပစာနယ်ဇင်းတွေမှာ ဝတ္ထုဇာတ်လမ်း၊ ဝတ္ထုတိုတစ်ပုဒ် တစ်ရာ့ငါးဆယ်ကနေ သုံးရာလောက်သာရတဲ့အချိန်ပါ။ နောက်တော့ ဇာတ်ကားရိုက်ဖို့ အတည်ပြုပြီးတော့ ကန်တော့ပွဲမပေးခင် တစ်ရက်မှာ စာရေးသူကို ပိုင်ရှင်ကိုထွန်းလွင်က ၂၀၀၀ ကျပ် ထပ်ပြီးပေးပါတယ်။

အဲဒီအချိန်က ဗီဒီယိုဇာတ်လမ်းအတွက် ဇာတ်ညွှန်းမပါ(ဝတ္ထု)အနေနဲ့ ၃၀၀၀ ကျပ်ဆိုတာ အမြင့်ဆုံးရတဲ့ဈေးဖြစ်ပါတယ်။ ဝတ္ထုဇာတ်လမ်းအကျဉ်းက တောသားအူကြောင်ကျားရွှေရိုး ထီထိုးပြီးထီလက်မှတ်ပျောက်သွားမှာစိုးလို့ အိမ်ခေါင်တိုင်မှာ တမာစေးကော်နဲ့ကပ်ပြီး အဟုတ်တကယ်ထီပေါက်တယ် သတင်းကြားရတော့ ထီလက်မှတ်က တိုင်မှာကော်သုတ်ကပ်ထားတာကြောင့် ခွာလို့မရ၊ ဒါကြောင့် ထီလက်မှတ်ကို စုတ်သွားမှာစိုးလို့ အိမ်တိုင်ကိုလွှနဲ့ဖြတ်ပြီး ယူလိုက်တာ အိမ်ပြိုကျသွားတယ် အဲဒီကစ တစ်ကားလုံးရယ်စရာ(ဟာသ)အပြည့်ပါ။

ဒီစိတ်ကူး(အိုင်ဒီယာ)ရတာက ကမ္ဘာကျော်ဟာသ လူရွှင်တော်(ချာလီချက်ပလင်)ထီထိုးပြီး ထီပေါက်တဲ့ ဟာသအသံတိတ် ဇာတ်ကားတိုလေးကို ကြည့်ပြီး ကိုယ့်စိတ်ကူးနဲ့မြန်မာမှုပြုပြီး ရေးဖြစ်သွားတဲ့ ဝတ္ထုဇာတ်လမ်း ဟာသဇာတ်ကားပါ။

ဒါပေမယ့် ကံဇာတာဆိုတာ အလွန်ပဲဆန်းကြယ်လွန်းပါတယ်။ အဲဒီ "ဖာတစ်လုံးရွှေရိုး" ဗီဒီယိုဇာတ်ကားကန်တော့ပွဲကို အဲဒီအချိန်က အခုဝက်ပါလမ်းမှာရှိတဲ့ ရုပ်ရှင်ကောင်စီ အစည်းအရုံးမှာ ကိုမေတ္တာကို မင်းသားအဖြစ်နဲ့ အကြီးအကျယ် ကန်တော့ပွဲကြီးပေးခဲ့တာပါ။ ဒါပေမယ့် ဘယ်လိုအကြောင်းကံက ဘယ်လိုဖန်တီးတယ်မသိ တကယ်တမ်း မန္တလေးမှာသွားပြီး အဲဒီဇာတ်ကားကို ရိုက်ကူးတော့ မင်းသားက မော့စ်ဖြစ်သွားပါတယ်။

ဒါကိုက လူ့ကံ-ဝကံလို့ဆိုရမလို လူရွှင်တော် ကိုမော့စ်ဟာ စာရေးသူရဲ့ "ဖာတစ်လုံးရွှေရိုး" ဝတ္ထုဇာတ်ကားနဲ့ နေ့ချင်း၊ ညချင်းအောင်မြင်ထင်ရှားတဲ့ ဟာသလူရွှင်တော် စူပါမင်းသားဖြစ်သွားတော့တာပါပဲ။

အဲဒါကြောင့် စာရေးသူဟာ ကံတရားရဲ့ ဆန်းကြယ်ပုံကို အံ့သြကုန်နိုင်ဖွယ်ဖြစ်ရပါတယ်။

ဒီဝတ္ထုကို မူလပထမ ရုပ်ရှင်ဇာတ်ကားကြီးရိုက်ဖို့ စီစဉ်ထားတာက ရွှေဂေါင်းပြောင်မင်းသား ကိုတိုးညွန့်ပါ။ ဒုတိယ ဒီဇာတ်လမ်းကို ကြိုက်လှတဲ့ ကိုမေတ္တာက စာရေးသူထံကဝယ်ပြီး သူပဲမင်းသားဖာတစ်လုံးရွှေရိုး လုပ်မယ်ဆိုပြီး ရုပ်ရှင်ကောင်စီမှာ အကြီးအကျယ် ဗီဒီယိုကန်တော့ပွဲကြီးပေးပြီး ရိုက်မယ်ပေါ့နော်။ ဒါပေမယ့် တကယ့်တကယ်ရိုက်တော့ ကိုမော့စ်ဖြစ်သွားတယ်။ အဲဒါ "ကံအကြောင်းတရား" ပါပဲလို့သာ ပြောရတော့မှာပေါ့။

ဒီဇာတ်ကား အရမ်းအောင်မြင်သွားအောင် ဖော်ဆောင်ဖန်တီးကြသူများက ဝတ္ထုစာရေးသူ ကာတွန်းဖေစန်း၊ ဇာတ်ညွှန်းက ယခုစူပါဒါရိုက်တာ ညီညီထွန်းလွင်ပါ။ ဒါရိုက်တာက ကွယ်လွန်သွားရှာသူ စိန်သံမဏိ ဖြစ်ပါတယ်။

အားလုံးကို အမှတ်တရဂုဏ်ပြုဖော်ပြအပ်ပါတယ်။

ဤဆောင်းပါးဖြင့် ကွယ်လွန်သွားရှာပြီဖြစ်သော အကယ်ဒမီ မော့စ်အား အထူးအမှတ်တရ။ ။

နေပြည်တော်ကောင်စီနယ်မြေအတွင်း

နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမရာထူးများတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Ph.D ဘွဲ့ရသူများ(အသက် ၄၀နှစ်နှင့်အောက်)

(ဂ) M.A/M.Sc ဘွဲ့ရသူများ(အသက် ၃၅နှစ်နှင့်အောက်)

(ဃ) B.A/B.Sc ဘွဲ့ရသူများ(အသက် ၃၀နှစ်နှင့်အောက်)

၂။ မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်း လက်မှတ်ရရှိပြီးပါက မူလတန်းပြ ဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်နောက်ဆုံးထား တင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်ဖြင့် တွက်ချက်သည်။)

၄။ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်လျက်ရှိသောသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ အခြားဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းသားသမီးများကိုသာ ဦးစားပေးရွေးချယ်ခန့်အပ်ပေးမည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၁၂-၅-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး၊ မိမိတို့၏လျှောက်လွှာများကို ၁၈-၅-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ မိမိဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၆။ ၂၃-၅-၂၀၁၄ ရက်တွင် နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၇။ ၂၈-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ပြီး၊ ၂၉-၅-၂၀၁၄ရက် နံနက် ၉း၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး



ဝန်ထမ်းအလိုရှိသည်

အတွင်းခံ လက်ကားဖြန့်ချိရေးတွင် တာဝန်ထမ်းဆောင်ရန် မန်နေဂျာ(၁)ဦး အလိုရှိသည်။ လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ အသက်(၂၅)နှစ်မှ (၄၀)အတွင်း လစာ(၈၀၀၀၀ဝိ/-)ဝန်းကျင်။

အိမ်အမှတ်(၁၆)၊ ၈၄လမ်း၊ ၂၃×၂၄ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၉-၂၅၀၈၀၀၀၆၉

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာလမ်းမကြီး၊ အမှတ်(၈၅၈)တွင်နေထိုင်သူ ကျွန်တော်ဦးတင်ဝင်း၏သမီး မအေးမြတ်ချိုဝင်း[၁၂/ဥကမ(နိုင်)၂၀၀၈၉] ကိုင်ဆောင်သူ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ အသက်(၂၂)နှစ် ဆံပင်အနက်ရောင်၊ ခါးလယ်ခန့်အရှည်ရှိပြီး မျက်ခုံးမျက်လုံးအနက်၊ နှာတံပေါ်၊ နှုတ်ခမ်းပါး၊ မျက်နှာသွယ်၊ ယာနှုတ်ခမ်းအောက်မှဲ့ရှိ၊ အသားဖြူ အရပ်(၅)ပေ(၂)လက်မခန့်ရှိသူသည် နေအိမ်မှ ၂၉-၄-၂၀၁၄ ရက်နံနက် ၁၀ နာရီတွင် အိမ်အနီးနားရှိဈေးသွားမည်ဟုပြောကာ ထွက်သွားသည်မှာ အချိန်လွန်သည့်တိုင် ပြန်ရောက်လာခဲ့ခြင်းမရှိ၍ အိမ်တွင်းအိမ်ပြင်အနီးဝန်းကျင်အား မေးမြန်းစုံစမ်းရှာဖွေရာ ရှာဖွေ၍မတွေ့ရှိသဖြင့် အိမ်အတွင်းရှာဖွေစဉ် လူနှင့်တကွ ကမ္ဘောဇဘဏ်ငွေစုစာအုပ်ပျောက်ဆုံးသွားသည်ကို သိရှိရ၍ ဘဏ်သို့စုံစမ်းရာ၌ နံနက် ၁၀း၄၅ နာရီတွင် ဘဏ်မှငွေထုတ်ယူသွားပြီးနောက်ပျောက်ဆုံးသွားသည်ဟုသာ စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် မအေးမြတ် ချိုဝင်းအား ဖခင်ဖြစ်သူမှသမီးဖြစ်သူကို လွန်စွာစိုးရိမ်ပူပန်နေရ၍ ရောက်ရာအရပ်မှ အမြန်ပြန် လာစေချင်ပါသည်။ မအေးမြတ်ချိုဝင်းအားတွေ့ရှိက ကျွန်တော့်ထံဆက်သွယ်၍ ပြန်လည် အကြောင်းကြားပေးလျှင် ကျေးဇူးဆပ်မည်ဖြစ်ပြီး ကျွန်တော်၏သမီးဖြစ်သူအား ဖြားယောင်းသွေးဆောင်၍ လက်ခံဖျောက်ဖျက်ထားသူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထည့်သွင်းပါသည်။

ဖခင်ဖြစ်သူ ဦးတင်ဝင်း

[၁၂/ဥကမ(နိုင်)၀၄၈၄၈၇]

အမှတ်(၈၅၈)၊ သုမာလာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-၀၉-၂၅၀၁၈၈၀၂၀၊ ၀၁-၆၅၅၉၉၅၊ ၀၉-၄၃၀၆၅၄၄၂

ယာဉ်မောင်းအလိုရှိသည်

Pre School ကျောင်းကား (Light Truck)

မောင်းရန် လစာ ၁ သိန်း ၇ သောင်း

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၅၀၃၁၄၁၊ ၀၉-၅၁၄၅၉၂၀

တိုက်ခန်းရောင်းမည်

ပေ(၁၈×၅၄)၊ မြေညီထပ်၊ ဘရဏီ (၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ အသင့်နေနိုင်

ဖုန်း-၄၂၃၇၂၀၀၂၉၊ ၄၃၀၃၉၆၆၇

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းတွင် ကာဂါဝါ ပါဝင်လာ

ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းတွင် မန်ယူအသင်းမှ ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါ ပါဝင်လာကြောင်း သိရသည်။ ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါသည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်မှ စတင်ကာ မန်ယူအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် အခက်ကြုံခဲ့ရသော်လည်း ဂျပန်အသင်းနည်းပြ အယ်လ်ဘက်တိုဇက်ချီရိုနီကမူ ကမ္ဘာ့ဖလားခရီးစဉ်အတွက် ကာဂါဝါအား ထည့်သွင်းခဲ့သည်။

ဂျပန်အသင်းနည်းပြ ဇက်ချီရိုနီသည် ဥရောပ အခြေစိုက်ကစားသမား ၁၂ ဦးအထိ အသင်းအတွက် ခေါ်ယူထားခဲ့ပြီး ဆောက်သမ်တန်အသင်းနောက်ခံလူ ယိုရှိဒါ၊ အေစီမီလန် ကွင်းလယ်ကစားသမား ဟွန်ဒါနှင့် မိန့်ဇ် တိုက်စစ်မှူး ရှင်ဂျီအိုကာဇာကီတို့လည်း ပါဝင်လာခဲ့သည်။

ဂျပန်အသင်းသည် ၂၀၀၂ ခုနှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ ဂျပန်အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(C)၌ အိုင်ဗရီကို့စ်၊ ဂရိ၊ ကိုလံဘီယာတို့နှင့်တစ်အုပ် စုတည်းကျရောက်လျက်ရှိသည်။

ဂျပန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ကစားသမားစာရင်းမှာ ကာဝါရှိမာ (စတန်းဒက် လိဂ်)၊ နီရှိကာဝါ (ယူရာဝါရက်ဒ်)၊ ဂွန်ဒါ(တိုကျိုအက်ဖ်စီ)၊ မိုရီရှီဂီ (တိုကျိုအက်ဖ်စီ)၊ ကွန်နို(ဂမ်ဘာအိုဆာကာ)၊ နာဂါတိုမို (အင်တာ)၊ ယိုရှိဒါ(ဆောက်သမ်တန်)၊ အီနိုဟာ (ဂျူဘီလိုအီဝါတာ)၊ ယူရှိဒါ(ရှော်လ်ကေး)၊ ဟီရိုကီဆာခိအီ(ဟန်နိုဗာ)၊ ဂိုတိုကူဆာခိအီ (စတုဂတ်)၊ ယာဆူဟီတိုအင်ဒို(ဂမ်ဘာအိုဆာကာ)၊ ဟွန်ဒါ(အေစီမီလန်)၊ ကာဂါဝါ (မန်ယူ)၊ ဟာဆီဘီ(နူရင်ဘတ်)၊ ကီယိုတာကီ(နူရင်ဘတ်)၊ ယာမာဂူချိ(ဆီရီဇိုအိုဆာကာ)၊ အေအိုယာမာ(ဟီရိုရှီးမား)၊ ဆာအီတို(မာရီနို့စ်)၊ အိုကာဇာကီ(မိန့်ဇ်)၊ ကာကီတာနီ (ဆီရိုဇိုအို ဆာကာ)၊ ယူယာအိုဆာကို(တီအက်စ်ဗွီမြူးနစ်) နှင့် အိုကူဘို(ကာဝါဆာကီ)တို့ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇

ပြင်သစ်ပထမတန်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားအဖြစ် အီဘရာဟီမိုဗစ်ချ် ရွေးချယ်ခံရ

ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပြင်သစ်ပထမတန်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။ အီဘရာဟီမိုဗစ်ချ်သည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ထူးချွန်ပြောင်မြောက်သော ခြေစွမ်းဖြင့် ကစားနိုင်ခဲ့ပြီး ပီအက်စ်ဂျီအသင်း ပြင်သစ်ပထမတန်း ချန်ပီယံအဖြစ် နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ရေးအတွက်လည်း လိဂ်ပြိုင်ပွဲ ၃၂ ပွဲတွင် ၂၅ ဂိုးအထိ စံချိန်တင်သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်သည်။

ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် တစ်နှစ်တာအကောင်းဆုံးဆုရရှိခဲ့ပြီးနောက် "အခုရာသီဟာ ကျွန်တော့်အတွက် အကောင်းဆုံးရာသီလို့လည်း ထင်ခဲ့ပါတယ်။ ဒီဆုရတာဟာ အသင်းဖော်တွေရဲ့အကောင်းဆုံးပံ့ပိုးမှုတွေလည်း ပါဝင်ပါတယ်" ဟု ပြောကြားခဲ့သည်။

အီဘရာဟီမိုဗစ်ချ်နှင့် အတူ ပြင်သစ်ပထမတန်းကလပ်၏ တစ်နှစ်တာအကောင်းဆုံး နည်းပြအဖြစ် လိုင်လီနည်းပြ ရီနီဂီရက်ရရှိခဲ့သည်။ တစ်နှစ်တာလူငယ်အကောင်းဆုံး ကစားသမားဆုကို ဗာရက်တီက ရရှိခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ဆယ်လ်ဗာတိုရီဆီရီဂူက ဆွတ်ခူးရရှိခဲ့သည်။

ငွေကြယ်

စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ ကျေးလက်မူကြိုကျောင်းများ ဖွင့်မည်

စဥ့်ကိုင် မေ ၁၂

ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသများတွင် ကျေးလက်မူကြိုပညာသင်ကျောင်းများဖွင့်လှစ်ရန် ကျေးရွာ ၁၅ ရွာမှ အဆိုပြုထားကြောင်း သိရသည်။

"အခုလောလောဆယ် မီးသွေးဘုတ်ကျေးရွာ၊ ရွာဟောင်းကုန်းကျေးရွာ၊ ဟင်းငုကျေးရွာ၊ ဆီဆုံကျေးရွာ၊ သပြေရိုးကျေးရွာ၊ ကန်တွင်းကျေးရွာ၊ ကတိုးကျေးရွာ၊ တပ်ကြီးကျေးရွာ၊သင်တောင်းကျေးရွာ၊ ပလိပ်ဘုတာရွာ၊ နတ်ရေကန်ကျေးရွာ၊ ဇော်ဂျီကျေးရွာ၊ ကြက်လျှာကျေးရွာ၊ မြောက်ကိုင်းကျေးရွာနဲ့ ထန်းတောကျေးရွာ စုစုပေါင်း ကျေးရွာ ၁၅ ရွာမှာ ဖွင့်လှစ်ဖို့စီစဉ်နေပါတယ်။ ကျေးရွာအလိုက်ကျောင်းသား ၃၀ ကို ဆရာ ဆရာမ နှစ်ဦးနှုန်းနဲ့ ဒေသခံလူငယ်လူရွယ်တွေထဲက တက္ကသိုလ်ဘွဲ့ရ ဆရာ ဆရာမတွေ ရွေးချယ်ခန့်ထားပြီး သင်တန်းပေးလျက်ရှိပါတယ်။

ဒီပညာရေးစနစ်က ဒေသတွင်းမှာရှိတဲ့ အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးသူငယ်တွေအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ လာမယ့်ဇွန်လကျောင်းဖွင့်ချိန်မှာ မူလတန်းကျောင်းသားများနည်းတူ ကျောင်းအပ်လက်ခံပြီး ကျေးလက် မူကြိုပညာသင်ကျောင်းများဖွင့်လှစ်သင်ကြားသွားမှာ ဖြစ်ပါတယ်။

မြို့ကြီးအချို့မှာတော့ မူကြိုကျောင်းတွေ ပုဂ္ဂလိကပိုင်အနေနဲ့ ဖွင့်လှစ်လာကြပါတယ်။ တစ်ကျောင်းနဲ့တစ်ကျောင်း ဂုဏ်တုဂုဏ်ပြိုင်လုပ်ဆောင်ကြရင်းက အချို့မြို့တွေမှာ မူကြိုကျောင်း နှစ်နှစ်တက်ပြီးရင် မူကြိုဘွဲ့တွေဘာတွေပေးတဲ့အထိ မိဘတွေစိတ်ဝင်စားအောင် ပုံကြီးချဲ့လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။ အချို့မြို့တွေမှာတော့ မူကြိုအဆင့်နဲ့ မကိုက်ညီတဲ့သင်ကြားမှုတွေ၊ ဘာသာခြားစကားတွေ သင်ကြားတဲ့အထိ ချဲ့ထွင်လာကြတာကို တွေ့ရပါတယ်။ အမှန်က အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးအရွယ်တွေမှာ စာပေအရေး၊ အဖတ်တွေ သင်ကြားခွင့်မပြုပါဘူး။ သူတို့ရဲ့ဦးနှောက်က အဲဒီလောက်မရင့်ကျက်သေးပါဘူး။ သူတို့ကို မိဘဆွေမျိုးအသိုင်းအဝိုင်း မဟုတ်တဲ့ ပတ်ဝန်းကျင်မှာ အဖွဲ့အစည်းနဲ့နေတတ်ထိုင်တတ်အောင် သင်ကြားပေးရမှာဖြစ်ပါတယ်။ အများနဲ့ စုပေါင်းကစားရတဲ့ ကစားနည်းလေးတွေ သင်ကြားပေးရပါမယ်။ သီးသန့်အိပ်ချိန်ပေးရပါမယ်။ စုပေါင်းစားသောက်တတ်တဲ့ အလေ့အကျင့်တွေ ပျိုးထောင်ပေးရပါမယ်။ လွတ်လပ်စွာ ဆော့ကစားနိုင်တဲ့ ကစားကွင်းလေးတွေ ဖန်တီးပေးရပါမယ်။ ကြက်တူရွေးစာအံသလို လွယ်ကူတဲ့ ကဗျာလင်္ကာလေးတွေ၊ တေးသီချင်းလေးတွေ သီဆိုတတ်အောင် လေ့ကျင့်ပေးရပါမယ်။ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုတွေ၊ လွယ်ကူတဲ့ အကနည်းစနစ်တွေကို သင်ကြားပေးရပါမယ်။ ဒီလိုစနစ်တကျပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကလေးတွေရဲ့ ဦးနှောက်ဖွံ့ဖြိုးလာမှုနဲ့အတူ မူကြိုကနေ မူလတန်းအဆင့်ပညာရေးကို ကူးပြောင်းသင်ကြားတဲ့အခါ အခက်အခဲမရှိဘဲ ထူးချွန်ထက်မြက်တဲ့ ကလေးတွေဖြစ်လာတာ တွေ့ရပါတယ်။ အခုလို မူကြိုပညာရေးကို တက်ရောက်ခွင့်မရဘဲ အသက် ငါးနှစ်ပြည့်မှ ကျောင်းနေရတဲ့ ကျေးလက်ဒေသ ကလေးငယ်တွေဟာ ကျောင်းစနေစဉ်အခါမှာ တော်တော်နဲ့ အသားမကျနိုင်တာကို တွေ့ရပါတယ်။ တချို့ဆို ကျောင်းကြောက်တဲ့ရောဂါရလာကြတာ တွေ့ရပါတယ်။ ပညာရေးဆုံးခန်းတိုင်အောင်မသင်ဘဲ ကျောင်းထွက်သွားကြတာ တွေ့ရတယ်။ မူကြိုနေခဲ့ဖူးတဲ့ ကျောင်းသားတွေမှာတော့ ဒါမျိုးအဖြစ်နည်းတာ တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာကျောင်းအခြေပြု မူကြိုပညာရေးစနစ် အကောင်အထည်ဖော်နိုင်ဖို့အတွက် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးနေကြပါတယ်ရှင်"ဟု မူလတန်းကျောင်းအုပ်ဆရာမကြီး တစ်ဦးက ရှင်းလင်းပြောပြ၍ သိရသည်။

အောင်မင်း(စဥ့်ကိုင်)

လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇)၊ အိမ်အမှတ်(၂၃/က)နေ (ဘ)ဦးကျော်လွင်၏သမီး ဦးဇော်လင်းထွန်း၏ဇနီး မနှင်းဆီ[၉/အမဇ(နိုင်)၀၂၀၆၉၁]နှင့် သားလေး မောင်သက်မင်းခန့်ဇော်(ခ)ဂျွန်သည် ခင်ပွန်းမရှိခိုက် နေအိမ်မှထွက်ခွာသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်း၍လက်ခံထားရှိသူကို ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်လင်းထွန်း

ဖုန်း- ၀၉-၉၁၀၂၇၉၇၁၊ ၀၉-၂၅၆၁၅၀၂၀၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၁၁၅၉/ခ၊ (အလျားပေ၂၀×အနံပေ၆၀) အကျယ်အဝန်းရှိ ဒေါ်လှရှင် အမည်ပေါက် ပါမစ်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၁၁၅၉/ခ)မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူထွန်း[၁၄/ပသန(နိုင်)၀၀၆၅၃၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)	ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,A.G.T.I(EP),D.B.L,D.M.L	**LL.B,WIPO(SWITZERLAND)**
WIPO(SWITZERLAND)	ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	**LL.B,WIPO(SWITZERLAND)**
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး	အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁



မန်ကျည်းပင်ပေါ်တက်ရာ ခြေချော်ကျသေဆုံး

ကသာ မေ ၁၂

ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ဘီကျေးရွာတွင် မေ ၇ ရက် နံနက် ၆ နာရီခွဲက အမျိုးသမီး တစ်ဦး သစ်ပင်ပေါ်မှ ပြုတ်ကျသေဆုံး ကြောင်း သိရသည်။

ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ် သန်းထွန်းနှင့်အဖွဲ့သည် သက်သေ များနှင့်အတူ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မရီမာ(၃၅)နှစ်ဖြစ်ပြီး ၎င်းသည် နေအိမ်ခေါင်းရင်းရှိ မန်ကျည်းပင်ပေါ် တွယ်တက်နေသော ဆူးပုပ်ရွက် ခူးရန် မန်ကျည်းပင်ပေါ်မှ တက်ခူးစဉ် ခြေချော်ပြီး ပြုတ်ကျခဲ့ရာ ဇက်ကျိုး၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှု သေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငြိမ်းငြိမ်း (ကသာ)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြိတ်မြို့တွင် ခရီးသည်တင်စက်လှေတစ်စင်း ဆိပ်ကမ်း၌ဆိုက်ကပ်ထားစဉ် နစ်မြုပ်

မြိတ် မေ ၁၂

မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၂) ဗောတံတားတွင် မြိတ်မြို့ နှင့် ကျွန်းစုမြို့နယ် ချောင်းကြီးဝသို့ ပြေးဆွဲနေသော မြတ်လင်းသူအမည် ရှိ အလျား ၅၉ ပေ၊ အနံ ၁၃ ပေ၊ ရေစူးခြောက်ပေရှိသော ခရီးသည်တင် စက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ သည်။ **(အပေါ်ပုံ)**

အဆိုပါစက်လှေသည် ချောင်းကြီးဝ ကျေးရွာမှ ကိုဇော်ဌေးပိုင်ဆိုင်သည့် စက်လှေဖြစ်ပြီး မေ ၈ ရက်တွင် ချောင်းကြီးဝကျေးရွာမှ မြိတ်မြို့သို့ ရောက်ရှိကာ ခရီးသည်နှင့်ကုန်ပစ္စည်း များ တင်ဆောင်ပြီး ချောင်းကြီးဝ ကျေးရွာသို့ မေ ၁၄ ရက်တွင် ပြန်လည် ထွက်ခွာမည်ဖြစ်သည်။

ယင်းစက်လှေကို အမှတ်(၂) ဗော တံတားတွင် ဆိုက်ကပ်ကာ ကုန် ပစ္စည်းများ တင်ဆောင်ထားစဉ် မေ ၁၁ ရက် ညပိုင်းတွင် ရေကျပြီး လှေတစ်ခြမ်း စောင်းသွားခဲ့သည်။ ရေပြန်တက်ချိန်တွင် လှေအတွင်း ရေဝင်ရောက်၍ မေ ၁၂ ရက် နံနက် ၇ နာရီတွင် လှေနစ်မြုပ်သွားခဲ့ရာ လှေပေါ်ရှိ လူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ လှေနစ်မြုပ်မှုကြောင့် လှေအတွင်းရှိပစ္စည်းများ ရေနစ် မြုပ်ခဲ့ရာ လှေပေါ်ပါပစ္စည်းများကို လိုက်လံ ဆယ်ယူလျက်ရှိကြောင်း သိရသည်။ **ဇော်မျိုးနိုင် (ပြန်/ဆက်)**

မန္တလေး-မြစ်ကြီးနား အမှတ်(၄၁)အဆန်ရထား ပင်ဝယ်-မော်လူးကြား တွဲချော်

မော်လူး မေ ၁၂

မန္တလေး-မြစ်ကြီးနား အမှတ်(၄၁) အဆန်ရထားသည် ပင်ဝယ်ဘူတာနှင့် မော်လူး ဘူတာကြားတွင် မေ ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးဘူတာကြီးမှ ထွက်ခွာလာသော စက်ခေါင်းအမှတ် DD 1216 စက်ခေါင်းမောင်း ဦးကျော်ကျော်အေး၊ ရထားထိန်း ဦးခင်မောင်လတ်တို့ မောင်းနှင်လာသည့် အမှတ်(၄၁)အဆန်ရထားသည် ပင်ဝယ်ဘူတာမှ ညနေ ၅ နာရီ ၃၉ မိနစ်တွင် ထွက်ခွာလာပြီး မိုင်တိုင်အမှတ် ၅၉၉ (၁၇/၁၈) ကြားတွင် တွဲအမှတ် GBHV 40285 ၏ ရထားဘီး(၁/၂ အတွင်း)(၇/၈ အပြင်) ရထားသံလမ်းမှ ၁၀ လက်မခန့်အကွာသို့ ချော်ကျမှုဖြစ်ပွားခဲ့သည်။ ယင်းရထားတွဲချော်မှုကြောင့် လမ်းကြောင်းပိတ်ဆို့မှုကို အမြန်ဆုံးပုံမှန်ပြန်လည် သွားလာနိုင်ရေးအတွက် မော်လူးဘူတာနှင့် ပင်ဝယ်ဘူတာ တာဝန်ခံရုံပိုင်ကြီး တို့က အနီးကပ်ကြီးကြပ်ပြီး အင်းတော်၊ နဘား၊ မော်လူးရထားလမ်းအင်ဂျင် နီယာအဖွဲ့များက ည ၉ နာရီတွင် စတင်ဆောင်ရွက်ခဲ့ရာ ည ၁၁ နာရီတွင် ပြီးစီးခဲ့ပြီး မေ ၁၁ ရက် နံနက် ၁ နာရီခန့်တွင် လမ်းပိုင်းကို ပြန်ဖွင့်ခဲ့ကာ ရထားများ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း၊ တွဲချော်မှုကြောင့် ရထားပေါ်တွင် လိုက်ပါလာသည့် ဝန်ထမ်းနှင့်ခရီးသည် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း၊ တွဲချော်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးရထားလမ်းအင်ဂျင် နီယာအဖွဲ့နှင့် ရထားတွဲပါဆယ်တင်အဖွဲ့တို့ ဆွေးနွေးအဖြေရှာလျက်ရှိ ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

စဉ့်ကိုင်မြို့နယ်တွင် ဇန်နဝါရီ ၁ ရက်မှ မေ ၁၀ ရက်အတွင်း မိုးရေချိန် ၁၂ လက်မကျော် ရွာသွန်း

စဉ့်ကိုင် မေ ၁၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မေ ၁၀ ရက် ညနေ ၆ နာရီခန့်မှ ည ၈ နာရီကျော်အထိ မိုးသည်း ထန်စွာ ရွာသွန်းခဲ့ရာ ဒေသတွင်း မိုးရွာသွန်းမှုအခြေ အနေနှင့် စိုက်ပျိုးရေးလုပ်ငန်းများအကြောင်းကို သိရှိ နိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မိုးလေဝသဌာနခွဲသို့ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"၂၀၁၄ ခုနှစ်အတွင်း စဉ့်ကိုင်မြို့နယ်ရဲ့ မိုးရွာသွန်းမှု အနေနဲ့ ဖေဖော်ဝါရီ ၁၇ ရက်မှာ သုည ဒသမ ၃၆ လက်မ၊ ဧပြီ ၉ ရက်မှာ သုည ဒသမ ၂၂ လက်မ၊ ဧပြီ ၂၆ ရက်မှာ ၃ ဒသမ ၉၆ လက်မ၊ ဧပြီ ၂၈ ရက်မှာ ၂ ဒသမ ၄၄ လက်မ၊ ဧပြီ ၂၉ ရက်မှာ သုည ဒသမ ၇၂ လက်မ၊ မေ ၂ ရက်မှာ ၁ ဒသမ ၁၈ လက်မ၊ မေ ၁၀ ရက်မှာ ၃ ဒသမ ၄၀ လက်မတို့ ရွာသွန်းခဲ့ပါတယ်။ ဇန်နဝါရီလနဲ့ မတ်လတွေမှာ မိုးရွာသွန်းမှုမရှိခဲ့ပါဘူး။ ဇန်နဝါရီ ၁ ရက်ကနေ မေ ၁၀ ရက်အထိ စုစုပေါင်းမိုးရေချိန် ၁၂ ဒသမ ၂၈ လက်မ ရွာသွန်းခဲ့ပါတယ်။ ယခင်နှစ် မှတ်တမ်းများအရ မေလမှာ မိုးအဆက်မပြတ် ရွာသွန်း လေ့ရှိတာမို့ မုတ်သုံဝင်ရောက်လာချိန်အထိ မိုးအဆက် မပြတ် ရွာသွန်းလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ မုတ်သုံ လေ ဝင်ရောက်ပြီး မိုးကာလဖြစ်တဲ့ ဇွန်၊ ဇူလိုင်လတွေ မှာတော့ မိုးရွာသွန်းလေ့မရှိပါဘူး။ တစ်လတစ်ကြိမ် လောက်ပဲ ရွာတတ်ပါတယ်။ မိုးလယ်နဲ့ မိုးနှောင်းကာလ တွေမှာလည်း မိုးသိပ်မရွာပါဘူး။ ကျွန်တော်တို့မြို့နယ်က အခုလို မုတ်သုံမဝင်မီ မိုးကြိုကာလနဲ့ မုတ်သုံဆုတ်ခွာပြီးချိန် မိုးလွန်ကာလတွေမှာ မိုးရေချိန်များများ ရရှိတတ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဌာန မိုးလေဝသဌာနခွဲမှ တာဝန်ရှိ သူတစ်ဦးက ရှင်းလင်းပြောကြားသည်။ **အောင်မင်း(စဉ့်ကိုင်)**

သုံးခွမြို့နယ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

သုံးခွ မေ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ၌ မေ ၁၁ ရက် ညနေ ၆ နာရီခန့်က အမျိုးသား တစ်ဦး ဓာတ်လိုက်သေဆုံးကြောင်းသတင်းအရ သုံးခွမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်လျှပ်စစ်ဌာနမှ ဒုလက်ထောက်အင်ဂျင်နီယာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကိုနိုင်(ခ) ကိုဝင်းနိုင်(၄၅)နှစ်(လက်သမား)ဖြစ်ပြီး ၎င်းသည်အဒေါ်ဖြစ်သူ၏ အိမ်ကို ဝိုင်းကူဆောက်လုပ်ပေးနေရာ နေအိမ်မှာ မပြီးသေးသဖြင့် ညဘက်တွင် ဆက်လက်ဆောက်လုပ်ရန် အိမ်ချင်းကပ်နေအိမ်မှလျှပ်စစ်မီးကြိုးဖြင့် မီးပလပ်ထိုး သွယ်တန်းစဉ် ပေါက်နေသော လျှပ်စစ်မီးကြိုးအဆက်မှ ဓာတ်လိုက်ကာလဲကျသေဆုံးသွားကြောင်းသိရပြီး ဓာတ်လိုက် ချိန်တွင် လက်နှစ်ဖက်မှာလျှပ်စစ်မီးကြိုးအားကိုင်လျက် အကျႌမပါ၊ ရေစိုလုံချည်ဝတ်ထားပြီး ဖိနပ်စီးထားခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန် သုံးခွမြို့မရဲစခန်းက သေမှု သေခင်းအမှတ်စဉ်(၁၀/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

"၄၃"နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ကျေးဇူးရှင်မိဘများဖြစ်သော ဖခင် ဦးကျော်တင့်နှင့် မိခင် ဒေါ်စိန်ငွေတို့သည် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် သံသရာမှ လွတ်မြောက်နိုင်သော တရားများအား နားလည်ကျင့်သုံးနိုင်ပါစေလို့ ၁၃-၅-၂၀၁၄ရက်(ကဆုန်လပြည့်နေ့)တွင်ကျရောက်သော (၄၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အဖြစ် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သား-ရဲမြတ်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဥတ္တရသီရိမြို့
သမီး-မခိုင်မျိုးမျိုးတင့်၊ မောင်မြင့်နိုင်
မြေး-သွန်းရတီနိုင်(ခ)သွန်းသွန်း

ခေတ်မီ Band Saw
စက်ကြီးများဖြင့် ကျွန်းနှင့် သစ်မာ၊
သစ်လုံးများကို
နဝလီ ခွဲစိတ်ပေးပါသည်။
ဖုန်း-၀၉-၅၁၉၇၂၉၄၊
၀၉-၅၁၅၀၆၄၇



ဂျပန်ထုတ်ကုန်ပစ္စည်းပြပွဲ မန္တလေးတိုင်းဒေသကြီး၌ ကျင်းပ

မန္တလေး၊ မေ ၁၂

Myanmar Promotional Services(MPS)Co.,Ltd မှကြီးမှူး၍ ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးနှစ် (၆၀) ပြည့် အထိမ်းအမှတ် ဂျပန်ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ မင်္ဂလာမုခ်ဦးတွင် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်း၊ JETRO (Yangon)မှ Managing Director Mr.To Shihiro၊ မစ်ဆူဘီရှီကုမ္ပဏီမှ Mr. ISAZAWA တို့ကဖွင့်လှစ်ပေးသည်။

ဂျပန်နိုင်ငံမှ တရားဝင်အသိအမှတ်ပြု မြန်မာနိုင်ငံအရောင်းကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်ဂျပန်ထုတ်ကုန်ပစ္စည်းများအား မန္တလေးမြို့နှင့် အထက်မြန်မာပြည်ဈေးကွက်သို့ တွင်ကျယ်စွာထိုးဖောက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဂျပန်ထုတ်ကုန်ပစ္စည်းပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးမြို့တော်ခန်းမတွင် မေ ၉ ရက်မှ ၁၁ ရက်ထိ နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံမှ နာမည်ကြီး KONICA MINOLTA မှ မိတ္တူကူးစက်၊ ပရင်တာအမျိုးမျိုး၊ SONY ကုမ္ပဏီ 3D မှ ရုပ်မြင်သံကြားစက်များ၊ ကင်မရာများ၊ ဟန်းဖုန်းများ၊ Canon ကုမ္ပဏီမှ ကင်မရာနှင့် ဗီဒီယိုကင်မရာများ၊ Rinnal ကုမ္ပဏီထုတ် ရေချိုးခန်းသုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ မစ်ဆူဘီရှီကုမ္ပဏီထုတ် လျှပ်စစ်ပစ္စည်းများ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်များ၊ အလှကုန်ပစ္စည်းများ၊ မော်တော်ယာဉ်သုံးပစ္စည်းများနှင့် အင်ဂျင်ဝိုင်များ၊ စက်ရုံသုံး၊ အိမ်သုံးပစ္စည်းများ၊ မိုဘိုင်း၊ ရေသန့်စက်များအား ခင်းကျင်းပြသထားကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သံတွဲခရိုင်မြို့နယ်အသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ၏ တင်ပြချက် ၃၉ ချက်အား ဆွေးနွေး

သံတွဲ၊ မေ ၁၂

သံတွဲခရိုင်ရှိ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ကျိန္တလီ၊ မအီမြို့နယ် မြို့နယ်ခွဲတို့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်တို့သည် မေ ၉ ရက် မွန်းလွဲ ၁ နာရီတွင် သံတွဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ သံတွဲခရိုင် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးဖြည့်ဆည်းပေးခဲ့သည်။

သံတွဲခရိုင်ရှိ မြို့နယ်အသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ၏ တင်ပြချက် ၃၉ ချက်နှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများက ၂၃ ချက်ကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပြီး ၁၄ ချက်ကို ညှိနှိုင်းပေးခဲ့ကာ ကျန်သည့်နှစ်ချက်အား အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးရန် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ဂွမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ မအီမြို့နယ်ခွဲ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးအောင်မင်းကြည်၊ ကျိန္တလီမြို့နယ်ခွဲ မြို့မိမြို့ဖ ဒေါက်တာမောင်မောင်ကြည်၊ သံတွဲမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်သိန်းနှင့် ဦးခင်မောင်ဝင်း၊ တောင်ကုတ်မြို့နယ်မှ မြို့မိမြို့ဖ ဦးထွန်းလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျောက်တောင်တို့က ဆွေးနွေးတင်ပြခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ဆေးဝါးတက္ကသိုလ်မန္တလေးနှင့် ထိုင်းတက္ကသိုလ်တို့ ပူးပေါင်း၍ပညာသင်ဆုပေးအပ်ရေးနှင့် ဆေးပညာသင်ကြားရေးဆိုင်ရာများ ဆွေးနွေး

မန္တလေး၊ မေ ၁၂

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် မန္တလေးနှင့် ထိုင်းနိုင်ငံ Faculty of Pharmacy, Silpakorn University တို့ပူးပေါင်း၍ ပညာသင်ဆုပေးအပ်ရေးနှင့် ဆေးပညာသင်ကြားရေးဆိုင်ရာများ ဆွေးနွေးပွဲကို မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

ဆေးဝါးတက္ကသိုလ်၊ မန္တလေး ခေတ္တပါမောက္ခချုပ်ပါမောက္ခဒေါက်တာတင်မောင်ဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက ဆေးဝါးတက္ကသိုလ် မန္တလေးနှင့် ထိုင်းနိုင်ငံ Faculty of Pharmacy, Silpakorn University တို့၏ ဖွဲ့စည်းပုံနှင့် သင်ကြားရေးကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်လှထွေးတို့ဦးဆောင်သော ကထိက၊ ဌာနမှူး၊ ဆရာ၊ ဆရာမများ ထိုင်းနိုင်ငံမှ Prof. Dr. Pornsak Sriamornsak (Association Dean for Research and International Affairs)ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးတို့က ပညာသင်ဆုပေးအပ်နိုင်ရေးနှင့် သင်ကြားရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

တင်မောင်(မန္တလေး)

၂၀၁၄-၁၅ ဘတ်ဂျက် ပြည်သူ့ဆန္ဒနှင့် အနီးစပ်ဆုံး ကိုက်ညီမှုရှိကြောင်း စစ်တမ်းတစ်ခု၌ ဖော်ပြ

ရန်ကုန်၊ မေ ၁၂

၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင်ပါဝင်သည့် ရသုံးမှန်းခြေငွေစာရင်းများ အနေဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ပြည်သူများ၏ ဆန္ဒသဘောထားများဖြင့် အနီးစပ်ဆုံး ကိုက်ညီမှုရှိကြောင်းကို Actionaid Myanmar က ဖေဖော်ဝါရီတွင် ကောက်ယူခဲ့သော စစ်တမ်းတစ်ခုအရ သိရကြောင်း မေ ၁၀ ရက်က ရန်ကုန်မြို့ရှိ UMFCCI ကုန်သည်စက်မှုအသင်းချုပ်၌ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် Bart Roberts on (Development Economisit) က ပြောသည်။

အဆိုပါ စစ်တမ်းကောက်ယူမှုကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ လူဦးရေ ၁၂၄၆ ဦးကို ကောက်ယူခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးကိုယ်စားပြုသည်မဟုတ်ဘဲ ယေဘုယျအားဖြင့် ရရှိသည့်အချက်များကို ပြောကြားခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။

"ဒီနှစ်ဘတ်ဂျက်က လူထုဆန္ဒအလိုက် ပြောင်းလဲလာတာတော့မြင်ရတယ်။ ဒါပေမယ့် ဒေသတွင်းအာဆီယံနိုင်ငံတွေထဲမှာတော့ ကာကွယ်ရေးအတွက် သုံးတဲ့ငွေက အများဆုံးဖြစ်နေသေးတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တခြားဝန်ကြီးဌာနတွေရဲ့ ဘတ်ဂျက်နဲ့ နှိုင်းယှဉ်ရင်တော့ ကာကွယ်ရေးဝန်ကြီးဌာနက ရရှိတဲ့ဘတ်ဂျက်က နည်းနေသေးတာကို တွေ့ရမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

စစ်တမ်းကောက်ယူရာ၌ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ စိုက်ပျိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေး၊ နည်းပညာဖွံ့ဖြိုးရေးစသည့်အချက်များပေါ် အခြေခံကောက်ယူရာ လူဦးရေအများစုမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အများဆုံးအသုံးပြုစေလိုကြောင်း စစ်တမ်းတွင် ဖော်ပြထားကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အများဆုံးတိုးမြှင့်ထားကြောင်း တွေ့ရှိရပြီး အဆိုပါပမာဏမှာ ဒေသတွင်းနိုင်ငံများရှိ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များ၏ အနည်းဆုံးတွင်သာရှိနေသေးကြောင်း ၎င်းစစ်တမ်း၌ ဖော်ပြထားသည်။

တင်မောင်ဦး

ဆောင်းပါး

ကျေးလက်နှင့် သတင်းစာ၊ သို့မဟုတ် မိတ်ကောင်း ဆွေကောင်း

à atmifq(a&WM;)

ကျေးရွာများသို့ သတင်းစာများ နှစ်ပြတ်လှူဒါန်းဆိုသည့်သတင်းကို မေ ၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် စာရေးသူ ဖတ်လိုက်ရသည်။ အလှူရှင်များအား ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို၍ သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။ ပေထက်ကျောက်ထက်တွင် ကမ္ပည်းတင်မခံရသော်လည်း ခရီးတွင်လှသည့် အလှူကြီးဖြစ်ပါသည်။

နှလုံးသားထက်တွင် အက္ခရာတင်နိုင်ခဲ့သည့် မွန်မြတ်၍ ရှားပါးသောအလှူဟု ဆိုချင်ပါသည်။ လူ့လောက လူ့ပတ်ဝန်းကျင်တွင် အသက်ရှင်နေထိုင်သမျှ ဗဟုသုတရှိရပါမည်။ ဆရာကြီးပီမိုးနင်းက “လူကိုစိတ်အုပ်ချုပ်သည်၊ စိတ်ကိုပညာအုပ်ချုပ်သည်၊ ပညာကို ဗဟုသုတအုပ်ချုပ်သည်” ဟု အဆိုရှိခဲ့ပါသည်။ အရှင်ဇနကာဘိဝံသကမူ “အရာရာမှာ ဗဟုသုတရှိဖို့က ပထမ၊ သတိထားဖို့က ဒုတိယ၊ မှန်မမှန်ဆုံးဖြတ်ဖို့က တတိယနဲ့ ဝီရိယနဲ့အလုပ်လုပ်ဖို့က စတုတ္ထ” ဟု ညွှန်ပြဟောကြားတော်မူခဲ့ပါသည်။

ထိုထိုသော ဗဟုသုတများကို ဘယ်မှာရှာကြမည်နည်း။ စာတွေဖတ်ကြရပါလိမ့်မည်။ သတင်းစာတွေ ဖတ်ကြရပါလိမ့်မည်။ ထိုသို့သော စာပေများစွာကို ဖတ်ခြင်းဖြင့် မြန်မာနိုင်ငံတွင်မက တစ်ကမ္ဘာလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေးစသည့် ဗဟုသုတများစွာကို ကျွန်တော်တို့ ရရှိကြပါလိမ့်မည်။

မြို့ပြတွင်နေထိုင်သူများအနေဖြင့် သတင်းစာကို လွယ်ကူစွာဖတ်ရှုနိုင်သည့် အခွင့်အလမ်း များစွာရှိပါသည်။ သတင်းစာကို နေ့စဉ်မယူသည့်တိုင် လိုအပ်လျှင် လိုအပ်သလို နေရာတိုင်းတွင် ဝယ်ယူဖတ်ရှုနိုင်ပါသည်။ ကျေးလက်နေ ပြည်သူများအတွက်မူ သတင်းစာဖတ်နိုင်ရန် လွန်စွာခဲယဉ်းပါသည်။ ငွေရှိသော်လည်း ရောင်းသူမရှိ၍ ဝယ်ဖတ်မရပါ။ ကျေးလက်တောရွာများနှင့် သတင်းစာအလှမ်းကွာရသည့်အကြောင်းရင်းမှာ ဆက်သွယ်မှုခက်ခဲခြင်း(သို့မဟုတ်) လမ်းကြောင်းမသင့်ခြင်းပင်။

စာရေးသူ၏ ဇာတိဖြစ်သော ကျောက်တန်းမြို့နယ် ကဒပွနရွာလေးတွင် လွန်ခဲ့သောနှစ် ၇၀ ခန့်က သတင်းစာ နေ့တိုင်းရှိသည်ဟု သိရပါသည်။ ရွာသားများက လက်ဖက်ရည်ဆိုင်ထိုင်၍ သတင်းစာကို အမြည်းလုပ်ကာ ဇိမ်ထုတ်နေတတ်ကြောင်း ကြားခဲ့ဖူးပါသည်။ ထို့ကြောင့်ပင် အနီးအနား အခြားရွာမှရွာသားများက စာရေးသူတို့ ကဒပွနရွာသားများကို “လက်ဖက်ရည်ဆိုင်ထိုင်၊ ခုံဖိနပ်စီး၊ သတင်းစာကြီးဖောက်ထိုးကိုင်ပြီး ဘာကစ္စတန် ညာကစ္စတန်နဲ့။ ဘာမှမဟုတ် ဟန်လုပ်နေတဲ့ အလကားကောင်တွေ။ အထင်မကြီးနဲ့။ အိတ်ကြည့်ပေါင်းတဲ့ရွာသားတွေ” ဟု ပြောဆိုခဲ့ကြကြောင်း သိရသည်။

ထိုစကားအရပင် ကဒပွနသား အိတ်ကြည့်ပေါင်းတယ်ဟု ယနေ့အချိန်ထိ စာရေးသူတို့ အပြောခံနေရဆဲ ဖြစ်ပါသည်။ ထိုအချိန်က ကဒပွနရွာလေးတွင် ကြေးနန်းရုံးကြီးရှိသည်။ ရွာလယ်တွင် ဗိုလ်တဲကြီးရှိသည်။ ဆိပ်ခံဘောတံတားကြီးနှင့် ရန်ကုန်မြို့သို့ နေ့ချင်းပြန်ပြေးဆွဲနေသော နှစ်ထပ်သင်္ဘောကြီးတွေရှိသည်။ ထို့ကြောင့်ပင် ရန်ကုန်မှသတင်းစာနေ့တိုင်းရောက်ရှိခြင်းကြောင့် ရွာသားများ သတင်းစာဖတ်ခွင့် ရခဲ့ကြခြင်းဖြစ်သည်။

> ယနေ့အချိန်အခါသည် အရာရာတွင် ဖွံ့ဖြိုးတိုးတက်၍ သတင်းနည်းပညာများ လွယ်ကူစွာပျံ့နှံ့နေသည့် အင်တာနက်ခေတ် . . .

စာရေးသူအရွယ်ရောက်ချိန်တွင် အဆောက်အအုံ အပျက်များသာ ကျန်တော့သည်။ သတင်းနှင့်လည်း အလှမ်းကွာသွားခဲ့ပါတော့သည်။

‘အလိမ္မာစာမှာရှိ’ ဆိုသကဲ့သို့ အရွယ်သုံးပါးမရွေး စာဖတ်သူတိုင်း လိမ္မာယဉ်ကျေးမှု အကျိုးတရားကို ရရှိကြသည်။ အသိပညာ ဗဟုသုတ များစွာရရှိပြီး အရာရာကို အသိတရားနှင့်ယှဉ်၍ ဆုံးဖြတ်လုပ်ကိုင်နိုင်ပေသည်။ ငယ်စဉ်က သင်ခဲ့ရသော ကုဋ္ဌေရှစ်ဆယ်သူဌေးသားအကြောင်းကို အမှတ်ရနေပါသည်။ မြေပေါ်ကုဋ္ဌေလေးဆယ်၊ မြေအောက်ကုဋ္ဌေလေးဆယ် ကုဋ္ဌေရှစ်ဆယ်ကို စာမတတ်၊ ပညာမဲ့၊ ဗဟုသုတမရှိ၍ မထိန်းသိမ်းနိုင်ဘဲ ခွက်ဆွဲတောင်းစားရသည့်ဘဝမျိုး ရောက်ခဲ့ရသည်ကို ကဗျာလင်္ကာဖွဲ့၍ ဆုံးမထားပါသည်။

ယနေ့အချိန်အခါသည် အရာရာတွင် ဖွံ့ဖြိုးတိုးတက်၍ သတင်းနည်းပညာများ လွယ်ကူစွာပျံ့နှံ့နေသည့် အင်တာနက်ခေတ်ဖြစ်ပါသည်။ မိမိတို့ဘဝအတွက် အလိုအပ်ဆုံးသော ဗဟုသုတများကို ရသစာပေများဖတ်ခြင်း၊ သတင်းစာဖတ်ခြင်း၊ အင်တာနက်သတင်းများဖတ်ရှုခြင်းဖြင့် ရယူကြစေချင်ပါသည်။

‘စာအုပ်စာပေ လူ့မိတ်ဆွေ’ ဆိုသည့်အလား ကျေးလက်နေပြည်သူများအား မိတ်ကောင်းဆွေကောင်းတို့နှင့် ပေါင်းဖော်တွေ့ဆုံခွင့်ပေးလိုက်ကြသည့် သတင်းစာနှစ်ပြတ်အလှူရှင်များကို ကျေးဇူးတင်ခြင်းများစွာဖြင့် ကြိုဆို ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်များစွာတို့တိုင် ယခုကဲ့သို့သော အလှူရှင်များ ရှိစေချင်ပါသည်။ ကျေးလက်နေပြည်သူများ မိတ်ကောင်းဆွေကောင်းတို့နှင့် ပေါင်းဖက်ပျော်မွေ့နိုင်ကြပါစေ။

နတ်မောက်မြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းရှင်းလင်းခြင်း ဆောင်ရွက်

နတ်မောက်၊ မေ ၁၂

မကွေးတိုင်းဒေသကြီးတွင် မေ ၁၀ ရက် နံနက် ၇ နာရီက မြို့ပေါ်ရှိဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံကြီးအတွင်းနှင့်အပြင်ရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်း မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ပြီး မြို့ပြင်ရှိ သတ်မှတ်နေရာများတွင် စနစ်တကျ စွန့်ပစ်ပေးကြောင်း သိရသည်။

နတ်မောက်မြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသခံယူလျက် ရှိကြသော မိဘပြည်သူများကို စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်ရေးတို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးကို အပတ်စဉ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ် ၇ ရပ်ကွက်ရှိ မိဘပြည်သူများ ပူးပေါင်း၍ စနေနေ့တိုင်း စုပေါင်းရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း(မြန်/ဆက်)**

ယာဉ်တိုက်မှုစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

တောင်ငူ မေ ၁၂

တောင်ငူမြို့နယ် ကေတုမတီမြို့သစ်နယ်မြေရဲစခန်းမှ ယာဉ်(ပ)၂/၂၀၁၄ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ အမှုမှ မျိုးကျော်လွင် (၁၆)နှစ် အုန်းပင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်နေသူ မောင်းနှင်ကာ တိုက်မိခဲ့သော ANDBO အင်ဂျင်တပ်ထားသည့် ဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထား ခိုင်လုံစွာပြောပြနိုင်ခြင်း မရှိသဖြင့် မေ ၅ ရက် တွင် (ပ)၁၆/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ မျိုးကျော်လွင်သည် တစ်ရွာတည်းနေ အညာသား(ခ)ဝက်ကြီး(ခ)ခင်မောင်ဇင် (၂၃) နှစ်နှင့်အတူ ပျော်ဘွယ်မြို့ပေါ်မှ ဆိုင်ကယ်များအား ခိုးယူပြီး ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့တွင် ရောင်းချထားကြောင်း ထွက်ဆိုခဲ့သဖြင့် ကေတုမတီနယ်မြေရဲစခန်းနှင့် ကျောက်တံခါးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြစ်မှုကျူးလွန်သူ အညာသား(ခ)ဝက်ကြီး(ခ)ခင်မောင်ဇင်ကို ကျွန်းချောင်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးသည်လွန်ခဲ့သော ၂၀၁၃ ဇူလိုင်လပိုင်းမှစ၍ပျော်ဘွယ်မြို့နယ်မှ ခိုးယူခဲ့သော ဆိုင်ကယ်ခြောက်စီးအား ကျောက်တံခါးမြို့နယ်တွင် ရောင်းချခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် ရဲတပ်ဖွဲ့က သက်သေတို့ရှေ့တွင် ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ပြီး အမှုဖြင့်သိမ်းဆည်းရမိသော ဆိုင်ကယ်များအားပျော်ဘွယ်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**







ဂျပန်အထည်ချုပ်စက်ရုံ တည်ဆောက်မည့်မြေပေါ်ရှိ သစ်ပင်များကို မူလပိုင်ရှင်များအား ခုတ်ယူခွင့်ပြု

နွားထိုးကြီး၊ မေ ၁၂

နွားထိုးကြီးမြို့နယ် ကံရွာနှင့် ရွာကြီးကြားတွင် ဂျပန်အထည်ချုပ်စက်ရုံ တည်ဆောက်ရန် ဝယ်ယူပြီးဖြစ်သော မြေဧက ၁၀၀ ပေါ်ရှိ မြေပေါ်ပေါက် ထနောင်းပင်၊ ရှားပင်၊ ထန်းပင်၊ သရက်ပင်၊ ကုက္ကိုပင် စသည့်အပင်များကို မူလမြေပိုင်ရှင်များသို့ ခုတ်ယူခွင့်ပေးထားကြောင်း သိရသည်။

အဆိုပါ ဂျပန်အထည်ချုပ်စက်ရုံ တည်ဆောက်ရန်မြေဧက ၁၀၀ ကို ဒေသပေါက်ဈေးဖြင့် ပေးဝယ်ခဲ့ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ် ဒေသခံပြည်သူ သုံးသောင်းခန့် အလုပ်အကိုင် ရကြမည်ဖြစ်၍ ဤစက်ရုံကိုကြိုဆိုကြောင်း ရွာကြီးအုပ်ချုပ်ရေးမှူးက ပြောသည်။

နွားထိုးကြီးနယ်တွင် စက်ရုံများတည်ဆောက်မည့်စီမံကိန်းကို ဂျပန်၊ ကိုရီးယားစက်ရုံများနှင့် နယ်မြေတာဝန်ခံပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အညာဒေသတွင် နိုင်ငံခြား စက်ရုံများ တည်ဆောက်မည်ဖြစ်သောကြောင့် ဒေသတွင်းအလုပ်အကိုင် ပေါများလာမည်ဖြစ်ကြောင်းသိရသည်။

ဌေးမြင့်မောင်

မြောက်ပိုင်းခရိုင်(မထသ) လုပ်အားဆုနှင့် လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်

ရန်ကုန် မေ ၁၂

မြောက်ပိုင်းခရိုင်(မထသ) စီမံမှုအောက်ရှိဝန်ထမ်းများအား ၂၀၁၃ ခုနှစ် တစ်နှစ်တာကာလအတွက် လုပ်အားဆုငွေချီးမြှင့်ခြင်းနှင့် ယာဉ်လုပ်သားများအား ထူးချွန်ဆုပေးအပ်ခြင်း၊ ယာဉ်လိုင်းအလိုက် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ခြင်းတို့အား ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ အ-ထ-က(၁) အင်းစိန်ကျောင်း ဧရာဝတီခန်းမတွင် မေ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌဦးလှအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြောက်ပိုင်းခရိုင်(မထသ) ကော်မတီနှင့် ဝန်ထမ်း ၂၀၉ ဦးအတွက် လုပ်အား ဆုငွေကျပ် ၁၇၀၇၀၀၀၀ အား ဗဟိုဥက္ကဋ္ဌ ဦးလှအောင်က ဆုချီးမြှင့်ခဲ့ပြီး ရန်ပုံငွေအများဆုံးပေးသွင်းသည့် ဌာနခွဲဆုချီးမြှင့်ငွေ ကျပ်သုံးသိန်း၊ ယာဉ်စည်းကမ်း အကောင်းဆုံး ဌာနခွဲဆုချီးမြှင့်ငွေ ကျပ်သုံးသိန်း၊ ယာဉ်စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆုရ ယာဉ်လုပ်သား ၁၂ ဦး ချီးမြှင့်ငွေကျပ်၄၈၀၀၀၀၊ ပိုင် မောင်းရောင်း ၃၅၄ ဦး လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ငွေကျပ် ၄၁၆၆၇၀၀၀ တို့အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်ရှိ ကျေးရွာများ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး၊ မေ ၁၂

မန္တလေးတိုင်းဒေသကြီး ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားခံထားရသော ကျေးရွာ ၁၃ ရွာအတွက် ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုငွေရရှိထားပြီးဖြစ်ပြီး ရေကျချိန်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်မှု စစ်ဆေးရေးအဖွဲ့ဝင်များသည် မေ ၈ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုရေတိုက်စားခံထားရသည့်နေရာများအား ကာကွယ်မှုလုပ်ငန်းများ လုပ်ကိုင်နေစဉ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘတ်ဂျက်ငွေဖြင့် ကျပ်သိန်းတစ်သောင်း လေးထောင်ခန့် အကုန်အကျခံကာ စဥ့်ကူးမြို့နယ်ဆည်သည်ကျေးရွာ၊ ထီးကုန်း-သာယာဝတီကျေးရွာ၊ ဟသ်ာမကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ ညောင်ပင်ကျေးရွာ၊ ရက္ခဒီပကျေးရွာ၊ ဆီမီးခုံ ကျေးရွာ၊ စားကြျူး၊ လင့်ကြီးမြောက်ကျေးရွာတို့၌ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာမှစ၍ လုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုဧပြီလကုန်တွင်လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ဧရာဝတီမြစ်လမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက်နှုံးဒေါင့်၊ နန်းတော်ကျွန်းရေလမ်းကြောင်းများနှင့်မန္တလေးရေလမ်းကြောင်း၊ လက်ဆောင်ယူ ရေလမ်းကြောင်း၊ သစ်ထောက်ကျွန်း၊ပတ္တာကျွန်းနှင့်ပုလဲတန်းရေလမ်းတို့အားသောင်တူးခြင်းများကိုလည်း ဆောင်ရွက်ပြီးစီးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

လယ်သမားများကိုလယ်ယာမြေဥပဒေသင်တန်းပေး

နွားထိုးကြီး၊ မေ ၁၂

မန္တလေးတိုင်း တောင်သူလယ်သမားသမဂ္ဂအစီအစဉ်ဖြင့် တောင်သူလယ်သမားတိုင်း လယ်ယာမြေဥပဒေ၊ နည်းဥပဒေများသိရှိစေရန် ဆင့်ပွားသင်တန်းပေးနိုင်ရေးကို မြို့နယ်များ၌ စီစဉ်နေကြောင်းသိရသည်။

၎င်းလယ်ယာမြေဥပဒေသင်တန်းများကို နွားထိုးကြီးမြို့နယ်တွင် မေလ စတုတ္ထပတ်၌လည်းကောင်း၊ တောင်သာမြို့နယ်တွင် ဇွန်လ စတုတ္ထပတ်၌လည်းကောင်း၊ မြစ်သားမြို့နယ်တွင် ဇူလိုင်လ စတုတ္ထပတ်၌လည်းကောင်း၊ တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တွင် ဇွန်လ ပထမပတ်၌လည်းကောင်း၊ မြင်းခြံမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်၌လည်းကောင်း၊ မလှိုင်မြို့နယ်တွင် မေလ ဒုတိယပတ်၌လည်းကောင်း ပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတိုင်း တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ(ယာယီ) ဦးအောင်ရွှေ(နွားထိုးကြီး)က ပြောသည်။

တောင်သူများ လယ်ယာမြေအခက်အခဲဖြေရှင်းရာတွင် လယ်ယာမြေဥပဒေများကိုသိရှိမှသာ တွေ့ကြုံရသော လယ်မြေပြဿနာအခက်အခဲများကို ဖြေရှင်းနိုင်မည်ဟု ဦးအောင်ရွှေက ဆက်လက်ပြောသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

သတင်းတို

ရေပိုက်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ နေသိဒ္ဓိလမ်းရှိ နေအိမ်တစ်အိမ်၌ ရေပိုက်ပြင်လုပ်သား မောင်ရဲကိုကို (၂၂) နှစ် မ/၄၈၇၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေထိုင်သူသည် မေ ၈ ရက် မွန်းလွဲ ၁ နာရီခန့်က ရေပိုက်ပြင်ရာမှ ဓာတ်လိုက်ခဲ့ရာ အင်းစိန်ဆေးရုံသို့ပို့ဆောင်၍ ဆေးရုံ၌ သေဆုံးသွားသဖြင့် အလောင်းအားဆေးရုံမှ PR-၁၆/၂၀၁၄ မှ သေမှုသေခင်းအမှတ်စဉ်-၂၃/၂၀၁၄ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၆၈၄**

မြန်မာ့အစားအစာများအကောင်းဆုံးဆုရရှိအောင်စွမ်းဆောင်နိုင်မှုအတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

[illegible] Feel Group မှ [illegible] International Gastronomy Festival Hue 2014 [illegible] မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) [illegible] Feel [illegible] **အကောင်းဆုံးအစားအစာဆု** [illegible]

ဦးမြင့်ညွှန့်ဝေမြို့(Feel စားသောက်ဆိုင်လုပ်ငန်းစု)
[illegible] မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(MRA)
[illegible](Feel စားသောက်ဆိုင်လုပ်ငန်းစု)

[illegible] (Chef)
Feel စားသောက်ဆိုင်
[illegible](Chef)
Feel စားသောက်ဆိုင်
[illegible](Chef)
Feel စားသောက်ဆိုင်
Cherry Xeno Trading Co.,Ltd

သထုံမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ဒေသများသို့သထုံတပ်နယ်မှ သောက်သုံးရေလှူဒါန်း

သထုံ၊ မေ ၁၂

ယခုနှစ်နွေရာသီတွင် သထုံမြို့နယ်အတွင်းရှိနေရာဒေသများ၌ သောက်သုံးရေ အခက်အခဲများနှင့် ကြုံတွေ့နေကြသောကြောင့် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး မျိုးဝင်း၏ ဦးဆောင်မှုဖြင့် သထုံတပ်နယ်အတွင်းရှိ တပ်များမှ တပ်မတော်သားများက သောက်သုံးရေများ လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။

"အများသုံးရေကန်က ဒီနှစ်မှာ အစောကြီးခန်းသွားတာဆိုတော့ ကျွန်မတို့ရပ်ကွက်မှာ သောက်သုံးရေ အခက်အခဲဖြစ်နေတာ အတော်ကြာပါပြီ။ လာလှူတဲ့သူတွေကိုပဲ အားကိုးနေရတာ။ အခုလို လာလှူတဲ့သူတွေကို အရမ်းပဲကျေးဇူးတင်ပါတယ်" ဟု ကန်ညီနောင်ရပ်မှ ဒေသခံတစ်ဦးက ပြောသည်။

သထုံတပ်နယ်အတွင်းမှ တပ်မတော်သားများသည် ရေအခက်အခဲဖြစ်ရာ ဒေသများသို့ သောက်သုံးရေများ လိုက်လံလှူဒါန်းလျက်ရှိရာ မေ ၁၀ ရက်တွင် သထုံမြို့နယ်အတွင်းရှိနောင်ကုလားကျေးရွာအုပ်စု၊ ပန်းထိမ်ရွာကွက်သစ်ပိုင်းမှ အိမ်ခြေ ၁၂၀ အား ရေဂါလန် ၃၀၀၀၊ ထောင်မှူးကျေးရွာအုပ်စု၊ သုဓမ္မဝတီမြို့သစ်မှ အိမ်ခြေ ၈၀ အား ရေဂါလန် ၁၅၀၀ နှင့်အောက်ကျင်းရပ်ကွက်၊ ကန်ညီနောင်ရပ်မှအိမ်ခြေ ၁၀၀ အားရေဂါလန် ၁၅၀၀ တို့ကိုဖြန့်ဝေလှူဒါန်း ပေးနိုင်ခဲ့ကြောင်း သိရသည်။

သောက်သုံးရေရရှိရန်အတွက် ရေလှူဒါန်းမှုကို စောင့်ဆိုင်းနေသောရေအခက်အခဲဖြစ်နေသူများအား တွေ့ရစဉ်။

သထုံမြို့နယ်အတွင်းရှိပြည်သူများ ရေအခက်အခဲမှ လျော့နည်းသက်သာနိုင်စေရန် မိမိတို့ တပ်မတော်သားများအနေဖြင့် တတ်နိုင်သမျှ ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သထုံတပ်နယ်မှ ဗိုလ်ကြီး ဇော်လင်းထွန်းက ပြောသည်။

ခရိုင်(ပြန်/ဆက်)

ပုလောမြို့နယ်တွင် လူလတ်၊ လူငယ်နှင့် လူထုတွေ့ဆုံပွဲ ကျင်းပ

မြိတ်၊ မေ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်တွင် လူလတ် လူငယ်နှင့် လူထုတွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်က ကျွန်းရတနာခန်းမတွင် ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျောင်းသားလူငယ်များနှင့်၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

လူငယ် ၊လူလတ်များအား မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးရေး၊ လူငယ်များ လမ်းမှားမရောက်စေရေးနှင့် မိမိတို့၏ ရင်တွင်းခံစားချက်များ ကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုကြရန် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ယင်းနေ့အခမ်းအနားတွင်ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဝင်းဆွေနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုလောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်းတို့ကို အသီးသီး ပြောကြားခဲ့ကြသည်။

တက်ရောက်လာကြသော လူငယ် လူလတ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးပြီး ဆွေးနွေးချက်များကို ညှိနှိုင်းဖြေရှင်းပေးကာ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြသည်။

ပုလော(ပြန်/ဆက်)

နတ်မောက်တွင် အခြေခံစာတတ်မြောက်စေရန် စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်

နတ်မောက်၊ မေ ၁၂

မကွေးခရိုင် နတ်မောက်မြို့တွင် စာမတတ်သူများ အခြေခံစာတတ်မြောက်စေရန် သင်ကြားမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့၊ အင်းကုန်းကျေးရွာ စာသင်ဝိုင်းတွင် စာမတတ်သူပြည်သူ ၂၂၁၉ ဦးရှိရာ တစ်နေ့လျှင် ၃ နာရီ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"အခုလို သင်ကြားခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သင်ကြားပေးမှုကိုလည်း ဂရုတစိုက် သင်ယူကြပါတယ်။ ရွာကတည်းခိုနေထိုင်တဲ့အိမ်ကလည်း ဂရုတစိုက်ရှိပါတယ်" ဟု မကွေးတက္ကသိုလ်မှ အင်္ဂလိပ်စာဒုတိယနှစ် ကျောင်းသူတစ်ဦးက ပြောသည်။

ကျေးရွာနေပြည်သူများ စာတတ်မြောက်ရေးကို နိုင်ငံတော်က အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စီမံကိန်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ လာမည့် အနာဂတ်ကာလများ၌ ကျေးရွာများတွင် စာတတ်မြောက်သူဦးရေ တိုးပွားလာမည်ဖြစ်သည်။

"ပျော်တာပေါ့။ စာတတ်ထားတော့ အလိမ်မခံရတော့ဘူးပေါ့။ သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ခုဆိုရင် တော်တော်များများ ဖတ်တတ်ရေးတတ်နေပါပြီ" ဟု အင်းကုန်းကျေးရွာ စာသင်သားတစ်ဦးက ပြောသည်။

လှဝင်း(ပြန်/ဆက်)

သတင်းတို

နွားထိုးကြီးမြို့နယ်တွင် မိုးဦးနှမ်းစိုက်ပျိုးမှု စတင်နေပြီး ကန်ရှိနှမ်းမျိုး ဈေးတက်ဝယ်ယူနေရ

နွားထိုးကြီးမြို့နယ်တွင် မိုးဦးနှမ်းစိုက်ပျိုးမှု စတင်နေပြီး အများစိုက်ပျိုးသည့် ကန်ရှိနှမ်းမျိုးမှာ တစ်ပြည်လျှင် ၃၀၀၀ ကျပ် ဈေးပေးဝယ်၍ စိုက်ပျိုးနေရကြောင်း အိုးပုံတောင် တောင်သူတစ်ဦးက ပြောသည်။ နှစ်စဉ်နှမ်းဈေး ၂၀၀၀ ဝန်းကျင်ရှိသော်လည်း ယခုနှစ် နှမ်းဈေးကြီးမြင့်မှုကြောင့် တစ်ပြည်လျှင် ၃၀၀၀ ကျပ်ဈေးဖြင့် ဝယ်ကြရခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ နွားထိုးကြီးနယ်တွင် သုံးတင်းကြဲသော နှမ်းတောင်သူများရှိနေပြီး နွားထိုးကြီးနယ်၏ ဆီထွက်သီးနှံဖြစ်သော နှမ်း၊ မြေပဲစိုက်ပျိုးမှုမှာ ဧက ၂၀၀၀၀၀ ခန့်ရှိကာ နှစ်စဉ်စိုက်ဧက တိုးတက်နေကြောင်း သိရသည်။ နွားထိုးကြီးနယ်တွင် မိုးဦးသီးနှံဧက သုံးသိန်းခွဲကျော် ထွန်ယက်စိုက်ပျိုးနေသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ တွင် ပါရှိသော "တီးတိန်ဆိပ်ကမ်းဝင်းအတွင်း ကွန်တိန်နာဘောက်စ်ကြား အိပ်ပျော်နေစဉ် ဘောက်စ်ပိသေဆုံး" သတင်းခေါင်းစဉ်နှင့် သတင်းစာသားပါ "တီးတိန်" အစား "ထီးတန်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**





ဆောင်းပါး

“တွေးတွေးဆဆ သိသမျှ”

à &Eboe¥G

အတွေ့အကြုံ –

လူအများစုသည် အသက်အရွယ်အရ ဘဝကို ဖြတ်သန်းသွားသော်လည်း အတွေ့အကြုံဟူသော ကိုယ်ခံစွမ်းအားသည်ကား နတ္ထိ။

လူအချို့သည်ကား အသက်အရွယ်အရ ဘဝသင်ခန်းစာများကို နေ့စဉ် လေ့လာသင်ယူနေရသော်လည်း အသုံးမချ။

အောင်မြင်နေသူများသည် မိမိအသက်အရွယ်၊ ကျင်လည်သော ပတ်ဝန်းကျင်မှ အတွေ့အကြုံများကိုသာမက သူတစ်ပါးထံမှ အတုယူစရာ၊ ဆင်ခြင်စရာ အတွေ့အကြုံများစွာကို ပေါင်းစပ်ရင်း ဘဝကို တည်ဆောက်သူများ ဖြစ်သည်။

စိတ်အင်အားခိုင်ခံ့သူ –

- မိမိထက် အင်အားနည်းပါးသူအပေါ် အနိုင်မယူတတ်သူ။

- သူတစ်ပါး၏ အားနည်းချက်များကို ဝေဖန်အပြစ်တင်မည့်အစား အားသာချက်များကို ရှာဖွေပြီး ချီးမွမ်းတတ်သူ။

- သူတစ်ပါး၏ ယုံကြည်ချက်၊ မျှော်လင့်ချက်များကို ပိုမိုထက်သန် တောက်ပလာစေရန် ကူညီအားပေးတတ်သူ။

ကျွန်မတို့သည် မိမိကိုယ်တိုင် စိတ်ဓာတ်အင်အား ခိုင်ခံ့ရန် ကြိုးစားရင်း မိမိပတ်ဝန်းကျင်ရှိ လူများကိုပါ စိတ်အင်အားခိုင်ခံ့စေရန် အားပေးသင့်ပါသည်။

ပတ်ဝန်းကျင်ကောင်း၊ ကောင်းသော ပတ်ဝန်းကျင် –

ရှေးယခင်ကပင် လူသားတိုင်းသည် မိမိတို့ ရှင်သန်ရပ်တည်ရေးအတွက် ရေကြည်၊ မြက်နုသော၊ ရာသီဥတု သင့်တင့်ကောင်းမွန်သော နေရာများကို ရှာဖွေခဲ့ကြပါသည်။

ၚင်းနေရာများတွင် သားစဉ်မြေးဆက် အခြေချနေထိုင်ခဲ့ကြပါသည်။

သို့သော် တချို့သောမျိုးနွယ်စုတို့သည်ကား အေးခဲသောနှင်းဖုံးတောင်တန်းများကြား ကြဲ့ကြဲ့ခံလျက် ရှားပါးသောအဖိုးတန်ဆေးမြစ်များကို ရှာဖွေရင်း၊ ပူပြင်းခြောက်သွေ့သော ကန္တာရမြေတွင် အပူဒဏ်ကိုအံတုလျက် အိုအေစစ်များဖန်တီးရင်း ရပ်တည်ကြသည်။

ယနေ့ခေတ် ကျွန်မတို့သည်လည်း ဘိုး၊ ဘေးတို့၏ ဇာတိစိတ်များ ပါလာသဖြင့် ဘဝရှင်သန်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများကို ရှာဖွေရင်း အမှီအတွယ်ခိုနားရာကို ကြိုးစားချဉ်းကပ်ရန် အားထုတ်နေသူများ ရှိသကဲ့သို့။

မိမိရောက်ရှိနေသော နေရာတွင် ကြိုးစားရှင်သန်ရင်း ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ပြုစုနေသူများလည်း ရှိပေသည်။

နေရာ –

ရပ်တည်နေသော၊ ရောက်ရှိနေသော နေရာမှ သူတစ်ပါးကို တွဲခေါ်ဝံ့သော၊ နေရာပေးရဲသော နှလုံးသားနှင့် လူများ။

ရရှိထားသော နေရာအား တစ်ပါးသူ လုယူသွားမည်ဟု ထိတ်လန့်စိုးရိမ်စိတ် သံသယဖြင့် ကြောက်ရွံ့နေရသူများ။

မိမိထက် အသက်အရွယ်၊ အတွေ့အကြုံနုနယ်သူများအား လက်ကမ်းဖေးမ စောင့်ရှောက်ရင်း၊ နေရာပေးသွန်သင်ရင်း တစ်စတစ်စ မိမိကိုယ်တိုင် ရှေ့သို့ ရောက်မှန်းမသိ ရောက်ကာ ထိပ်ဆုံးသို့ရောက်ရှိအောင်မြင်သွားသူများ။

ကိုယ်နှင့်မတူ ကိုယ့်ရန်သူဆိုသည့် မာန်စိတ်ဖြင့် ရရှိထားသော နေရာလေးအား ကုတ်တွယ်ထားရင်း မူလနေရာမှာပင် အမြစ်တွယ်ကာ မိမိအား ကျော်တက်သွားသူများကို အမုန်းပွားရင်း နောက်ဆုံးမှာပင် ကျန်နေခဲ့သူများ။

ကြယ်ရောင်အလင်း လအဆင်း –

‘လပြည့်ညများတွင် ဘော်ငွေဖြူအဆင်းနှင့် လပြည့်မင်းသည် ကြယ်ပေါင်းရံခ၍ ညီလာခံသဘင် ကျင်းပသည်’ တဲ့။

ကျွန်မငယ်စဉ်မှစပြီးယနေ့တိုင် ကြယ်နှင့်လတို့၏ ဂုဏ်ကျက်သရေ နှိုင်းယှဉ်ကြခြင်းကို ကြားဖူးသည်။

မြေကမ္ဘာ၏ အရံဂြိုလ်မျှသာဖြစ်သော ‘လ’ သည် ကမ္ဘာနှင့်နီးခြင်းနှင့် နေ၏အလင်းရောင်ပြန်ခြင်းတို့ကြောင့်သာ ကြီးမားတောက်ပစွာ လှပနေခြင်း ဖြစ်ပါသည်။

ကျွန်မတို့ကမ္ဘာမှ ဝေးကွာသော အခြားနေအဖွဲ့အစည်းများတွင် ကိုယ်ပိုင်အလင်းရောင်ဖြင့် ရှင်သန်ရပ်တည်နေသော ‘နေ’ များသည် ကျွန်မတို့အမြင်၌ မှိတ်တုတ်၊ မှိတ်တုတ် ကြယ်ကလေးများ။

လူ့အဖွဲ့အစည်းတွင်လည်း နေမင်းကြီး၏ အလင်းရောင်ဖြင့် အဆင်းတောက်ပသော ‘လ’ ကဲ့သို့ ‘လူ’ ကျွန်မ မဖြစ်ချင်ပါ။ မည်မျှပင်သေးငယ်ပါစေ ကိုယ်ပိုင်အလင်းနှင့် အစွမ်းကုန်တောက်ပသော ကြယ်ကလေးသာ ဖြစ်ချင်မိပါသည်။

အောင်မြင်မှု၊ တာဝန်၊ အခက်အခဲ –

သက်သာလွယ်ကူသော ဘဝကို လူတိုင်းကြိုက်နှစ်သက်ကြသည်ပင်။ သို့သော် ကျွန်မတို့ လူသားအားလုံးသည် ဘဝရှင်သန်ရပ်တည်ရေးအတွက် လှုပ်ရှားရုန်းကန်ရင်း။

နေ့စဉ်လုပ်ငန်းခွင်များတွင် တာဝန်ဝတ္တရားများနှင့် ရင်ဆိုင်ရသောအခါ -

- စိတ်အားထက်သန်စွာ တာဝန်ယူချင်သူနှင့် ရေသာခို အချောင်လိုက်ချင်သူ။

- တာဝန်ဝတ္တရားများကို သေသပ်ကျနစွာ ပြီးမြောက်စေချင်သူနှင့် အမည်ခံရုံ ပြီးမြောက်စေသူ။

- မည်သို့ပင် ခက်ခဲစေကာမူ ဇွဲဖြင့် ကြိုးပမ်းတတ်သူနှင့် ငြီးငြူကာ ရှောင်ပြေးတတ်သူ။

ကျွန်မတို့ တည်ဆောက်ထားသော ကိုယ်ပိုင်အောင်မြင်မှုများ၏ အတိမ်အနက်ကို တာဝန်ယူမှုများ၊ အခက်အခဲများကို မည်မျှကျော်လွှားနိုင်ခဲ့သည် ဆိုသော ပေတံများဖြင့် တိုင်းတာနိုင်ပါသည်။

ရှင်သန်သော စိတ်ထားများဖြင့် ဘဝကို တည်ဆောက်နိုင်ပါစေ။

လေးမြို့မြစ်ဝှမ်းရှိ ခြိတ်မြို့ဟောင်းတူးဖော်ရန် မြေပြင်သုတေသနလုပ်ငန်းများ စတင်

ရန်ကုန်၊ မေ ၁၂

ရခိုင်ပြည်နယ်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော မြောက်ဦးမြို့၊ လေးမြို့မြစ်ဝှမ်းရှိ ခြိတ်ချောင်းအနီး ရှေးဟောင်းခြိတ်မြို့ဟောင်းတူးဖော်ရန် မြေပြင်သုတေသနလုပ်ငန်းများအား ယခုနှစ် မေ ၇ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ခြိတ်မြို့ဟောင်းမြေပြင် သုတေသနဆောင်ရွက်ခြင်းအား ဦးစီးအရာရှိအဆင့်အပါအဝင် ဝန်ထမ်းသုံးဦးမှ တာဝန်ယူဆောင်ရွက်နေပြီး မြေပြင်တွေ့ရှိချက်များအရ တူးဖော်နိုင်ရန် စီမံချက်များရေးဆွဲ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးချုပ်(နေပြည်တော်)သို့ တင်ပြသွားမည်ဖြစ်ကာ လေးမြို့မြစ်ဝှမ်းရှိ ခြိတ်မြို့ဟောင်းနှင့် ဆက်စပ်လျက်ရှိသော အခြားရှေးဟောင်းမြို့များ၏ မြေပြင်သုတေသနပြုလုပ်ခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“အရင်က ဒေသရဲ့လုံခြုံမှုနဲ့ အေးချမ်းတည်ငြိမ်မှု မရှိသေးတာကြောင့် ကွင်းဆင်းသုတေသန တွေမလုပ်နိုင်ပေမယ့် အခုက ဒေသပြန်လည်တည်ငြိမ်လာတော့ ကွင်းဆင်းသုတေသန ကို ပြန်လုပ်လာတာပါ။ ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးကလည်း လေးမြို့မြစ်ဝှမ်းတစ်လျှောက် ရခိုင်ရှေးမြို့ဟောင်းတွေကို ကွင်းဆင်းသုတေသနပြုလုပ်ပြီး ထိန်းသိမ်းဖို့ ညွှန်ကြားလို့ အခုလိုခြိတ်မြို့ဟောင်းကို ကွင်းဆင်းသုသေတနပြုလုပ်ရတာပါ” ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ စစ်တွေဌာနခွဲ၊ မြောက်ဦးဌာနစုမှ ခေတ္တတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက ပြောသည်။

“ထွက်လာတဲ့တွေ့ရှိချက်ရလဒ် ကောင်းပါတယ်။ ခြိတ်မြို့ဟောင်းက သေးတယ်ထင်ရပေမယ့် မသေးပါဘူး။ မြို့ဟောင်းနဲ့ပတ်သက်တဲ့ အကြွင်းအကျန်တွေ တော်တော်ကျန်ပါသေးတယ် တချို့နေရာတွေမှာ ဒေသခံတွေ မီးသွေးဖုတ်နေတာတွေ့လို့ ကျေးရွာဥက္ကဋ္ဌနဲ့တိုင်ပင်ပြီး မြို့ဟောင်းထဲမှာ လုပ်ခွင့်မပြုဖို့ မှာထားပါတယ်”ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက ပြောသည်။

ခြိတ်မြို့ဟောင်းသည် မြောက်ဦးမြို့မှ ၈ မိုင် ၂ ဖာလုံကွာဝေးသော နေရာတွင် တည်ရှိပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင်ရှိခဲ့သော ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးစသည့် ရှေးဟောင်းမြို့ လေးခုအနက် လေးမြို့မြစ်ဝှမ်းရှိ ရှေးမြို့ဟောင်းများ သုတေသနပြုလုပ်ခြင်းမှာ ကွင်းဆက်ပြတ်နေသောကြောင့် ယခုကဲ့သို့ လေးမြို့မြစ်ဝှမ်းရှိ ခြိတ်မြို့ဟောင်းတူးဖော်ရန် မြေပြင်သုတေသနပြုလုပ်ခြင်းအား အဓိကထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

စိုးအောင်ဖေ

မုံရွာကုန်စည်ဒိုင်တွင် ခေတ်မီမိုဘိုင်းအီလက်ထရွန်နစ် စာကြည့်တိုက်စက် တပ်ဆင်

မုံရွာ၊ မေ ၁၂

ခေတ်နှင့်အညီ စာပေများကို စာကြည့်တိုက်များတွင်သာမက Public Digital Library Service များတွင် e-book များအဖြစ် အခမဲ့ဖတ်ရှုနိုင်ရန် မုံရွာမြို့ ကုန်စည်ဒိုင်တွင် မေ ၉ ရက် နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စတင်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

“Public Digital Library Service စက်မှာ စာအုပ်ပေါင်း ခြောက်ထောင် ခန့်ပါဝင်ပါတယ်။ စက်တပ်ဆင်ရာမှာ အတားအဆီးမရှိဘူးဆိုရင် မီတာ ၆၅၀ ပတ်လည်အတွင်း ကောင်းကောင်းသုံးစွဲလို့ရပြီး စာအုပ်တွေကို ဒေါင်းလော့ချဖို့နဲ့ ဖတ်ရှုဖို့ နှစ်မျိုးပါဝင်ပါတယ်” ဟု တိုင်းဒေသကြီး ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းက ပြောသည်။

မုံရွာကုန်စည်ဒိုင်မှ အသင်းဝင်များ၊ ပတ်ဝန်းကျင်မှ စိတ်ဝင်တစား လာရောက်လေ့လာသူများသည် မိမိတို့၏ Mobile Phone, Note Book, Tab balet များဖြင့် စမ်းသပ်ဖမ်းယူကြရာ ဖမ်းယူပုံအဆင့်ဆင့်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကူညီရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။

“နိုင်ငံတော်က အခုလိုအခမဲ့ Public Digital Library Service ဝန်ဆောင်မှုတွေဆောင်ရွက်ပေးတဲ့အတွက် ကုန်စည်ဒိုင်အသင်းသားတွေကိုယ်စား ဝမ်းမြောက်မိပါတယ်။ ကုန်စည်ဒိုင်တစ်ခုတည်းတင်သာမက အနီးအနားမှာရှိတဲ့ AGD ဘဏ်၊ မြဝတီဘဏ်နဲ့ အသင်းအဖွဲ့ရုံးတွေ၊ ရပ်ကွက်နေပြည်သူတွေပါ မိမိတို့ရဲ့ရုံး၊ နေအိမ်တွေကနေ အဆင်သင့်သုံးစွဲနိုင်တဲ့ ကောင်းမွန်ပြီး ထိရောက်တဲ့ဝန်ဆောင်မှုဖြစ်တဲ့အတွက် နောက်ထပ်လည်း အဲဒီလိုစက်တွေ နေရာအနှံ့မှာ တပ်ဆင်ပေးနိုင်ရင် ပိုကောင်းပါတယ်” ဟု မုံရွာကုန်စည်ဒိုင်အသင်းသားတစ်ဦးက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)







စပျစ်မျိုးများ စမ်းသပ်စိုက်ပျိုးရာ ဈေးကွက်ဝင်သည်အထိ အောင်မြင်

မုံရွာ၊ မေ ၁၂

အပူပိုင်းဒေသ ရာသီဥတုဒဏ်ခံနိုင်မည့် စပျစ်မျိုးရင်းများကို မုံရွာဒေသတွင် စမ်းသပ်စိုက် ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများရှိသဖြင့် လာမည့်နှစ်တွင် စပျစ်စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း၊ မုံရွာမြို့နယ်၊ မအူကြီးကျေးရွာမှ စပျစ်စိုက်တောင်သူ ဦးသောင်းတင်ကပြောသည်။

စပျစ်စိုက်ခင်းများကို ပြီးခဲ့သည့်နှစ်ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်စိုက်ပျိုးခြင်းဖြစ်ပြီး ယခုနှစ်လအကြာဇူလိုင်လအတွင်း၌ အသီးစထွက်ပြီး စတင်သီးသော အသီးများကိုမယူဘဲ ယခုနှစ် မတ်လဆန်းမှစပြီးသီးသော အသီးများကိုယူခဲ့ကြောင်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်ခဲ့ပြီး လာမည့်နှစ်တွင် တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မုံရွာမြို့နယ်၊ မင်းကြီးကုန်းကျေးရွာ စိုက်ခင်းအတွင်း မြေ သုည ဒသမ ၂၅ ဧကတွင် စပျစ်အပင် ၂၀၀ အား စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုနှစ်မတ်လနှင့် ဧပြီလတို့တွင် စပျစ်သီး ပိဿာ ၃၅၀ ခန့်ထွက်ရှိခဲ့ပြီး မုံရွာဈေးကွက်တွင် တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်းဖြင့် အရောင်းအဝယ် သွက်လျက်ရှိကြောင်း စပျစ်စမ်းသပ်စိုက်ပျိုးသူ ဦးသောင်းတင်ထံမှ သိရသည်။

စမ်းသပ်စိုက်ပျိုးသည့်မျိုးမှာ အီတလီနံပတ်(၃)စပျစ်မျိုးဖြစ်ပြီး မုံရွာဒေသ မင်းကြီးကုန်း စိုက်ကွင်း၊ ခင်မွန်းစိုက်ကွင်း၊ ထနောင်းတောစိုက်ကွင်းတို့တွင် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ခဲ့ကြောင်း၊ လာမည့်နှစ်တွင် ဘီကျူ စပျစ်မျိုးနှင့် ချွန်းရွှေဝါ စပျစ်မျိုးများကို တိုးချဲ့စိုက်ပျိုးကာ နည်းပညာကို ရမည်းသင်းဒေသ စပျစ်စိုက်ပျိုးရေး ပညာရှင်များထံမှ ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ထနောင်းဝင်းစံပြကျေးရွာအနီး ကုန်းမြင့်ပိုင်းဒေသများတွင် ရမည်းသင်းဒေသမှ စိုက်ပျိုးရေး ပညာရှင်များခေါ်ယူ၍ ၂၀၀၆ ခုနှစ်က စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရာသီဥတုကိုက်ညီမှုနှင့် စိုက်ပျိုးနည်းပညာ လိုအပ်ချက်များကြောင့် စပျစ်စိုက်ခင်း များပျောက်ကွယ်ခဲ့သည်။

မျိုးဝင်းထွန်း(မုံရွာ)

အမွေကိစ္စဖြင့် အတူနေညီအစ်မနှစ်ဦး စကားများရန်ဖြစ်ရာမှ သေဆုံးမှုဖြစ်

ရန်ကုန်၊ မေ ၁၂

မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က မှော်ဘီမြို့နယ်၊ လိပ်ပုတ်ကျေးရွာအုပ်စု၊ ဆယ်အိမ်တန်းကျေးရွာရှိ နှင်းဆီ ခြံတွင် ရွှေပြည်သာမြို့နယ်နေ ဒေါ်မယ်လေးချော (၄၆) နှစ်မှာ နဖူးယာဘက်၊ မေးစေ့၊ ဝဲမျက်ခုံးတို့တွင် ပေါက်ပြဲဒဏ်ရာများ၊ ယာနားပြတ်ရှဒဏ်ရာ၊ မျက်နှာဖူးရောင်ဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်အားစုံစမ်းရာ ဒေါ်မယ်လေးချောနှင့် အတူနေညီမဖြစ်သူ မအေးသန္တာချော(ခ)မနယ်ရှီဘစ် (၄၃) နှစ်တို့ အမွေကိစ္စဖြင့် စကားများရန်ဖြစ်ကြစဉ် မအေးသန္တာချော(ခ)မနယ်ရှီဘစ်မှ သစ်သားတုတ်ဖြင့်ရိုက်ကာ အရိုးအသွားတစ်ပေခွဲခန့်ရှိ ဓားဖြင့်ခုတ်ခဲ့၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရပြီး ဒဏ်ရာရရှိသူဒေါ်မယ်လေးချောအား မှော်ဘီဆေးရုံသို့ ဆေးကုသရန်ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့သဖြင့် မှော်ဘီမြို့မရဲစခန်းမှ (ပ)၂၅၀/၁၄၊ ပြစ်မှုပုဒ်မ-၃၀၂ အရ အမှုဖွင့်အရေးယူထားသည်။

၃၁

ပခုက္ကူဒေသတွင် ရေမြေသဘာဝနှင့်ကိုက်ညီ၍ ဆိတ်မွေးမြူမှု ပိုမိုများလာ

ပခုက္ကူ၊ မေ ၁၂

ပခုက္ကူအညာဒေသတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုမိုးခေါင်လာသောကြောင့် ကျေးလက်တောင်သူများသည် စိုက်ပျိုးရေးနှင့် တွဲဖက်၍ မွေးမြူရေးကို ပိုမိုအားထား လုပ်ကိုင်လာကြသည်။ အဆိုပါ ဒေသတွင် ရေမြေတောတောင်သဘာဝ ဥတုရာသီနှင့်လိုက်ဖက်သော ဆိတ်မွေးမြူရေးကို ကျေးရွာတိုင်း အိမ်တိုင်းနီးပါး မွေးမြူလာကြကြောင်း သိရသည်။

စားကျက်မြေကျယ်ပြန့်သော ရှင်မတောင်တောင်ခြေ၊ ချင်းယားကုန်း၊ မြေခဲတောင်၊ ကံပေါက်၊ ဝါးသုံးအိုင်၊ လက်ဆယ်ကန်၊ ဒေါင်အိုကြီး၊ ကိုင်းမကြီး စသည့် ဒေသတစ်ခွင်တွင် ဆိတ်မွေးမြူရေးကို ပိုမိုအားထား လုပ်ကိုင်လာကြသည်။

“ ၂၀၀၀ ခုနှစ်တုန်းက အင်ဒိုနီးရှားက ဆိတ်ကောင်ရေတစ်သိန်း မွေးမြူဖို့ လာကြည့်သေးတယ်။ သူတို့နဲ့ပါလာတဲ့ သူရဲ့ ပြောစကားအရ ဆိတ်သားတစ်ပိဿာ တစ်သောင်းခွဲဈေး လောက်ပေါက်တယ်လို့ သိရတယ်။ အခုအဲဒီစီမံကိန်း ဘာလို့ပျက်သွားတာလဲ မသိဘူးဗျ” ဟု လက်ဆယ်ကန်(ကန်းနီ) ရွာသားတစ်ဦးက ပြောသည်။

ရှင်မတောင် တောင်ခြေ မြိုင်၊ ရေစကြို၊ ပခုက္ကူ တြိဂံနယ်မြေဒေသသည် ရှား၊ ဇီးတောများနှင့် ဆိတ်အကြိုက် စားကျက်မြေများစွာရှိသည့် ဒေသဖြစ်သည်။ ဆိတ်သည် တစ်နှစ်ကို နှစ်သားကျပြီး တစ်ခါကျလျှင် သုံးကောင်အထိ ကျတတ်သည်။ ဆိတ်ခြောက်လသားဝယ်လျှင် ကျပ်ငါးသောင်း၊ ခြောက်သောင်းခန့် ပေါက်ဈေးရှိသည်။ ၁၀ လသားဆိုလျှင်ငွေကျပ်ရှစ်သောင်း ကျော်ကျော်ဈေးရရှိသည်။ ဆိတ်မွေးသူသည် ကောင်ရေ ၃၀ နှင့် စတင် မွေးမြူကြပြီး ဆိတ်ကျောင်းသူအား မွေးဖက်သဘောမျိုးဖြင့်ပေး၍ လုပ်ကိုင်ကြသည်။ ပျမ်းမျှခြင်းအားဖြင့် ဆိတ်ကျောင်းသူသည် တစ်လလျှင် ငွေကျပ် ငါးသောင်းခန့် ဝင်ငွေရှိသည်။ ပခုက္ကူဒေသ တစ်ခွင် ရွာတိုင်းလိုလို အိမ်တိုင်းနီးပါးဆိတ်ကောင်ရေ ၃၀ မှ ၅၀ အထိ ရှိကြသည်။

ဆိတ်သည် အပင်မှန်သမျှ အကုန်စားသည်။ သိုးကမူ မြက်ခင်းစိမ်းစိမ်းနှင့်မြက်နုများကို စားသုံးကြသည်။ ရေလည်း ချိုးပေးရသည်။ သိုးမှာ တစ်နှစ်လျှင် နှစ်သားမကျ၍လည်းကောင်း သိုးမွေး အရောင်းအဝယ် မရှိ၍လည်းကောင်း၊ သိုးသားကို အကြိုက်နည်း၍လည်းကောင်း၊ ရေရှားပါးသောဒေသနှင့် မကိုက်ညီသောကြောင့်လည်းကောင်း၊ သိုးထက်ဆိတ်မွေးမြူရေး အားကောင်းလျက်ရှိကြောင်းသိရသည်။ ၂၀၁၄ ခုနှစ် မေလ ပေါက်ဈေးအရ ဆိတ်သား ပေါင်ချိန် တစ်ပေါင်လျှင် ကျပ်ငွေ ၁၄၅၀ ဈေးနှုန်းရှိသည်။ ၂၀၁၃ ခုနှစ်က တစ်ပေါင် လျှင်ငွေကျပ် ၁၀၀၀ ဈေးသာရှိခဲ့သည်။ ပခုက္ကူဈေးကြီးတွင် ဆိတ်သားတစ်ပိဿာလျှင် အရိုးလွတ် ကျပ် ၁၂၀၀၀ ဈေးပေါက်သည်။ ပခုက္ကူ-ရေစကြို-မြိုင်မြို့နယ်တစ်ခွင်ပေါင်းလျှင် ရွာပေါင်း ၁၀၀၀ ခန့်ရှိသည်။ တစ်ရွာလျှင် အိမ်ခြေ ၁၀၀ မှ ၃၀၀ ကျော်အထိရှိသည်။ ရွာတစ်ရွာ အိမ်ခြေ ၁၀၀၊ ဆိတ်ကောင်ရေ ၃၀၀ နှင့်တွက်လျှင် မြိုင်-ပခုက္ကူ-ရေစကြိုနယ်တို့တွင် ဆိတ်ကောင်ရေ အနိမ့်ဆုံး နှစ်သိန်းကျော်ခန့်ရှိကြောင်း သိရသည်။ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ မတ္ထီလာ၊ ကလေးတမူးမြို့မှ ကားကြီးများဖြင့် ဝယ်လက်များမှာ နေ့စဉ်အိမ်အရောက် ဆိတ်အရောင်းအဝယ် ဖြစ်ထွန်းနေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

SEVEN 6

ဦးဇော်မင်းအောင်
B.A (Korean), Y.U.F.L
(I.E.R.C.S) Sung Kong Hoe University, S-Korea
ကိုရီးယားဘာသာစကားသင်တန်းကျောင်း

တိုက်ခန်းအမြန်ရောင်းမည်

မြန်မာနိုင်ငံပညာရေးဌာနသမိုင်း
ထွက်ပြီ

လားရှိုးအသင်း(ရန်ကုန်) တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

လားရှိုးအသင်း(ရန်ကုန်)မှ ရန်ကုန်ရောက် လားရှိုးသူ၊ လားရှိုးသားများ ပိုမိုရင်းနှီးစွာ ရှိစေရန် ပထမအကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။ Panda Hotel (ပန်ဒါဟိုတယ်)

[illegible]

အချိန် ။ ။ (၁၈ - ၅ - ၂၀၁၄)ရက် တနင်္ဂနွေနေ့

နေ့လည် (၁ ။ ၀၀) မှ (၃ ။ ၀၀)ထိ

မှတ်ချက်။ ။ သီးသန့်ဖိတ်စာပို့၍ ဖိတ်ကြားခြင်းမရှိသည့်အတွက် အသေးစိတ် သိလိုသူများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လားရှိုးအသင်းဖြစ်မြောက်ရေးကော်မတီ

ဆက်သွယ်ရန်

(၁)ဒေါက်တာအေးအေး - ၀၉ ၅၀၀၉၈၅၇ (၂)ဦးစိုင်းနွန်နေခေါင် - ၀၉ ၇၃၈၈၅၈၈၈
(၃)ဦးအောင်နိုင် - ၀၉ ၅၁၂၇၅၁၈ (၄)ဦးစိုးထွန်းဇော် - ၀၉ ၄၃၀၁၅၆၈
(၅)ဒေါ်ထုံးထုံးမြင့် - ၀၉ ၅၀၁၉၄၂၈ (၆)ဦးစိုင်းအောင်ဌေး - ၀၉ ၇၃၀၅၅၀၉၂
(၇)ဒေါ်နန်းမေလီနိုး - ၀၉ ၅၄၀၀၂၄၅ (၈)ဒေါ်ဝင်းခင် - ၀၉ ၅၀၀၀၆၅၃
(၉)ဒေါ်နန်းဒေထမွန် - ၀၉ ၅၂၆၂၈၀ (၁၀)ဦးနွန်ညီမင်း - ၀၉ ၅၀၄၉၄၉၇
(၁၁)ဒေါ်မအေးစိန် - ၀၉ ၅၂၄၀၂၅၀ (၁၂)ဒေါ်ရုပ်ရှင်မေ - ၀၉ ၂၀၀၀၉၉၀
(၁၃)ဦးမောင်မောင်နိုင် - ၀၉ ၅၅၀၀၅၁၉ (၁၄)ဒေါ်နန်းခင်နု - ၀၉ ၅၁၀၅၈၁၄
(၁၅)ဒေါ်နန်းစမ်းဆိုင်(ပီလဲ)-၀၉ ၄၉၂၈၇၅၃၉

WISE College Business Management Diploma

Business Management Diploma

• Business Management Higher Diploma

• Business Management Advance Diploma

(၁)Business Management Higher Diploma [illegible]

(၂)Business Management Advance Diploma [illegible] Business Management Higher Diploma [illegible]

[illegible] WISE College [illegible] Diploma [illegible] ABE Diploma [illegible] B.A Final Year [illegible] MBA First Year [illegible] On Job Training (OJT) [illegible]

Campus (1) WISE College [illegible]

Campus (2) CO-OPERATIVE University (Thanlyin)

[illegible]

ACC Co.,Ltd

ACC Japanese Language Centre

[illegible]

UNITAS Japanese Language School (Tokyo)

KOKUSAI KOTOBA GAKUIN Japanese Language School (Shizuoka)

[illegible]

ခရုဝင်းမြင့်

PH : 09-250013337

သင့်သွေးဖြင့်
အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ အမှတ်(၇၅)၊ ဓမ္မစိန္တာလမ်းရှိ ထပ်ခိုးပါ ငါးလွှာခြေရင်းခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိယယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစောလှိုင်ဘွား[၁၁/စတန(နိုင်)၀၂၇၆၈၈]က ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းအေး [၁၄/ပသရ(နိုင်)၁၁၁၇၂၅]

ဖုန်း-၀၉-၅၀၃၂၃၁၅၊ ၀၉-၄၉၂၉၅၅၃၇၊ ၀၉-၇၃၀၃၆၁၄၅

နေ့အမီး အလိုရှိသည်

(၁) Admin Manager	- ကျား	- ၂ ဦး	(လစာ	- [illegible])
(၂) [illegible]	- ကျား/မ	- ၂ ဦး	(လစာ	- [illegible])
(၃) [illegible]	- ကျား	- ၂ ဦး	(လစာ	- [illegible])

[illegible]

Ph: 541501, 551197, 400781

ကန့်ကွက်နိုင်ပါသည်။

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု(၁၁)၊ ဝါခင်းရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၇၁)ဟု ခေါ်တွင်သော ပေ(၃၅×၂၂½)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အုတ်ညှပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ဇာခြည်ဝင်း[၇/ရတန(နိုင်)၀၆၇၈၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ ကန့်ကွက်လိုသူများသည် (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးကြူ M.A R.L Advocate

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၄)

၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၁၃၉၂၊ ၀၉-၅၀၃၃၄၅၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ဆယ်မိုင်ကုန်း၊ အမှတ်(၉/၅၂/က)၊ ရန်ကြီးအောင်လမ်း၊ အလျား အရှေ့ ပေ(၄၀)+အနောက် (၅၅)ပေ×အနံ(၆၈)ပေရှိသော မြေနှင့် အိမ်လက်ဝယ်ရှိသူ ဒေါ်မိုးသူဇာ (KPG- ၁၅၄၄၄၂) [၁၂/ကမတ(နိုင်)၀၃၇၇၆၆]ထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေ/အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွှန့်(၁၇၀၁) **ဒေါ်ရီရီတင် (၁၉၉၅)**

တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁) အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရုံးခန်း(၂) အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၇၁၇၅၅၊ ၀၉-၇၃၀၀၉၆၄၄၊ ၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၁၁/ဘီ)တွင် ဆောက်လုပ်မည့် (၂-ခန်းတွဲ) (၈ဒ)တိုက်၏ (၆-လွှာ) (ခေါင်းရင်းခန်း)၊ ပေ(၂၀×၅၀) တိုက်ခန်းအား ပိုင်ရှင်/မြေရှင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ဌေး[၁၂/မရက(နိုင်)၀၇၆၀၆၄]ထံမှ ကျွန်မ ဒေါ်စပယ်မြင့် [၁၂/လမန(နိုင်)၀၁၅၅၂၁]သည် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်စပယ်မြင့်

[၁၂/လမန(နိုင်)၀၁၅၅၂၁]

အမှတ်(၇၇၇)၊ (6A)၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၂၅၀၀၇၄

MPDC EDUCATION

Study MBA Degree From ABAC in Myanmar

MPDC နှင့် ABAC Thailand တို့ပူးပေါင်း၍ အောက်ပါသင်တန်းကို ရန်ကုန်မြို့တွင် ဇွန်လမှ စတင်ဖွင့်လှစ် သင်ကြားပေးတော့မည်ဖြစ်ပါသည်။

တက္ကသိုလ်ဘွဲ့ရရှိပြီးသူများအတွက်

M.B.A

Master of Business Administration

(Batch 10)

Class Begin June, 2014

Contact Us
ABAC Yangon Campus
t : 95 1 507043, 507047
m : 95 9 420114501, 256146918
e : sandra@mewklink.com
w : www.myanmarpdc.net, www.grad.au.edu

(၃)နှစ်ပြည့်အလွမ်း
ဒေါ်တင်တင်မော်
(၁၂-၅-၂၀၁၁ မှ ၁၂-၅-၂၀၁၄)

ချစ်ဇနီးမော်

မိသားစုဘဝရဲ့ အခက်အခဲများကို အတူလက်တွဲရင်ဆိုင်ခဲ့ကြပြီး သာယာ အေးချမ်းတဲ့ အနာဂတ်မိသားစုဘဝလေးကို မျှော်မှန်းခဲ့ပေမယ့် အတိတ်ကံကြမ္မာတို့ကြောင့် ချစ်ခင်မြတ်နိုးလှတဲ့ မိသားစုကို မမျှော်လင့်ဘဲ ခွဲခွာသွားရရှာတဲ့ ချစ်ဇနီးရယ်၊ အဲဒီအချိန်က စပြီး မိခင်ရဲ့ အေးမြတဲ့ မေတ္တာရိပ်ကင်းမဲ့ခဲ့ပြီး ဖခင်တစ်ဦးတည်းရဲ့ မေတ္တာရိပ်အောက်မှာ ကြီးပြင်းလာခဲ့ရတဲ့သမီးနဲ့ သားကို အရိပ်တကြည့်ကြည့်နဲ့ ကြည့်ရင်း ချစ်ဇနီးကို ရင်နှင့်အမျှ သတိရလွမ်းခဲ့ရတာ (၃)နှစ်ပြည့်ခဲ့ပါပြီ ချစ်ဇနီးရယ်။

ချစ်ဇနီးအသက်ရှင်စဉ် ပြုလုပ်နေကျကုသိုလ်အလှူဒါနတွေကိုလည်း နှစ်စဉ်အစဉ်အလာ မပျက် ဆက်လက်လှူဒါန်းခဲ့ပါတယ်။ အဲ့ဒီအလှူတွေမှာ ရပ်ဆွေရပ်မျိုးမိတ်ဆွေအပေါင်းတို့ ကလည်း ချစ်ဇနီးရဲ့အကြောင်းကို သတိရတမ်းတပြောဆိုခဲ့ကြတဲ့အတွက် အလှူလုပ်တိုင်း ပျော်ရွှင်နေလေ့ရှိတဲ့ ချစ်ဇနီးရဲ့မျက်နှာကို ပြန်မြင်ယောင်ပြီး ဝမ်းနည်းကြေကွဲစွာ လွမ်းဆွေးခံစားရမှုများ နှင့်အတူ ဒီ(၃)နှစ်တာပြုသမျှ ကုသိုလ်အစုစုကို အမျှပေးဝေလိုက်ပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ပါမောက္ခဒေါက်တာကိုကိုသန့်**

(ပါမောက္ခ/ဌာနမှူး မျက်စိပညာဌာန ဆေးတက္ကသိုလ်-၂)
သမီး-မဝင့်ရှင်းသန့်ဦး(Grade -11, TTC)
သား-မောင်တင်ကိုထူး(Grade-6, TTC)

(၁)လပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်လှိုင်(၈၆)နှစ်
(ဒို့မိသားစု)

ဗုဒ္ဓသာသနာအတွက် လှူဒါန်းမှုများစွာ သာသနာပြုနိုင်ခဲ့ပြီး တုနှိုင်းမရ၊ အနန္တမေတ္တာကြီးမားစွာဖြင့် ပြုစုစောင့်ရှောက်နိုင်ခဲ့သော ကျေးဇူးရှင် ဘိုးဘိုးကြီး (၁)လပြည့်မြောက်သော်လည်း မိသားစုတို့က လွမ်းဆွတ်သတိရစွာဖြင့် ဘိုးဘိုးကြီးအတွက် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအားလုံးအား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုခံစားနိုင်ပါစေကြောင်း သတိရအမျှပေးဝေအပ်ပါသည်။

ချစ်မြေးများ - ဇင်မာဦး၊ ဇင်မင်းအောင်၊
ဝတ်မှုံသန့်(Myanmar Airways International)၊
ဇင်မေဦး(KBZ Bank)
အိဖြူကျော်၊ သီရိရွှေစင်(Second years French YUFL)၊
မေရတနာဆု(Second years EP TU)၊ နှင်းဝတ်ရည်ဦး၊ ရဲမင်းအောင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက်ဒါယိကာမကြီး
ဒေါ်ရီ(ပုသိမ်)
အသက်(၈၅)နှစ်

ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာ၏အဘွား ဒေါ်ရီသည် ၂၉-၄-၂၀၁၄ ရက် (အင်္ဂါနေ့)ည ၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာဦးချမ်းမြနှင့်
Octagon International Services Co.,Ltd. ဝန်ထမ်းများ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သံတွဲမြို့နယ်၊ မဇင်ကျေးရွာနေ ဦးညွန့်တင်-ဒေါ်ခင်မြရီတို့၏သားကြီး မောင်အောင်ဖြိုးဦး[၁၁/သတန(နိုင်)၀၆၂၂၀၅]သည် မိဘများနှင့်အဒေါ်ဖြစ်သူ ဒေါ်ခင်သိန်းတို့၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများနှင့်အဒေါ်ဖြစ်သူတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးညွန့်တင်[၁၁/သတန(နိုင်)၀၃၀၃၄၂]
ဒေါ်ခင်မြရီ[၁၁/သတန(နိုင်)၀၃၂၀၁၈]
အဒေါ် ဒေါ်ခင်သိန်း
[၁၁/သတန(နိုင်)၀၃၂၄၉၈]



ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်ချို(ခ)ချန်ချိုတီ (၈၇)နှစ်

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နေ (ဦးရွှေဖီ-ဒေါ်အစ်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၄၈)၊ လသာလမ်း(အထက်)နေ [ဦးမီးခဲ(ခ)ချန်ခေဂွမ်-ဒေါ်စုတင်(ခ)လင်စွီတီ]တို့၏သမီးချွေးမ၊ [ဦးအောင်သန်း(ခ)ချန်စူဂျင်]၏ဇနီး၊ ဦးစိုးသန်း-ဒေါ်ဆွေဆွေသန်း၊ ဦးပီတာလင်း-ဒေါ်ဝင်းဝင်းသန်း၊ ဦးထွန်းထွန်းသန်း-ဒေါ်လှလှဝင်း၊ ဒေါက်တာထွန်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးမောင်မောင်သန်း-ဒေါ်အယ်နီဂုမ်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၉-၅-၂၀၁၄(သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆရာကြီး ဦးS.R VERMA
အသက်(၈၆)နှစ်
(ကျောင်းအုပ်ကြီး(ငြိမ်း)၊ အစိုးရအထက်တန်းကျောင်း၊ ဇေယျာဝတီမြို့)

ဆရာကြီးကွယ်လွန်ခဲ့သည်မှာ ၂၁-၅-၂၀၁၄ ရက်တွင် (၁၂)နှစ်ပြည့်ပါပြီ။ ဆရာကြီး SHIR SRI RAM VERMA ကွယ်လွန်ခဲ့သည့် (၁၂)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဇေယျာဝတီမြို့၊ တောင်ပိုင်းရပ်၊ ဇေယျာပုံဆန်စက်ဝင်းတွင် ဟိန္ဒူကျမ်းမြတ် SHRI BHAGWAT GITA တရားဟောပြောပွဲကြီးကို ၁၅-၅-၂၀၁၄ ရက်နေ့မှ ၂၁-၅-၂၀၁၄ ရက်နေ့ထိ ကျင်းပပြီး ၂၁-၅-၂၀၁၄ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တရားပွဲလာပရိသတ်အပေါင်းနှင့် ဧည့်သည်တော်များကို နေ့လည်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာကြီး၏ မိတ်ဟောင်းများနှင့် တပည့်သားသမီးများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အထူးလေးစားစွာဖြင့်
ကျန်ရစ်သူမိသားစုဝင်များနှင့်ဆွေမျိုးများ

ဝမ်းနည်းကြေကွဲခြင်း

အလယ်တန်းပြဆရာမ ဒေါ်ဝါဝါဝင်း(အလက-၂၊ ဒဂုံ) အသက်(၅၄)နှစ်သည် ၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ဝင်း၊ ဒေါ်ချိုချိုလွင်၊ မသီး၊ မယမင်းအောင်
အလက(၂)ဒဂုံ ကျောင်းအကျိုးတော်ဆောင်

‖သင့်သွေးဖြင့် အသက်ကယ်ပါ‖

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်စိန်စိန် အသက်(၈၇)နှစ်
(မော်လမြိုင်)

၄-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားခဲ့သော ဒေါ်ခင်သန်းနွဲ့ အသက်(၈၇)နှစ် မကျန်းမာစဉ်က စေတနာအပြည့်အဝဖြင့် ပြုစုကုသပေးခဲ့သော တာဝန်ခံ ဆရာကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ နာရေးကိစ္စဆောင်ရွက်ချိန်တွင် ပြီးပြည့်စုံအောင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ CB Bank Ltd.ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ MD နှင့်အရာထမ်း၊ ဝန်ထမ်းများ၊ ဧရာဝတီဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ MDနှင့် အရာထမ်း၊ ဝန်ထမ်းများ၊ MAX Myanmar Manufacturing မှ ဒါရိုက်တာနှင့်အရာထမ်း၊ ဝန်ထမ်းများ၊ First National Insurance မှ အရာထမ်း၊ ဝန်ထမ်းများ၊ အထက(၂)လသာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ သူငယ်ချင်းများ၊ သက်န်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လွမ်းသူ့ပန်းခြင်းများ ပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးစျာပနခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် ရပ်ဝေးရပ်နီးမှ လာရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူမှုကူညီရေးအသင်း (သယ်န်းကျွန်း)အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီလုပ်ကိုင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

(၄)နှစ်ပြည့်အလွမ်း
ဟာဂျီမဒေါ်စဖူရာဘီဘီ(ခ)ဒေါ်စန်းရီ(ခ)SALLY JALLE
Ex:BUSINESS REP OF PAMKAYU (M)SDN.BHDS
ENCON INTERNATIONAL(P)LTD.INDIA
Branch Convent ကျောင်းသူဟောင်း(ဘတ်စကတ်ဘော လက်ရွေးစင်)
(၁၃-၅-၂၀၁၀)-(၁၃-၅-၂၀၁၄)

လူ့ဘဝမှာ အမေနဲ့သားသမီးဆိုတဲ့ သံယောဇဉ်ဟာ ဘာနဲ့မှနှိုင်းယှဉ်လို့မရတဲ့ ခိုင်မြဲတဲ့အရာပါ။ ဒီသံယောဇဉ်ထဲမှာ အမေဆိုတဲ့ သံယောဇဉ်ကို သားသမီးတွေ ဘယ်လိုမေ့လို့ရမှာလဲ။ လှပချောမောပြီး စိတ်ထားဖြူစင်တဲ့အမေရဲ့ သားသမီးတွေဖြစ်ရတာ ဂုဏ်ယူပါတယ်အမေ။ (၄)နှစ်ဆိုတဲ့အချိန်ဟာ ဘယ်လိုကုန်ဆုံးသွားသလဲဆိုတာ မသိတော့ပါဘူး၊ ကြေကွဲတဲ့နှလုံးသားနဲ့ တမ်းတငိုကြွေးခဲ့ရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူးအမေ၊ ဘယ်လိုမေ့ရမလဲအမေရယ်၊ ပန်းတစ်ပွင့်လိုယုယကြင်နာစွာနဲ့ ချစ်ပြီး အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေတဲ့အမေတစ်ယောက် အကွေစောတာ နှမြောမိတယ်၊(၄)နှစ်ဆိုတဲ့ကာလမှာ တစ်စက္ကန့်မှ မေ့မရတာအမှန်ပါ။ အမေ့အတွက်ရည်စူးပြီး အနယ်နယ်အရပ်ရပ်တွင် လှူဒါန်းခဲ့တဲ့အလှူများ၊ အမေ့မွေးနေ့တွင် လှူဒါန်းခဲ့သော အလှူများ၊ နေ့စဉ်၊အပတ်စဉ်၊ လစဉ်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော အကျိုးစဝါတ်များ၊ ယနေ့ပြုလုပ်သော အလှူဒါန အကျိုးစဝါတ်များအားလုံး ဂျန္နတ်ဘုံဘဝမှာ အမေခံစားနိုင်ပါစေ။

သံယောဇဉ်အမျှင်တန်းနဲ့ ချစ်မဝတဲ့ မြတ်မိခင်အတွက်
တစ်သက်လုံးဆွေးနေမယ့် ချစ်သား၊ ချစ်သမီးများ
အမှတ်(၆၈)၊ ၁၂၅-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းထွန်းဝင်း
အသက်(၄၇)နှစ်

Max Myanmar Construction Co.,Ltd မန္တလာသီရိ အဆင့်မြင့်ဘောလုံးကွင်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးထွန်းထွန်းဝင်း အသက်(၄၇)နှစ်သည် ၁၀-၅-၂၀၁၄ ရက်(စနေနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

Max Myanmar Construction Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းထွန်းဝင်း
အသက်(၄၇)နှစ်

Max Myanmar Construction Co.,Ltd မန္တလာသီရိ အဆင့်မြင့်ဘောလုံးကွင်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးထွန်းထွန်းဝင်း အသက်(၄၇)နှစ်သည် ၁၀-၅-၂၀၁၄ ရက်(စနေနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဇနီး
Max Myanmar Group of Companies.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြည်(မြိတ်) (၉၁)နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အနောက်အောင်မြေသာစည်အိမ်ရာနေ ဦးလှမြင့်(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာဒေါ်သီတာရွှေ(နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)တို့၏ မိခင် ဒေါ်မြကြည် အသက်(၉၁)နှစ်သည် ၇-၅-၂၀၁၄ ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဦးသိန်းဟန်ဦး-ဒေါက်တာဒေါ်ခင်ကြေးမုံ မိသားစု
ရွှေအုန်းသီးဆေးတိုက်၊ မော်လမြိုင်မြို့

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဇော်လှိုင်မြင့်၏ မိခင် ဒေါ်စိန်စိန်မြင့် အသက်(၆၅)နှစ်သည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၆)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဝါဝါဝင်း(အလက-၂၊ဒဂုံ)
အသက်(၅၄)နှစ်

အလက(၂)ဒဂုံတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်ဝါဝါဝင်းသည် ၈-၅-၂၀၁၄(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် အစားထိုး၍မရနိုင်သော ဆုံးရှုံးခြင်းများအတွက် မိသားစုနှင့်ထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲပြီး သံဝေဂဖြစ်ကြရပါသည်။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ဆရာမများ
အလက(၂)ဒဂုံပညာရေးမိသားစု

ဦးသိမ်းဆွေ (၈၄)နှစ်
(ကော့သောင်းမြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဟောင်း)
(မြိတ်)

မြိတ်မြို့ တလိုင်းစုရပ်နေ (ဦးရွှေဘာ-ဒေါ်သင်းညွာ)တို့၏ သား၊ (ဦးပိန်-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ်(၆၂)၊ ပထမထပ်နေ ဒေါ်အေးရီ၏ ခင်ပွန်း၊ ဦးဝင်းဆွေ-ဒေါ်ဝင်းမြ၊ ဒေါ်ငွေငွေဆွေ၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်မြင့်မြင့်ဆွေ(အထကခွဲ၊ အလက-၃၊ မြိတ်)၊ ဒေါ်သန်းသန်းဆွေ(အထက-၃၊ မြိတ်)၊ (ဦးသင်းဆွေ)-ဒေါ်ခင်မြင့်မော်၊ ဒေါ်သီသီဆွေ၊ ဦးမင်းဆွေ-ဒေါ်ထွေးထွေး၊ ဦးမြတ်ဆွေ၊ ဦးလတ်ဆွေ (LIZ STAR SHIPPING)-ဒေါ်ဝေလတ်ဖြိုး၊ ဦးတင့်ဆွေ (DRAGON JEWEL SHIPPING)၊ ဦးညီညီဆွေ (DRAGON JEWEL SHIPPING)၊ ဦးအောင်မျိုးဆွေ(MARINER SHIPPING)၊ ဦးမောင်မောင်အောင်(ဒု-စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး)-ဒေါ်မို့မို့ဆွေ (လ/ထ မန်နေဂျာ၊ ရတနာပုံဈေး၊ ရိုးမဘဏ်)တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၄ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဆရာမဒေါ်ခင်စောမူ
အသက်(၅၂)နှစ်
(အလက-၃၊ တာမွေ)

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊နတ်စင်လမ်း၊ အမှတ်(၂၂)နေ ဦးဘတင့်-ဒေါ်ခင်စောတို့၏ တစ်ဦးတည်းသောသမီး၊ ဦးစောတင်ဦး၊ ဦးစောတင်စိန်၊ ဦးမောင်မောင်နိုင်-ဒေါ်ထားထားဝေတို့၏ ညီမ၊ ဦးစောတင်အောင်၊ ဦးစောတင်အေး၊ ဦးစောတင်လှ-ဒေါ်တင်တင်မျိုး၊ ဦးစောတင်နွယ်တို့၏ အစ်မ၊ တူ/တူမ သုံးယောက်တို့၏ အဒေါ် ဒေါ်ခင်စောမူသည် ၁၂-၅-၂၀၁၄ ရက် နံနက် ၁၁း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဦးမြင့်ကြည်(၇၇)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၆၄)၊ အဝေရာအိမ်ရာ၊ အခန်း(စီ၂) ပထမထပ်နေ သထုံမြို့နယ်အသင်းဝင်(ရန်ကုန်) ဒေါ်ခင်ပြုံး၏ခင်ပွန်း၊ ဦးမြင့်ကြည်သည် ၁၀-၅-၂၀၁၄ (စနေနေ့) နံနက်၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အေးမြင့်
အသက်(၇၁)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၈၁)၊ရတနာထိပ်ခေါင်(၂)လမ်း၊ (၅၆)ရပ်ကွက်နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးတင်နု၏ဇနီး၊ ဒေါ်အေးမြင့် (အ/၁၇)သည် ၁၁-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဦးတင်မောင်ကျော်(ခ)
မောင်မောင်လေး(ကင်းမော်)
အသက်(၅၆)နှစ်

သံတွဲမြို့နယ်၊ ကင်းမော်ရွာ၊ လမ်းမတော်နေ (ဦးကျော်မြ)-ဒေါ်တင်ရွှေတို့၏ သား၊ ဦးမောင်မောင်ညွန့်-ဒေါ်နီနီခိုင်တို့၏ ညီ/မောင်၊ ဒေါ်သီသီခိုင်၏ အစ်ကို၊ ဦးနေလင်းထွဋ်-ဒေါ်ခင်မျိုးချစ်တို့၏ ဦးလေး၊ မမြတ်မျိုးခင်၏ အဘိုး ဦးတင်မောင်ကျော် (မြို့နယ်စာရင်းစစ်အရာရှိ၊ ဘူးသီးတောင်မြို့နယ် စာရင်းရုံး)သည် ၁၀-၅-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ဘူးသီးတောင်မြို့သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင့်လွင်
B.Agr,Sc(1998)
အသက်(၄၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သမန္တဖိုတောင်ရွာနေ(ဦးအောင်ဖေ)-ဒေါ်ငွေသိန်း၊ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးကျော်ဦး-ဒေါ်မြင့်မြင့်ဆွေ(စံ-မိတ္တူ)တို့၏သားသမက်၊ ဒေါ်ဖြူနှင်းစံ၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၄(ကြာသပတေးနေ့)မွန်းတည့်၁၂နာရီတွင် သနပ်ပင်မြို့သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်နှင်း
အသက်(၈၁)နှစ်
(ရွှေဒင်္ဂါး-၇၇၇ ပလတ်စတစ်ကြိုးလုပ်ငန်း)

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ A(၇)ရပ်ကွက်၊ လမ်း(၆၀)၊ အမှတ်(ဆ/၁၉)နေ (ဦးကျောက်စွမ်း-ဒေါ်ခင်ခိုင်)တို့၏သမီး၊ (ဦးပု-ဒေါ်စော) တို့၏ သမီးချွေးမ၊ (ဦးစန်းအောင်)၏ဇနီး၊ ဒေါ်ခင်စန်းအေး-ဦးအောင်မင်းဦး၊ ဦးတင်မောင်လွင်-ဒေါ်မြင့်မြင့်ဦး၊ ဦးခင်မောင်လွင်-(ဒေါ်ရီဇင်းဒါ)၊ ဦးဝင်းလွင်-ဒေါ်အေးအေးမော်၊ ဦးဝင်းကြည်-ဒေါ်ဖြိုးဖြိုးငယ်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၄ယောက်တို့၏ အဘွား ဒေါ်ခင်နှင်းသည် ၁၁-၅-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [၁၇-၅-၂၀၁၄ (စနေနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ဆဲဖော(ခ)နော်လှလှ
အသက်(၅၈)နှစ်
B.Sc (Zoo)
(အမက-၂၇၊မြောက်ဥက္ကလာပ-ငြိမ်း)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ၂/ရပ်ကွက်၊ သုမာလာ(၁၃)လမ်း၊ အမှတ်(၆၄၁)နေ ဦးစောညိုထွန်း-ဒေါ်ကြည်အေးတို့၏ ချစ်လှစွာသော သမီးကြီး၊ ဦးမြင့်ကြူ(ခ)ဦးညွှင်းကြူ၏ ဇနီး၊ နော်အေးသီတာဦး၊ စောချစ်အောင်စိုးတို့၏ ချစ်လှစွာသောမိခင်၊ ဦးထွန်းနွယ် (လ/ထ အထွေထွေမန်နေဂျာ၊ မြစ်ငယ်တွဲပြင်စက်ရုံ)-ဒေါ်နော်စေးဖောတို့၏ ချစ်လှစွာသောအစ်မကြီး၊ စောနိုးနိုးထွန်းလင်း(ရေကြောင်းသိပ္ပံကောလိပ်၊ ၃၅)၊ နော်ဆွေဆွေထွန်းလင်း(B.A ကိုရီးယား YUFL)၊ နော်ယုယုထွန်းလင်း(2nd B.Tech Arche သန်လျင်)တို့၏ ချစ်လှစွာသောဒေါ်ဒေါ်သည်၁၁-၅-၂၀၁၄ ရက် ည ၉း၂၀ နာရီတွင် OSC မ/ဥက္ကလာပ ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၅-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူချစ်ညီမမိသားစု

ဦးမျိုးမင်းဦး
M.P.P.E ယာဉ်မောင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ နံ့သာခနိုတောဝင်း၊ အမှတ်(၉/အေ)နေ ဦးကြည်ထွေး-ဒေါ်စန်းတို့၏သားကြီး၊ ဦးစိုးသန်း-ဒေါ်စုမာခိုင်၊ ဦးကျော်မင်းနိုင်-ဒေါ်စန်းစန်းကြည် တို့၏ အစ်ကိုသည် ၁၁-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဝင်းလတ်(ခ)ကွေးကွေး
အသက်(၄၃)နှစ်
ETEC (Machenical)(1993-1994) CDC-36354 MONSOON SHIPPING

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၂၆၉)နေ ဦးဘိုဘိုမြင့်-ဒေါ်ခင်ဆွေဝင်းတို့၏သား၊ ဦးမျိုးမြင့်-ဒေါ်သန်းသန်း တို့၏ သားသမက်၊ ဦးဖြိုးလတ်-ဒေါ်အေးအေးခိုင်တို့၏ ညီ၊ ဦးသုဝေ-ဒေါ်ဖြူဖြူတင်ထွန်း၊ ဦးစောဝင်းထူး-ဒေါ်ခင်စုဝေတို့၏အစ်ကို၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်မော်၊ ဦးစံငွေ-ဒေါ်မြင့်မြင့်အုံး၊ ဦးမြင့်သူ-ဒေါ်ဝါဝါအောင်၊ ဦးသောင်းအေး-ဒေါ်နီလာဝင်း တို့၏ ညီ၊ မောင်အောင်ပြည့်၊ မအိသက်ဖူး၊ မအေးသဒ္ဒါပြည့်၊ မစုပြည့်သဒ္ဒါ တို့၏ ဖခင်၊ ဒေါ်တိုးတိုးလွင်၏ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအေး (၇၈)နှစ်

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၊ ၉/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(ခ/၃၂)နေ (ဦးကြွယ်-ဒေါ်မှန်း)တို့၏ သား၊ (ဦးပု-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ညို၏ ခင်ပွန်း၊ (ဦးတိုး)-ဒေါ်သန်းကျင်တို့၏ မောင်၊ ဦးမြလွင်-ဒေါ်သိန်းနုတို့၏ အစ်ကို၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးကြည်စိုး၊ ဦးအောင်စိုး-ဒေါ်မြတ်မြတ်မော်၊ ဦးသောင်းဒန်-ဒေါ်မာမာချို၊ ဦးမောင်မောင်ညွန့်-ဒေါ်ကြည်ကြည်မွန်၊ ဦးထိန်လင်းအောင်-ဒေါ်နှင်းအိဖြိုး၊ ဦးသန့်ဇော်-ဒေါ်သန္တာအေး၊ ဦးစိုးသီဟတို့၏ ဖခင်၊ မြေးခုနစ်ယောက်အဘိုးသည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးမောင်မောင်အေး (၆၆)နှစ်
B.A (Law) LL.B
ဦးစီးအရာရှိ၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး(အငြိမ်းစား)
တောင်တွင်းကြီး

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၂၁၁)၊ အခန်း(၂၃)နေ (ဦးဘရှင်း-ဒေါ်ပုလေး)တို့၏သားငယ်၊ (ဦးသန်းညွှန့်-ဒေါ်သန်းနု)တို့၏သားသမက်၊ ဒေါ်ခင်စန်းနု၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စုမြတ်လှိုင် (Dept. of Medical Research, UCLA, U.S.A)၊ ဦးညီညီမြင့် (Electronic Engieer, Tralec GmbH Co., Germany)-ဒေါ်နုငယ်ယဉ်(ခေတ္တ-Germany)တို့၏ ချစ်လှစွာသောဖခင်၊ (ဦးကြည်လှိုင်-ဒေါ်ခင်ငွေးဝင်း)၊ (ဦးသန်းထွန်း-ဒေါ်ခင်ငွေးမြင့်)၊ (ဦးမိုးမြင့်ဦး)-ဒေါ်ခင်ထားရီ၊ (ဦးမောင်မောင်လေး)၊ (ဦးမောင်မောင်ငွေး)တို့၏မောင်/ညီ၊ ဒေါ်လှလှငွေး၊ ဦးသန်းထွန်းဦး၊ ဒေါ်ခိုင်သက်ထား၊ ဗိုလ်မှူးသန်းထွန်းအောင် (ငြိမ်း)-ဒေါ်တင့်တင့်အောင်၊ ဦးလှထွန်း-ဒေါ်လှိုင်သက်ထား၊ ဗိုလ်မှူးဘိုဘို(ငြိမ်း)-ဒေါ်ချယ်ရီဦး၊ Capt; သန်းထွန်းဝင်း (ZOBIAG Maritime Agenties Ltd.)၊ ဦးမိုးမြင့်ဦးထက်-ဒေါ်အေးမိစံ၊ ဒေါ်နန္ဒသန္တာထွန်းတို့၏ဦးလေး၊ မအိမ့်မြတ်သိင်္ဂီဘို၊ မဟန်သီထက်၊ မယမင်းသက်ထားထွန်း၊ မဖူးပွင့်အေးမြထွန်း၊ မထက်မြင့်မြတ်စံတို့၏ အဘိုးလေးသည် ၉-၅-၂၀၁၄ရက် ည ၁၁း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ငြိမ်းအေး(စစ်တွေ) (၅၆)နှစ်
(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)

စစ်တွေမြို့နေ (ဦးထွန်းဇ-ဒေါ်ဖွားနုယဉ်)တို့၏ သမီးကြီး၊ ပုသိမ်မြို့နေ ဦးဟန်တင်-ဒေါ်နုနုကြည်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၄၆)၊ ခြောက်လွှာနေ ဦးတင်ထွဋ် (ဦးစီးအရာရှိ-ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)၏ ဇနီး၊ မအိစန္ဒာငြိမ်း(MRTV)၊ မောင်သော်ဇင်ထွဋ် (B.Tech 2nd)တို့၏ မိခင်၊ ဦးအေးဇော်၊ ဦးအေးမော်-ဒေါ်ဦးလှစိန်၊ ဦးအေးနိုင်-ဒေါ်အေးခင်ဦးတို့၏ ညီမ၊ ဦးအေးခန့်၊ ဒေါ်ခင်စိုးနုတို့၏ အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်သည် ၁၀-၅-၂၀၁၄(စနေနေ့) နံနက် ၅း၃၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းသန်း(မုံရွာ)(၉၆)နှစ်

မုံရွာမြို့ ဆူးလေးကုန်းရပ်၊ ကျောက်ကာလမ်းနေ (မြစန်းငွေအထည်တိုက်နှင့် ရွှေဇင်ယော်၏ ဓာတ်ပုံ၊ ဗီဒီယိုလုပ်ငန်း) ဒေါ်သန်းသန်းသည် ၅-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၄ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ရင်ရင် (၈၉)နှစ်
(မအူပင်)

မအူပင်မြို့နေ (ဦးဘသိန်း-ဒေါ်သိန်းတင်)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၂၅၇)၊ မြေညီထပ်နေ (ဦးအုန်းမောင်)၏ ဇနီး၊ [ဦးထွန်းလွင် (လွင်စက်မှုလက်မှု) - ဒေါ်စိုးစိုးမာ(သ/မ စာရင်းစစ်မှူး-ငြိမ်း)]၊ ဦးတင်မောင်ဝင်း(ဒု-မြို့နယ်မှူး၊ငြိမ်း)-ဒေါ်တင်အေး၊ [ဦးဝင်းမောင် (အင်ဂျင်နီယာမှူး-EPC)]-ဒေါ်စိန်စိန်မာ (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးသန်းနိုင် (တာဝန်ခံဆရာဝန်ကြီး-ဇီဝိတဒါန သံဃာ့ဆေးရုံ)-ဒေါ်ခင်မြစီ(ဒု-ညွှန်ကြားရေးမှူး၊ စက်မှုသီးနှံ)၊ ဦးမြင့်မြတ်-ဒေါ်နီနီမာ (ကြယ်စင်-နည်းပြသင်တန်း)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဦးအောင်သီဟထွန်း (SWEET BAGS)-ဒေါ်ချိုမာလွင်(MEMORY)၊ ဦးစိုးဝဏ္ဏထွန်း (SAE .YESB) - ဒေါ်အေးမို့မို့လွင် (SAE-YESB)၊ ဒေါ်စုမာမာထွန်း(ထ-ပြ၊ အထက-၄၊ တာမွေ)၊ ဒေါ်တင်ဝင်းဝင်းမာ [လ/ပြ၊ အထက(ခွဲ)၊ပေချောင်၊ ကျိုက်လတ်]၊ ဗိုလ်ကြီးအောင်သူရဝင်း (DSMA)၊ ဗိုလ်ကြီးအောင်ခိုင်စိုး (DSMA)၊ ဒေါက်တာဝေဖြိုးကျော် (ICNS-စစ်တွေ)၊ ဒေါက်တာနိုင်မြတ်သူ၊ မောင်နိုင်ဇွန်ကို [တတိယနှစ်၊နည်းပညာတက္ကသိုလ် (သန်လျင်)]တို့၏ အဘွား၊ မောင်ပြည့်မျိုးဝဏ္ဏ၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ရင်ရင်သည် ၁၂-၅-၂၀၀၄ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအေးမောင် (၈၂)နှစ်
တရားရုံးချုပ်(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊အမှတ်(၅၃၉)(က)၊ အင်းဝလမ်းနေ (ဒေါ်ခင် မြင့်)၏ခင်ပွန်း၊ (ဦးအေးကို)-ဒေါ်စန်းစန်းနွယ်၊ ဦးတင်မောင်ဦး-ဒေါ်အေးအေးမာ၊ ဦးတင်မောင်ချို-ဒေါ်သန်းသန်းဆင့်၊(ဦးညီညီလွင်)-ဒေါ်မိုးသန္တာ၊ ဒေါ်ဆွေဆွေမာ၊ ဦးသောင်းထွဋ်-ဒေါ်အေးအေးခိုင်၊ ဦးသက်နိုင်ထွေး-ဒေါ်ယဉ်ယဉ်ထွန်းတို့၏ ဖခင်၊ မြေး၁၀ယောက်၊မြစ်လေးယောက်တို့၏အဘိုး ဦးအေးမောင်သည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ဝင်း(ခ)
ဒေါ်နွယ်နွယ်အေး(တောင်ကြီး)
အသက်(၇၅)နှစ်
(မဟာခရီးသွားလုပ်ငန်း)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ (၆၁)A၊ ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်နေ ဦးထွဏ်းအောင်ကျော်၏ ချစ်လှစွာသော ဇနီး၊ ဒေါက်တာသိန်းငွေး-ဒေါ်စိုးစိုးအေး၊ ဦးဇော်ဝင်း-ဒေါ်နန်းစံခမ်း(USA)၊ ဦးကျော်ဝင်း -ဒေါ်ငွေငွေ၊ ဒေါက်တာမင်းညို-ဒေါ်နန္ဒာစီ ဦးတင်မောင်အေး (USA)၊ ဦးစိုးတင့်အေး- ဒေါ်သက်မာ၊ ဦးသန်းထွန်းအေး-ဒေါ်နန်းပင်းတို့၏ အစ်မကြီး၊ မြင်းခြံမြို့နေ(ဦးတင်အုန်း)-ဒေါ်ရင်ရင်မြ၊ (ဦးကျော်သိန်း)-ဒေါ်သင်သင်လှတို့၏ ညီမ၊ ဦးဝင်းဆွေ-ဒေါ်အေးအေးမော်၊ ဦးစိုးတင်ဝင်း-ဒေါ်သင်သင်ပြုံး၊ (ဦးအောင်ကျော်ညွန့်)-ဒေါ်လှခင်တို့၏ အစ်မကြီးသည် ၁၂-၅-၂၀၁၄ရက် နံနက် ၁း၁၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သာသနဓဇ ဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ
ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တကဝိန္ဒ
သိက္ခာတော်(၄၀)၊ သက်တော်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကံ့ကော်ကျွန်းကျေးရွာ၊ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ကဝိန္ဒသည် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်) ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်) ၁၅-၅-၂၀၁၄ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
ကံ့ကော်ကျွန်းကျေးရွာ
လှည်းကူးမြို့နယ်

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်သန်းသန်းရီ (၅၂)နှစ်
(အလက-၂၊ ဗဟန်း၊ အလပြ)

ရန်ကုန်မြို့၊ အမှတ်(၅)၊ မဟူရာလမ်း၊ ဗဟန်းမြို့နယ်နေ (ဟာဂျီဦးစိန်ဟန်မောင်)-ဟာဂျီမဒေါ်သာရင်တို့၏ သမီးကြီး၊ ဦးသန်းမြင့်-ဒေါ်အေးအေးသန်းတို့၏ ညီမ၊ ဦးငွေးမြင့်-ဒေါ်အေးအေးယု၊ ဟာဂျီဦးသောင်းရွှေ-ဒေါ်ရီရီမြင့် (အလပြ၊ အမက-၃၃၊ တာမွေ)၊ ဒေါ်ခင်နှင်းရီ၊ ဦးမြင့်လွင်-ဒေါ်အေးအေးမော်တို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၁၀-၅-၂၀၁၄ ရက် ည ၇း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၅-၂၀၁၄ ရက် ညနေ ၄နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ရှုဖီယားဘီ(ခ)မစန်းစန်းရွှေ(အင်းစိန်)
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၂၉၂)နေ (ဦးတင်မောင်-ဒေါ်စိန်ပု)၊ [ဦးမွတ်(စ်)ဖွာ]-ဒေါ်ဟလီမာဘီတို့၏ မြေး၊ အင်းစိန်ကျိုလီယာဗလီ နာယကကြီး ဟာဂျီဦးတင်ရွှေ-ဒေါ်စန်းနု(ရွှေဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)(ကန်ထရိုက်တာ)တို့၏ သမီး၊ ကိုမောင်မြ-မစန်းစန်းတင်၊ ကိုလှထွန်းရွှေ-မခင်နှင်းပွင့်ဖြူ၊ ကိုစိုးထွန်းရွှေ-မသစ္စာ၊ ကိုမောင်မောင်-မတင်တင်ရွှေတို့၏ ညီမ၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ် ရှုဖီယားဘီ(ခ) မစန်းစန်းရွှေသည် ၁၂-၅-၂၀၁၄ ရက် နံနက် ၆း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် အင်းစိန်ကျိုလီယာဗလီ၌ ဂျနာဇာနမာဇ်ဖတ်ပြီး ရေဝေးစွန္နီကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ဝင်း(ခ)
ဒေါ်နွယ်နွယ်အေး(တောင်ကြီး)
အသက်(၇၅)နှစ်
(မဟာခရီးသွားလုပ်ငန်း)

ရန်ကုန်မြို့၊အမှတ်(၆၁)A၊ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (သခင်အေးမောင်-ဒေါ်မြရင်)တို့၏သမီးကြီး၊ မြင်းခြံမြို့နေ(ဦးစံရင်-ဒေါ်ညိုပိုင်း)တို့၏သမီးချွေးမ၊ ဦးထွဏ်းအောင်ကျော်(မဟာခရီးသွားလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ Mr.Imaimasahiro-ဒေါ်ဥမ္မာကျော်၊ ဦးခိုင်မင်းအောင်-ဒေါ်မြတ်မင်းမင်းညို၊ (ဦးမင်းယဉ်ထွန်း) - ဒေါ်ချိုချိုသန့်၊ ဒေါ်သဲသဲကျော်(MISY)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ Imaikasuki,Imaimiyuya,မောင်ဝေဖြိုးအောင် (ဒုတိယနှစ် - အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၊မောင်နေလင်းအောင်(MLA International School)၊ မောင်ထက်မြတ်အောင်တို့၏ အဘွားသည် ၁၂-၅-၂၀၁၄ရက် နံနက် ၁း၁၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ်(၆၁)A၊ ရွှေတောင်ကြားနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စိန်စိန်မြင့် (၆၅)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၃၀/၅၄)နေ (ဦးဘိုးချစ်-ဒေါ်စိန်ငွေ)တို့၏ သမီး၊ [ဦးညဏ်မြင့်(ဒု-ညွှန်မှူး၊ မြန်မာ့ကျောက်မျက်လုပ်ငန်း)]၏ ဇနီး၊ ဗိုလ်မှူးဇော်လှိုင်မြင့်(ငြိမ်း)-ဒေါ်သိင်္ဂီဝင်း၊ ဦးရဲမြင့်လှိုင်တို့၏ မိခင်၊ မောင်ထိုက်ဦးဝေလှိုင်၊ မောင်ရဲဘုန်းမြတ်တို့၏ အဘွား ဒေါ်စိန်စိန်မြင့်သည် ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဘိုးအေး(အမ်းမြို့)
အသက်(၈၈)နှစ်
အငြိမ်းစားတရားသူကြီး

ရခိုင်ပြည်နယ်၊ အမ်းမြို့နေ (ဦးဘိုးတန်-ဒေါ်အေးတင်)တို့၏သား၊ (ဒေါ်လှရင်)၏ခင်ပွန်း၊ ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ စံပြဆေးရုံဝင်း၊ ကျွမ်းကျင်ဆောင်အခန်း(၁၄)နေ ဦးတင်ယု(ဓာတ်မှန်)-ဒေါ်တင်တင်ထွေး (ဓာတ်ခွဲ)၊ ဒေါ်တင်တင်အေး (ဓာတ်မှန်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဂျူလိုင်မိုးမိုး၊ မောင်စိုးထွဋ်အောင်၊ မငယ်ငယ်၊ မစန္ဒီတင်ယုတို့၏ အဘိုး ဦးဘိုးအေးသည် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၄ (အင်္ဂါနေ့) တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒုရဲအုပ်ဆန်းမြင့်နိုင်
အသက်(၄၂)နှစ်
လ-၁၈၆၂၆၉
(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်(CBC) ၊ ရန်ကုန်အသင်းသား)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေဝါမြိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၀)နေ ဦးအန်ဆန်း-ဒေါ်စန်းမြင့်တို့၏ သားကြီး၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ Hri Phi(A) ရွာနေ U Phun Kam-Daw Vau Hliang တို့၏ သားသမက်၊ ဒေါ်ပါရ်ငဲင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်လင်းဂွါန်ဆန်းထန်၏ ချစ်လှစွာသောဖခင်၊ မအေးအေးခိုင်-ဦးမြတ်လင်း(USA)၊ ဒေါ်ဝေဝေခိုင်-ဦးထွေးမင်းဗိုလ်၊ ဒေါ်ခင်မာဆန်း-ဦးအောင်ကိုဦး၊ ဦးအောင်ဆန်းထွန်း-ဒေါ်ဇာလီဝင့်လွင်(USA)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မောင်ခန့်ဝီလျံဦး၊ မရွှေသုန္ဒရီဗိုလ်၊ မောင်သန့်သုတဗိုလ်၊ Ma Awi Hnaih(USA), Ma Sung Man(USA) တို့၏ ချစ်လှစွာသော ဦးလေး ဒုရဲအုပ်ဆန်းမြင့်နိုင်သည် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉း၁၀ နာရီတွင် ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ ပြည်သူ့ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၅-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်(CBC)၊ ရန်ကုန်၊ အမှတ်(၁၂၅)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်ပါမည်။[ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်(CBC)၊ ရန်ကုန်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

(၁၁)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များဖိုရမ် အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မေ ၁၂

၂၀၁၇ ခုနှစ်တွင် အာဆီယံဒေသအတွင်း ကြွယ်ဝချမ်းသာမှု၊ ငြိမ်းချမ်းမှုနှင့် စိန်ခေါ်မှုများကို ခံနိုင်ရည်ရှိသော အသိုက်အဝန်းတည်ဆောက်ခြင်းဆီသို့ ဦးတည်ချီတက်ကြပါစို့ ဆိုသည့်ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းအတွက် လိုအပ်သည့် အနာဂတ်ရည်မှန်းချက်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် (၁၁)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ အမှတ်(၂)၌ ကျင်းပသည်။ **(ယာပုံ)**

အစီအစဉ်အရ အာဆီယံခေါင်းဆောင်များဖိုရမ်ဖြစ်မြောက်ရေးအတွက် အဓိကပါဝင်သည့် Group Berhad မှ Group Chief Corporate Officer ဖြစ်သူ Mr. Mohamad Idham Nawawi က ဖိုရမ်ဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် အာဆီယံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ASEAN Economic Community Creating Regional Prosperity, Resilience and Opportunities ခေါင်းစဉ်ဖြင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ မလေးရှားနိုင်ငံ နိုင်ငံတကာ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Dato' Sri Mustapa Mohamed၊ ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနမှ အတွင်းရေးမှူး H.E. Gregory So၊ အာဆီယံ-ကိုရီးယားစင်တာမှ အထွေထွေအတွင်းရေးမှူး Amb. Chung Hae Moon အပါအဝင် ဦးဆောင်ဆွေးနွေးသူ ကိုးဦးတို့က **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ငြိမ်းချမ်းရေးရရှိရန်အတွက် စဉ်ဆက်မပြတ်ဆွေးနွေးလျက်ရှိ နိုင်ငံရေးဆွေးနွေးပွဲအထိရောက်အောင် ဆောင်ရွက်သွားမည်

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်ပြည်နယ်ရှိ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးစဉ်။
(သတင်းစဉ်)

မြစ်ကြီးနား မေ ၁၂

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်ပြည်နယ်ရှိ မြို့မိမြို့ဖများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများသည် ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံခဲ့ကြသည်။

ဆွေးနွေးပွဲများတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေး ရရှိရန်အတွက် စဉ်ဆက်မပြတ်ဆွေးနွေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ သကြ်န်ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ယခုကဲ့သို့လာရောက်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေးဆွေးနွေးပွဲအထိ ဆောင်ရွက်ရန်နှင့် နိုင်ငံရေး **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❒

ကျားဖြူအမငယ်နှစ်ကောင်ပေါက်ဖွား

နေပြည်တော် မေ ၁၂

